ဓမ္မဝီရသည် ဗုဒ္ဓ၏ ထေရဝါဒဓမ္မ တရားစစ် တရားမှန် ထွန်းကားရန်ဖြစ်သည်

ဓမ္မဝီရဂျာနယ်

DhammaVira Journal

ဓမ္မဝီရ
ရသအမှန်၊ တရားမှန်သော
အားခွန်ပြည့်ဝ နှလုံးလှ၍
ဘဝအနေ၊ အလှဝေလျက်
အနေလည်းတတ်
အသေမြတ်အောင်
မျှတ်ဆောက်ပံ့၊ ကူညီအံ့။
ဓမ်နောင်

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ( ၄ )ရက် | အတွဲ ( ၁၅ ) အမှတ် ( ၈ ) | ၂၀၀၉ ခုနှစ်၊ မေလ ( ၁၂ ) ရက်

# ကိုယ်၊ နှုတ်၊ စိတ် ညီအောင်ကြိုးစားပါ

ဦးရွှေအောင်



## ဘဝအမြင်သစ်

မုသာဝါဒါ ဝေရမဏီ-မုသားပြောခြင်းမှ ရှောင်ကြဉ်ပါ၏ဟူ၍ဆိုရာ၌ မုသားဆိုသည်မှာ **လိမ်၍ပြောခြင်းနှင့် ပြောသည့်အတိုင်းမလုပ်ခြင်းပင် ဖြစ်၏။** အမှန်အားဖြင့် လိမ်၍ပြောခြင်းနှင့် ပြောသည့်အတိုင်း မလုပ်ခြင်းသည် သူတစ်ဖက်သားကို အထင်မှားအောင် လှည့်စားခြင်းပင်ဖြစ်၏။ ထို့ကြောင့် လူတစ်ယောက်ကို ဖြစ်စေ၊ လူအများကိုဖြစ်စေ အထင်မမှားရလေအောင် ကွေ့ဝါခြင်းမပြုဘဲ မှန်မှန်ကန်ကန်ပြောဆိုခြင်းနှင့် ပြောသည့်အတိုင်းလုပ်ခြင်းသည် မုသာဝါဒါဝေရမဏီအရ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်သည်မည်၏။

ကုသိုလ်အရာတွင် သစ္စဝါစာသည် အင်အားကောင်း၍ အကုသိုလ်အရာတွင် မုသာဝါဒ သည် အင်အားကောင်း၏။ မြတ်စွာဘုရားအလောင်းတော်အနေဖြင့် ငါးပါးသီလတွင် ပါဏာတိပါတ စသော သိက္ခာပုဒ်များကို အကြောင်းအားလျော်စွာ လွန်ကျူးနိုင်သော်လည်း မုသာသိက္ခာပုဒ်ကိုကား သူတစ်ပါး အကျိုးပျက်လောက်အောင် မည်သည့်အခါမျှ လွန်ကျူးခဲ့ခြင်းမရှိဟူ၍ ဆရာတော် အရှင် ဇနကာဘိဝံသ က သူ၏ဗုဒ္ဓဝင်အမေးအဖြေ၌ဆို၏။ **ထို့ကြောင့် မုသာဝါဒသိက္ခာပုဒ်သည် ဘုရားကိုပင် ဖြစ်စေနိုင်လောက်အောင် ကုသိုလ်အရာ၌ အရေးပါ၏။ အကုသိုလ်အရာ၌ အရေးပါကြောင်းကိုမူ အပြန်နည်းဖြင့် သိနိုင်လေ၏။**

မှန်ကန်သောစကား သစ္စဝါစာသည် မုသာဝါဒ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ကြောင့် မှန်ကန်စွာပြောဆိုခြင်းကို သစ္စပါရမီအနေဖြင့် ဟောကြားတော်မူခြင်းဖြစ်၏။ သို့ရာတွင် မှန်ကန်စွာ ပြောဆိုတိုင်းလည်း သစ္စပါရမီဖြစ်သည်မဟုတ်။ ပါရမီဟူသည်မှာ မြင့်မြတ်သူတို့၏လုပ်ငန်းဖြစ်၏။ ထို့ကြောင့် မှန်ကန်စွာပြောဆိုရာ၌ မြင့်မြတ်မှု သဘောပါအောင် ပြောဖို့လို၏။ သို့မှသာ မှန်ကန်စွာ ပြောဆိုခြင်းသည် သစ္စပါရမီမြောက်သော ပြောဆို ခြင်းဖြစ်ပေလိမ့်မည်။ အမှန်အားဖြင့် သူတစ်ပါးထံမှ အကျိုးကို မမျှော်ကိုးသောစိတ်ထားဖြင့် မှန်မှန်ကန်ကန် ပြောဆိုခြင်းသည်သာ မြင့်မြတ်သောသဘော

စာမျက်နှာ ၁၄ သို့

## လူလိမ္မာ

၁။ အပြစ်ကို အပြစ်နှင့်လျော်စွာ နှိပ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့ သဘောထား ဆည်းကပ်ရာ၏။ ထိုသို့ သဘောထားရှိသောပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမယုတ်လေ။

၂။ အမှုရောက်သောအခါ အပြစ်ကိုပြ အပြစ်နှင့်လျော်စွာဆုံးမရာ၏။ အမှုမရောက်မီကလည်း မကောင်းမှုမပြုလေအောင် ကြိုတင်ဆုံးမ မကောင်းသောအပြုအမူတို့မှ တားမြစ်ရာ၏။ ထိုသို့ ဆုံးမတားမြစ်သောသူကို သူတော်ကောင်းတို့ ချစ်မြတ်နိုးကုန်၏။ သူယုတ်မာတို့သာ မချစ်မမြတ်နိုးကုန်။

၃။ ယုတ်မာသော အဆွေခင်ပွန်းတို့ကို မဆည်းကပ်ရာ၊ ကဲ့ရဲ့ထိုက်စွာယုတ်မာသောသူတို့ကိုလည်း မဆည်းကပ်မမှီဝဲရာ၊ အဆွေခင်ပွန်းကောင်းနှင့် သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရာ၏။

၄။ တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်မလှုပ်ကုန်။

အဂ္ဂမဟာပဏ္ဍိတ–ပထမကျော်
အသျှင်သေဋ္ဌိလ၏
ဓမ္မပဒပါဠိတော်(မြန်မာပြန်)မှ

## ဓမ္မဝီရ၏ တိုက်တွန်းချက်

ရာစုသစ်၏ စိန်ခေါ်မှုမျိုးစုံကို
ငြိမ်းချမ်းသောစိတ်
ရဲရင့်တည်ကြည်သော
လောကအမြင်ဖြင့် ဘဝကို
ရင်ဆိုင်လျက် အောင်မြင်စွာ
ဖြတ်သန်းနိုင်ကြဖို့
ဓမ္မဝီရဂျာနယ် ဖတ်ကြစို့

DISPLAY & MAKE-UP BY KHIN MAUNG MOE, TAUNGGYI

အင်္ဂါနေ့တိုင်း ထုတ်ဝေသည်

**ဗုဒ္ဓေါဗောဓေယျ**
သစ္စာတရားကိုငါသိသလို၊
ဝေနေယျတို့သိစေရမည်

**မုတ္တောမောစေယျ**
ဘဝအနှောင်အဖွဲ့မှ ငါလွတ်သလို ဝေနေယျတို့
လွတ်စေရမည်

**တိဏ္ဏောတာရေယျ**
သံသရာဝဲဂယက်မှ ငါကူးမြောက်နိုင်သလို
ဝေနေယျတို့ ကူးမြောက်စေနိုင်ရမည်

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်း၊ ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်း၊ ပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး


# Address

***Hlaing Kyi Phyu Dhamma Vira Publishing House***
***Head Office: Blk (1), Rm(R6), Myanmar Info-Tech,***
***Hlaing Ts, Yangon.***
***Branch Office: No. 50, 2nd Fl. Bank St, Kyauktada Ts, Yangon.***
***Ph: 0980 23992 , 0950 01401***
***e-Mail - dhammavira@gmail.com***



## ဓမ္မဝီရဂျာနယ်

**ဩဝါဒါစရိယဆရာတော်များ**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ
ဒုတိယပါမောက္ခချုပ်ဆရာတော်(စီမံ)
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိက(M.A)
ဒုတိယပါမောက္ခချုပ်ဆရာတော်(ပညာ)
အဘိဓမ္မာပိဋကမဟာဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တထေရိန္ဒ(M.A)
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ(M.A)
သုတ္တန္တပိဋကတ်မဟာဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်
မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမန(M.A)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်

**စာတည်းချုပ်**

မဟာသဒ္ဓမ္မဇောတိကဓဇ တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)

**စာတည်းအဖွဲ့၊** ပြည်စိုး၊ ဓမ္မထက်ကို

**စီမံရေးရာ၊** ဖြိုးမာမာ

**ထုတ် ဝေ သူ**

တင်စိုး(မြဲ -၀၄၂၆၆) လှိုင်ကြည်ဖြူ ဓမ္မဝီရစာပေတိုက်နှင့်
ဒီဂျစ်တယ်စာကြည့်တိုက်

**အပြင်အဆင် ကွန်ပျူတာ**

မိုးကြီး၊ ဖြိုးဖြိုးဇာခြည်၊ မြတ်နိုးပိုင်

**ဖြန့်ချီရေး**

လှိုင်ကြည်ဖြူဓမ္မဝီရစာပေတိုက်
ဖုန်း- ၀၉၈၀ ၂၃၉၉၂၊ ၀၉၅၀ ၀၁၄၀၁၊ ၀၁-၅၀၇၂၀၈
မိုးကောင်းကင်စာပေ၊
အမှတ်(၁၃၄)၊ အခန်း(၆)၊ ၃၆-လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၅၃၂၅၅
ထွန်းဦးစာပေ(မွန္တလေး) ဖုန်း ၀၂-၃၉၈၀၁

**ပုံနှိပ်**

တင်အောင်ဝင်း၊ ဘိုးရာဇာပုံနှိပ်တိုက်
အမှတ်(၁၆၂)၊ (၄၅)လမ်း၊ ဗိုလ်တထောင်မြို့နယ်။

**ဖလင်**

Empire Colour Repro


**ယခုအပတ် ဖတ်စရာ**
**ကဏ္ဍ**


| ကလောင်ရှင်များ | စာမျက်နှာ |
|---|---|
| - လယ်တီဆရာတော်ဘုရား - - - | ၂၀ |
| - အရှင်ဇနကာဘိဝံသ - - - - - - | ၃၃ |
| - ပခုက္ကူဆရာတော် - - - - - - - - | ၁၇ |
| - အယ်ဒီတာအာဘော် - - - - - | ၃ |
| - ဦးသီလာစာရ - - - - - - - - | ၅ |
| - မုံရွာနေဇာ - - - - - - - - | ၄ |
| - ရှင်ဉာဏ(ဖျာပုံ) - - - - - - - - | ၆ |
| - အရှင်ကောဝိဒဓဇ - - - - - - - | ၁၈ |
| - အရှင်သီလာစာရ(ပဲခူး) - - - - | ၃၀ |
| - ဦးရွှေအောင် - - - - - - - - - - | ၁ |
| - တက္ကသိုလ်သျှင်သီရိ - - - - - - | ၇ |
| - ဟံသာဝတီ ဦးအုန်းကြိုင် - - - | ၉ |
| - ငြိမ်းချမ်းဦး - - - - - - - - - - - | ၁၁ |
| - မြတ်ဝေ(ရွှေပြည်သာ)- - - - - - | ၂၃ |
| - ဇော်နောင် - - - - - - - - - | ၃၈ |
| - မြင့်သိန်း(မော်ကျွန်း) - - - - - | ၂၈ |
| - ကေတုမတီ မြဟသ်ာ - - - - - - | ၂၉ |
| - သီတာဦး(မြန်မာစာ) - - - - - - | ၁၆ |
| - ဓမ္မဝီရသန္တာ - - - - - - - - - | ၄၀ |
| - နိုင်ခင်ရွှေ(ဒေဝ) - - - - - - - | ၂၅ |
| - မောင်ဇင်ယော် - - - - - - - - | ၃၆ |
| - ခင်သူဇာမြင့် - - - - - - - - - | ၃၂ |
| - ဓမ္မဝီရစာတည်းအဖွဲ့ - - - - - | ၃၅ |
| - မိုးသောက်ကြယ်(ဖားကန့်) - - | ၃၁ |


တို့၏အထူးဆောင်းပါး၊ သတင်းနှင့် ကဗျာများ။

ရာစုသစ်၏ စိန်ခေါ်မှုမျိုးစုံကို
ငြိမ်းချမ်းသောစိတ်
ရဲရင့်တည်ကြည်သော
လောကအမြင်ဖြင့်
ဘဝကို ရင်ဆိုင်လျက်
အောင်မြင်စွာဖြတ်သန်းနိုင်ကြဖို့
ဓမ္မဝီရဂျာနယ်
ဖတ်ကြစို့

# အယ်ဒီတာအာဘော်

## ကိုယ်,စိတ်ဆင်းရဲခြင်းဖြစ်လာလျှင် မိမိစိတ်ကို သတိနှင့် ယှဉ်၍ဖြေပါ

လောကသဘာဝတရားအားလုံးသည် လူမျိုးဘာသာမရွေး လူသားအားလုံးနှင့် သက်ဆိုင်ပါသည်။ လူဖြစ်လာလျှင် ခန္ဓာရှိလာပြီ၊ ခံစားမှု(ဝေဒနာ)ဆိုတာလည်း လူတိုင်းမှာရှိနေကြပါသည်။ ထိုဝေဒနာကို ခံစားနေရသမျှ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဆိုတာများလည်းရှိနေကြပါသည်။

ဆင်းရဲမှုဟူသည် မီးလောင်ခံရမှ မုန်တိုင်းတိုက်ခံရမှ၊ လျှောင်လှုပ်မှ၊ ရေမြုပ်မှ အနာရောဂါဖြစ်မှ၊ မင်းဘေးရောက်၊ အငတ်ဘေးရောက်မှ ဆင်းရဲရောက်သည်ဟူ၍ ပုံသေမှတ်ထား က မှားပါမည်။ ရုပ်ဝတ္ထုဖြစ်ပျက်မှုများကို စိတ်မှာခံစားရသည်ဆိုသည်ကို သတိပြုပါ။ စိတ်ခံစားမှုတွေ အဆုံးမသတ်နိုင်သည့်အတွက် လူသားအားလုံး စိတ်ပိုင်းဆိုင်ရာဒုက္ခသည်အချင်းချင်း အတူတူဖြစ်ကြပါသည်။

မိမိဘဝတွင် စိတ်ဆင်းရဲခြင်း၊ စိတ်ဖိစီးမှုများအမှန်တကယ် ဖြစ်ပေါ်နေခြင်းသည် မီးစသောရန်သူမျိုးကြောင့် ဖြစ်ပေါ်ရသည်ဆိုသည်ထက် မိမိကစွဲလမ်းနေသောစိတ်၊ မရှိတော့တာကို တမ်းတနေသောစိတ်၊ ပျက်စီးသွားသည်ကို နှမြောတသသောစိတ်၊ လုပ်သင့်တာကို ဆက်လုပ်ဖို့ မဆုံးဖြတ်နိုင်သေးသော စိတ်ကသာ ဆင်းရဲကို ဖိတ်ခေါ်နေသည်ဆိုခြင်းကို သတိပြုကြရန်လိုပါသည်။

ဗုဒ္ဓက ဘဝမှာ ဆင်းရဲစေတဲ့အကြောင်း ဟာ စွဲလမ်းတပ်မက်မှု (သမုဒယသစ္စာဖြစ်သည်) ယင်းက ဒုက္ခသစ္စာကို ဖြစ်ပေါ်စေသည်ဟု ရှင်းလင်းစွာဟောကြားထားပါသည်။ မိမိဘဝတွင် စွဲလမ်းမှုများ၊ တမ်းတမှုများ၊ ကြောက်ရွံ့နေမှုများ၊ များစွာလိုချင်မှုများ၊ လုပ်သင့်တာကို လုပ်ရမှာကို ဆုံးဖြတ်ချက်မချနိုင်မှုများသည် ဆင်းရဲကိုဖြစ်စေသည့် သဘောတရားများ ဖြစ်ကြပါသည်။

ဆင်းရဲရောက်စေသော စွဲလမ်းမှုများကို ပကတိမျက်စိနှင့်မကြည့်ဘဲ ဉာဏ်နှင့် ကြည့်ကြရပါမည်။ မိမိ၏ စိတ်ထဲတွင် ဝမ်းနည်းနေသလား၊ ပျော်နေသလား၊ စိတ်ညစ်နေသလား၊ စိတ်ဆိုးနေသလား၊ တွေဝေနေသလား၊ ကြောက်စိတ်တွေဝင်နေသလား၊ ဖြစ်ချင်ရာဖြစ်ဆိုပြီး ရည်ရွယ်ချက်မဲ့နှင့် ရေစုန်မျောချင်သော စိတ်ဖြစ်နေသလား၊ စိတ်ဓာတ်ကျနေသလား၊ ဘာလုပ်ရမှန်းမသိ ဖြစ်နေသလား စသည်များကို ဉာဏ်မျက်စိဖြင့် မိမိစိတ်ကို မိမိပြန်စစ်ကြည့်ရပါမည်။

တစ်ဖန် မိမိ၏စိတ်များ အဘယ်ကြောင့် သည်လိုဖြစ်နေရသလဲဟု အကြောင်းရင်းကို ဖော်ထုတ်ကြည့်ပါ၊ စိတ်ထားမတတ်၍သော်လည်းကောင်း၊ လုပ်သင့်သည်ကို လုပ်သည်ဟူ၍ စိတ်ဆုံးဖြတ်ချက်မချ၍သော်လည်းကောင်း ဤနှစ်ချက်ကို တွေ့ရပေသည်။

ရေ၊ လေ၊ မြေ၊ မီး၊ ဓာတ်ကြီးလေးပါးသည် အမြဲဖောက်ပြန်ပျက်စီးနေ၍ အနိစ္စတရားဖြစ်သည်။ ထိုတရားတို့သည် သူ့သဘော သူဆောင်နေရာ မည်သူမျှမတားဆီးနိုင်၊ ဖြစ်ချင်သလိုဖြစ်ပြီး ပျက်ချင်သလို ပျက်သွားသော အနတ္တသဘာဝဓမ္မများဟု မြင်တတ်ရပေမည်။ ထိုသို့မြင်ပါက မိမိဘဝအရှုံးထဲက အမြတ်ဖြစ်ပါမည်။ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့ပစ္စည်း၊ ငါ့မိသားစု၊ ငါ့ဆုံးရှုံးမှုများကို မခံနိုင်စသည်ဖြင့် ငါ့သဘော၊ ငါ့ဆန္ဒတွေများသလောက် လက်ရှိဖြစ်ပျက်နေမှုကို ကျေကျေနပ်နပ်လက်မခံနိုင်သေးသမျှ မိမိဘဝကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမှုများ များစွာခံစားကြရမည်ဖြစ်ပါသည်။

လူသားသည် မိမိ၏ စိတ်ကို ပြုပြင်နိုင်ပါမှ အနာဂတ်ဘဝ ငြိမ်းချမ်းသာယာပြီး တန်ဖိုးရှိပါမည်။

စိတ်ကို ပြုပြင်ရာတွင်လည်း စိတ်ကောင်းကို လူတိုင်းမြတ်နိုးသလို စိတ်ဆိုးကို လူတိုင်းက မုန်းတီးတတ်သည်။ မိမိစိတ်၌ စိတ်ကောင်းတွေဖြစ်ပေါ်လာအောင်၊ စိတ်ကောင်းမှ အလုပ်ကောင်းဖြစ်ပေါ်လာမည်ဖြစ်၍ စိတ်ကောင်းဖြစ်ပေါ်ရန် အစဉ်သတိရှိရပါမည်။ မိမိစိတ်သဘာဝကိုသိအောင် သတိထားစောင့်ကြည့်နေမှုသည် လောကသဘာဝ သစ္စဓမ္မတရားဖြစ်ပါသည်။ ထိုင်နေနေ ရပ်နေနေ၊ လမ်းလျှောက်နေနေ ဘယ်နေရာ ဘယ်ပုံစံနှင့်မဆို အသိ၊ သတိနှင့် သဒ္ဓါစိတ်ကို ပြဋ္ဌာန်းပြီး ရှုမှတ်နေနိုင်သည်ဆိုလျှင် မဂ္ဂင်ရှစ်ပါးပွားများက တရားရှုမှတ်ရာမည်ပါသည်။

ထိုကဲ့သို့ သတိထား ရှုပွားလျှင် ခဏိက သမာဓိဆိုသော စိတ်တည်ကြည်မှု သမာဓိရလာပြီးလျှင် စိတ်ဆင်းရဲမှုများ လျော့ပါးလာပါမည်။ စိတ်ညစ်မှုများ၊ စိတ်ဖိစီးမှုများ ပေါ့ပါးပြီး ရုပ်၊ နာမ်များ ကြည်လင်လာပါမည်။ ဤကဲ့သို့ ဖြစ်လာလျှင် မိမိ၏ လူ့ဘဝအတွက် တန်ဖိုးအရှိဆုံး အဓိပ္ပါယ်အရှိဆုံး လောကလူသား ဖြစ်လာပါမည်။ ထို့ကြောင့် မိမိတို့သည် ဘာပဲလုပ်လုပ် ဘာပဲဖြစ်နေ ဖြစ်နေ အာရုံစူးစိုက်ပြီး ကိုယ်လုပ်နေတာကို ကိုယ်သိအောင် သတိထားပြီး အကျိုးရှိမည့် အလုပ်ကောင်းတွေ လုပ်ဖြစ်အောင် ကြိုးစားကြပါဟု တိုက်တွန်းနှိုးဆော်ပါရစေ။

**အယ်ဒီတာ**

**အတ္တ၏အကျဉ်းသားများ**

သူသည် မြန်မာ့သမိုင်းကြောင်း၏ ပါလီမန်ဒီမိုကရေစီခေတ်ကို ကြေကွဲဝမ်းနည်းစွာ တွေးတောရင်း တမာပင်အိုအားမှီ၍ ရပ်နေလိုက်မိသည်။ တကယ်တော့ ရက်စက်မှုအပေါင်းသရဖူဆောင်းခဲ့ကြသောခေတ်ကာလများ၊ အတ္တနှင့် အာဏာမှအပ ဘာကိုမျှမမြင်နိုင်ကြသော ပုဂ္ဂိုလ်တို့ ကြီးစိုးသော ကာလများကို သူရွံ့ရှာမုန်းတီးလှပြီဖြစ်သည်။ အတွေးထဲဝင်လာမည် ကိုပင် စိုးရိမ်နေတတ်သည်။

သို့သော်မနေပါ၊ အတ္တ၏အကျဉ်းသားတို့သည်ကား လောကနိယာမအတိုင်း၊ လူ့ဘောင်လောက၌ တစ်ခဏဖြတ်သန်းချိန်များတွင်ပင်ရှိမြဲပေါ်ပေါက်မြဲဖြစ်သည်။ သူ့တွင် သူတို့ဘဝဖြတ်သန်းချိန် အတွေ့အကြုံများက စိုးမိုးနေသည်။ ဗုဒ္ဓ၏ အဆုံးအမများက နက်ရှိုင်းစွာရှင်သန်နေ သည်။ လောကငြိမ်းချမ်းမှုနှင့် မြန်မာ့ လူ့ဘောင်၏ စည်ပင်သာယာဖွံ့ဖြိုးတိုးတက်မှုအတွက် ဆာလောင်နေသည်။

ဒီတော့လည်း ဖြတ်သန်းချိန်တိုင်း တန်ဖိုးရှိအောင်၊ တန်ဖိုးရှိသောမျိုးဆက်ကို တည်ဆောက်လျက်၊ တန်ဖိုးရှိသောအမွေများထားရစ်နိုင်ဖို့ ပဓာနအကျဆုံးဖြစ်နေသည်။ **သူ၏ အတွေးတွင် သူအလွန်ပင်လေးစားကြည်ညိုလှသော"မဟာဂန္ဓာရုံဆရာတော်ကြီးအရှင်ဇနကာဘိဝံသ"ဟောကြားခဲ့သော"အလကားလူတွေသာရှိသော၊ အလကားလောကကြီး၌၊ အလကားနေရုံဖြင့်အလကားကောင်းလာဦးမည်ထင်သလား။ လောကမှာကောင်းတယ်ဆိုတာ ကိုယ့်ကျင့်ပါမှကောင်းတယ်၊ ကိုယ်ကျင့်မပါက မကောင်းနိုင်"ဆိုသည့် အဆိုအမိန့်က စီးဆင်းသွားသည်။**

"ငါတို့ရှေ့ကလူတွေရောငါတို့တတွေပါ ဗုဒ္ဓ၏ လောကီ လောကုတ္တရာအကျိုးအတွက် အဆုံးအမတွေကို ဘယ်လောက်များလိုက်နာကျင့်ကြံခဲ့ကြသလဲ၊ ကျင့်ကြံအားထုတ်နေကြသလဲ။ လူ့တန်ဖိုး၊ လူ့ကျင့်ဝတ်၊ လောကနီတိ၊ ပြည်သူ့နီတိတွေကိုရော တန်ဖိုးထား မြှင့်တင်တတ်သေးရဲ့လား။ နိုင်ငံနဲ့ လူမျိုးကိုရော တကယ်ချစ်ရဲ့လား၊ တကယ်တန်ဖိုးထား မြတ်နိုးကြရဲ့လား။ သားသမီး၊ မြေးမြစ် မျိုးဆက်တွေအတွက် အမွေကောင်းပေးပြီး၊ သူတို့ကိုတကယ် တန်ဖိုးထား မြတ်နိုးမှု ပြုနိုင်ရဲ့လား" စသည် စသည် "လား"ပေါင်းများစွာသော အမေးတို့ဖြင့် သူ၏အတွေးသည် မြန်မာ့လူ့ဘောင်၏ သမိုင်းကြောင်းတစ်လျှောက် မေ့ပျောက်ဖွယ်မရှိသည့် အကောင်းအဆိုးများစွာကို ပြန်လည်ဆင်ခြင် တွေးတောနေမိဆဲ၊ နေဝန်းနီကြီးသည် စုံးစုံးမြုပ်ခဲ့လေပြီ။

**ငြိမ်းချမ်းဦး၏ ဖြတ်သန်းချိန်နိဒါန်းနှင့် ပထမပိုင်းမှ ကောက်နုတ်ချက်။**



# နောင်ဘဝဆိုတာရှိပါတယ်(၁)

ဘဒ္ဒန္တဇနိန္ဒသာရ (မုံရွာနေဇာ)

နောင်ဘဝရှိမရှိပြဿနာ၊ လူတစ်ယောက် သေသွားရင် ဘာဆက်ဖြစ် မဖြစ် ပြဿနာဟာ ဟို. . . ရှေးလွန်လေပြီးသောကာလများကပင် ရှိခဲ့တာပါ။ နှစ်ပေါင်း ၂၅၀၀-ကျော် အချိန်ကာလက ပွင့်ထွန်းတော်မူခဲ့တဲ့ သဗ္ဗညုဗုဒ္ဓဘုရားလက်ထက်တော်တုန်းကလည်း ရှိခဲ့တာပါပဲ။ ဗုဒ္ဓမြတ်စွာဘုရား မပွင့်ထွန်းမီ အစောပိုင်းကာလများတုန်းကတည်းက ရှိနေခဲ့တာပါ။ ဗုဒ္ဓဘုရားရှင်ဟာ ဇာတ်အနွယ်မျိုးစုံ၊ လူမျိုးအဆင့်အလွှာအဖုံဖုံ၊ အယူဝါဒအစုံစုံရှိနေတဲ့ ကြားထဲက ပွင့်ထွန်းပေါ်ပေါက်ခဲ့တာပါ။ အတိုက်အခိုက်မျိုးစုံ အနှောက်အယှက်အဖုံဖုံ၊ အဖျက်အဆီး အစုံစုံတို့ကို အကုန်တွန်းလှန်ကျော်လွှားကာ ပေါ်ပေါက်ခဲ့ရတာပါ။

အလွန်ရှေးကျတဲ့ အယူဝါဒတစ်ခု ဖြစ်တဲ့ ပြဟ္မဏဝါဒဟာ အတ္တကို အခြေခံပါတယ်။ အတ္တကို ရှေ့တန်းတင်ထားပါတယ်။ အဲဒီအတ္တကို နှစ်မျိုး ခွဲခြားထားတယ်။ တစ်မျိုးက ဇီဝအတ္တ၊ တစ်မျိုးက တော့ ပရမအတ္တ (တစ်နည်း) ပရမတ္တ။

လူတစ်ယောက်ဟာ အဆင်းရူပါရုံကို မျက်စိနဲ့မြင်တယ်။ မြင်တာကို လက်ခံတယ်၊ ဘယ်ရယ်လို့ ဆုံးဖြတ်တယ်၊ ပြီးတော့ ခံစားတယ်. . ဆိုတဲ့ ကိစ္စတွေကို ‘ဇီဝအတ္တ’ (ဇီဝတ္တ) က အကုန်ဆောင်ရွက်တယ်။ အသံကိုကြားတဲ့ ကိစ္စ၊ အနံ့ကို ရှူရှိုက်တဲ့ ကိစ္စ၊ အရသာကို စားသုံးတဲ့ကိစ္စ၊ အတွေ့အထိမျိုးစုံတွေကို တွေ့ထိတဲ့ကိစ္စ၊ စိတ်ကူး ကြံစည်မှုကိစ္စ စတာတွေကို ဇီဝအတ္တကပဲ စီရင်ဆောင်ရွက် ခံစားပါသတဲ့။ အဲဒီစီစဉ်တတ်တဲ့ ခံစားတတ်တဲ့ ဇီဝအတ္တကို လူသားရဲ့ ကိုယ်ခန္ဓာထဲရောက်အောင် ပြဟ္မရန္ဓခေါ်တဲ့ ငယ်ထိပ်မှာရှိတဲ့ အပေါက်ကလေးကနေ ထည့်ပေးထားပါသတဲ့။ ထည့်ပေးတဲ့ အရှင်သခင် (တန်ခိုးရှင်) ကတော့ ပရမအတ္တခေါ်တဲ့ အမြင့်မြတ်ဆုံး အတ္တကြီးပဲဖြစ်ပါတယ်။ အဲဒီ ပရမအတ္တကြီးက ကောင်းကင်မှာ ရှိပါသတဲ့။ လူတွေသေသွားတဲ့အခါ လူတွေရဲ့ ခန္ဓာကိုယ် ထဲမှာရှိတဲ့ ဇီဝအတ္တ (အသက်) ကလေးဟာ ငယ်ထိပ်အပေါက်ကထွက်ပြီး ကောင်းကင်မှာ တည်ရှိနေတဲ့ ပရမအတ္တကြီးထံ ရောက်သွားပါသတဲ့။

အဲဒီလို အတ္တဝါဒကြီးစိုးပြန့်နှံ့နေတဲ့ အချိန်ကာလထဲမှာ ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ "အနတ္တဝါဒ" ကို ကြေညာပြီး ပေါ်ထွန်းတော်မူခဲ့တာပါ။ ပြဟ္မာဏဝါဒီတွေက အရာရာ မမြဲခြင်း-အနိစ္စကို လက်ခံတယ်။ ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခကိုလည်း လက်ခံတယ်။ အနတ္တကို လက်မခံဘူး၊ မယုံကြည်ကြဘူး။

ဗုဒ္ဓဘုရား ဟောကြားပြတော်မူမှ အနတ္တရှိကြောင်း သိကြရပေတယ်။ တရား-ဓမ္မဆိုတာကတော့ ရှိပြီးသားပါ။ ဘုရားဟောပြပေးတော့ လူသားအားလုံး နတ်ဗြဟ္မာ သတ္တဝါတွေပါမကျန် ဓမ္မကို သိခွင့်ရကြတာပါ။

ဗုဒ္ဓဘုရားလက်ထက်တော်မှာပင် တမလွန်လောက နောင်ဘဝမရှိ၊ ကုသိုလ်ပြုလျှင် ကောင်းကျိုးမဖြစ်၊ အကုသိုလ်လုပ်လည်း မကောင်းကျိုးမရ. . ဆိုတဲ့ အယူဝါဒကို စွဲကိုင်ထားတဲ့ မြို့စားကြီးတစ်ယောက်ရှိခဲ့တယ်။ သူ့ရဲ့အမည်က ‘ပါယာသိမြို့စား’။ အမှန်မှာ- ကောသလမင်းကြီးက သူ့အား သေတဗျဆိုတဲ့ မြို့ကို အပိုင်စားပေးခဲ့တာပါ။ မြို့အမည်ပျောက်ပြီး လူအမည်ကလွှမ်းကာ ‘ပါယာသိမြို့စား’ လို့ပဲ ခေါ်တွင်ခဲ့သူပါ။

အယူဝါဒတစ်ခုကို ထိထိမိမိလက်ကိုင်ထားသူဟာ သတ္တိရှိတယ်၊ ပြတ်ပြတ်သားသားလုပ်တတ်တယ်၊ အဲဒီအရည်အချင်းနဲ့ ပြည့်စုံတဲ့ မြို့စားမင်းဟာ မိစ္ဆာဝါဒမှာ သရဖူဆောင်းခဲ့တယ်။ မိစ္ဆာဝါဒီတို့ရဲ့ အရှင်သခင်ဖြစ်ခဲ့တယ်။ အုပ်ချုပ်ရေးထက် ဝါဒရေးရာမှာ ပါယာသိမြို့စားမင်း (ပါယာသိရာဇည)လို့ ထင်ရှားခဲ့သူပါ။

သူသည် အယူဝါဒရေးရာနဲ့ပတ်သက်လာရင်လူပြောသူပြောမျှဖြင့် လက်ခံတတ်သူမဟုတ်။ လက်တွေ့ကျကျ သုတေသနပြုပြီးမှ လက်ခံသူ၊ ဒီကိစ္စဟာ အဲဒီခေတ် အဲဒီအချိန်တုန်းက သူ့ရဲ့ ထူးခြားတဲ့အရည်အချင်းပဲ။

မကောင်းမှု ဒုစရိုက်မှုတွေကို ကျူးလွန်ပြီး သေဒဏ်အမိန့်ကျသူများ သေတဲ့အခါ မကောင်းမှုအကုသိုလ်ကံရဲ့ မကောင်းကျိုးဖြစ်တဲ့ အပါယ်ငရဲကျ မကျ ကိစ္စများ-

ကောင်းမှုကုသိုလ်တွေကိုပြုပြီး ကံငါးပါးတို့ကိုလည်း လုံခြုံအောင်စောင့်ထိန်းတဲ့ပုဂ္ဂိုလ်တွေဟာလည်း သေသွားတဲ့အခါ သုဂတိနတ်ပြည်ရောက် မရောက်ကိစ္စများ။

ထိုထို၌၌ အလီလီသော အကြောင်းအရာကိစ္စများကို လက်တွေ့ကျကျ သုတေသနပြုနေသူလည်း ဖြစ်ပါတယ်။

ပြီးတော့- ငရဲရှိရင် ငရဲကျသူဟာ လာရောက်ပြောနိုင်ရမယ်။ ကောင်းမှုကုသိုလ်တွေပြုလေ့ရှိတဲ့ ဒါနရှင်၊ သီလရှင်တွေ သေသွားရင်လည်း နတ်ပြည်အကြောင်း ကောင်းကောင်းသိရမယ်။ ပြန်ပြောနိုင်ရမယ်ဆိုတဲ့ အယူအဆကို ကိုင်စွဲထားသူဖြစ်တယ်။ ဒါပေမယ့်- သူ့ထံသို့ ငရဲပြည်ကလည်း သတင်းမရောက်၊ နတ်ပြည်က လည်း လာရောက်ပြောကြားသူမရှိလို့ သတင်းမရ၊ အကယ်လို့သာ ငရဲ၊ နတ်ပြည် တကယ်ရှိတယ်ဆိုရင် တစ်စုံတစ်ယောက်ကဖြင့် သူ့ထံသို့ သတင်းရောက်ရမယ်. . လို့ အစွဲအမြဲ ခံယူထားသူ ဖြစ်တယ်။

ဒါကြောင့်- တမလွန်လောက နောက်ဘဝဆိုတာ မရှိ။ ကုသိုလ်ကံ, အကုသိုလ်ကံတို့ရဲ့ ကောင်းကျိုး, ဆိုးပြစ်ဆိုတာလည်း မရှိလို့ ခိုင်မြဲစွာယူဆထားသူပါ။

မြို့စားမင်းဟာ မရှိဆိုတဲ့ မိစ္ဆာဝါဒကို သူကိုယ်တိုင်စွဲကိုင်ထားသည်မဟုတ်၊ လူအများကိုလည်း ဝါဒဖြန့်လေရာ- တကယ်ယုံသူလည်း ရှိတယ်၊ ရောယောင်လိုက်သူလည်း ပါတယ်။ မယုံမရဲသူလည်း ပါလေရဲ့။ ဒါပေမယ့် သူ့နောက်မှာ ပရိသတ်များစွာရှိနေတာတော့ အမှန်ပါပဲ။ သူ့အကြောင်းကို

ကောသလမင်းကြီးနဲ့တကွ မင်းနေပြည်မှလူအများပါ သိထားကြပါပြီ။

သို့သော်-

မိဿာဝါဒီစွဲကိုင်ထားသူ မြို့စားမင်းရဲ့ နယ်ပယ်တွင်းသို့ စာတတ် ပေတတ်၊ စကားတတ်၊ ပဋိဘာန်ဉာဏ်လျင်မြန်ထက်သန်တဲ့ အရှင်ကုမာရကဿပရဟန္တာမထေရ်မြတ် ရောက်ရှိလာပါတယ်။ သေတဗျမြို့ရဲ့ မြောက်စူးစူးမှာရှိတဲ့ ယင်းတိုက်တောထဲမှာ သီတင်းသုံးတော်မူပါတယ်။ နောက်ပါ ရဟန်းသံဃာငါးရာလည်း ပါပါတယ်။

သေတဗျမြို့သူမြို့သားတွေဟာ အရှင်မြတ်ကြီးထံ စုရုံးကာ အလုံးအရင်းနဲ့ သွားနေကြတာကို မြို့စားမင်းက လေသာပြတင်းက ကြည့်နေပါတယ်။ အမတ်တစ်ယောက်ကို ထောက်လှမ်းစုံစမ်းခိုင်းတော့ စာတတ်ပေတတ်၊ စကားပြောကောင်း တရားဟောကောင်းတဲ့ ရဟန္တာမထေရ်မြတ်ကြီးတစ်ပါး၊ နောက်ပါရဟန်းသံဃာငါးရာနဲ့အတူ ယင်းတိုက်တောမှာ သီတင်းသုံးနေကြောင်း သိသွားပါတယ်။

"ရော. . . ခက်ရချည့်၊ အပြောကောင်း အဟောကောင်းဆိုရင်ဖြင့် မလိမ်မိုး၊ မလိမ္မာတဲ့ ငါ့မြို့က ပရိသတ် သူ့တရားဆွဲရာသို့ အကုန်ပါသွားလိမ့်မယ်။ ငါ့ပရိသတ်ကို ငါထိန်းဖို့ ငါပါလိုက်မယ်" ဆိုတဲ့ကာ မြို့စားမင်းပါ ယင်းတိုက်တောသို့ ရောက်သွားပါတယ်။

အရှင်ကုမာရကဿပရဟန္တာမထေရ်မြတ်ကြီးဟာ ဗုဒ္ဓဝါဒဘက်မှ တိုက်စစ်မှူးကြီးတစ်ဦးဖြစ်သလို ပါယာသိမြို့စားကလည်း မိဿာဝါဒထုတ်လုပ်သူ ဧကရာဇ်ဖြစ်နေပါတယ်။ "ဝါဒပြိုင်ပွဲ" ပွဲကြီးပွဲကောင်းတစ်ခုကို ဆက်လက်ဖတ်ရှုပါ။

**(ဆက်လက်ဖော်ပြပါမည်။)**

**နမောသမ္မာသမ္ဗုဒ္ဓဿ**

**ဘဒ္ဒန္တဇနိန္ဒသာရ (သဒ္ဓမ္မဇောတိကဓဇ)**

ဓမ္မဝီရသည် ဗုဒ္ဓ၏ ထေရဝါဒဓမ္မတရားစစ် တရားမှန်
ထွန်းကားရန်ဖြစ်သည့်ဆိုသည့် ခံယူချက်နှင့်အညီ
လှိုင်ကြည်ဖြူဓမ္မဝီရစာပေတိုက်နှင့် ဒီဂျစ်တယ်စာကြည့်တိုက်မှ
၂၀၀၉ ခုနှစ်၊ မတ်လအတွင်း ဖြန့်ချိထုတ်ဝေလိုက်ပြီ

၁။ ဓမ္မဝီရ၏ ဓမ္မသံစဉ်များ (ငြိမ်းချမ်းဦးနှင့် တက္ကသိုလ်သျှင်သီရိ)
၂။ ဖြတ်သန်းချိန်နိဒါန်းနှင့် ပထမပိုင်း (ငြိမ်းချမ်းဦး) (ဒုတိယအကြိမ်)
၃။ ဆရာကြီးဦးရွှေအောင်၏ စာပေကောက်နုတ်ချက်စာစု (ဓမ္မပဒ) (ငြိမ်းချမ်းဦးနှင့် စိုးမြင့်လတ်)
၄။ ဗုဒ္ဓယဉ်ကျေးမှုရတနာ အရှင်သီလာစာရ(ဖားကန့်)

# ဗုဒ္ဓဂီတိကာ

**ဆရာတော် ဦးသီလာစာရ**
**(ရိုးမတိမ် မဟာအောင်မြေကျောင်း)**

**ဝိသာခါဝတ္ထု**

ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ မြေးသေ၍ ငိုကြွေးလျက်နေသော ဝိသာခါဒါယိကာမကို အကြောင်းပြု၍ 'ပေမတော ဇာယတီ သောကော' စသောဂါထာတော်ကို ဟောတော်မူသည်။


ပေမတော ဇာယတီ သောကော၊
ပေမတော ဇာယတီ ဘယံ။
ပေမတော ဝိပ္ပ မုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

**မြန်မာကဗျာ**


ခင်မင်ခြင်းမှ သောကဖြစ်လာ၊
ခင်မင်သည့်တွက် ကြောက်မက်ရပါ၊
ခင်မင်ကြောင်းရင်း လွတ်ကင်းသူမှာ၊
စိုးရိမ်ခြင်း ကြောက်ခြင်း ဘယ်ရှိမှာ။

From affection springs grief, from affection springs fear, for him who is wholly free from affection there is no grief, much less fear.

စကားပြေ။ ။ (သားသမီးကို) ခင်တွယ်ခြင်းမှ စိုးရိမ်ခြင်းဖြစ်၏၊ ခင်တွယ်ခြင်းမှ ကြောက်ခြင်းဖြစ်၏၊ ခင်တွယ်ခြင်းမှ လုံးဝကင်းရှင်းလွတ်ကင်းသူအတွက် စိုးရိမ်ခြင်းနှင့် ကြောက်ခြင်းသည် ဘယ်မှာရှိပါတော့အံ့နည်း။







# ဖြုဟ္မဏလေးများ(၅)

ရှင်ဉာဏ(ဖျာပုံ)



သာဝတ္ထိမြို့တော်တွင်နေထိုင်သော ပုဏ္ဏားကြီးဇနီးမောင်နှံတို့သည် ရဟန်းလေးပါးတို့အား ဆွမ်းလှူရန် ဆွမ်းများချက်ပြုတ်စီမံပြီးကြသောအခါ ဇနီးဖြစ်သူ ပုဏ္ဏေးမကြီးက ခင်ပွန်းသည် ပုဏ္ဏားကြီးအား ဇေတဝန်ကျောင်းတော်သို့ ရဟန်းလေးပါးသွားရောက်ပင့်ဆောင်ရန် စေလွှတ်လိုက်၏။

ပုဏ္ဏားကြီးဇေတဝန်ကျောင်းတော်ရောက်၍ ရဟန်းလေးပါးဆွမ်းအလှူခံကြွရောက်ရန် ပင့်ဆောင်ပြီး နေအိမ်ပြန်လာခဲ့၏။ နေအိမ်ရောက်သည်နှင့် ပုဏ္ဏေးမကြီးက မိမိ၏ မြေးအရွယ်လောက်မျှပင်မရှိသော သူငယ်သာမဏေများကို ပင့်ဆောင်လာသော ပုဏ္ဏားကြီးအား အပြစ်တင်စကားပြောဆိုပြီး သာမဏေလေးများကိုလည်း နေရာခင်းကျင်းထားသော မြင့်မြတ်ရာ၌ မထိုင်စေဘဲ အခင်းအကျင်းမဲ့ နိမ့်ရာနေရာတွင် ထိုင်နေစေသည်။ ထို့နောက်ပုဏ္ဏေးမကြီးက

'ပုဏ္ဏားကြီး ကြီးရင့်သော အရှင်မြတ်လေးပါးကို သွားရောက်ပင့်ဖိတ်ပါဦး' ဟု ဇေတဝန်ကျောင်းတော်သို့ ဒုတိယအကြိမ်စေလွှတ်လိုက်ပြန်၏။ ရဟန်းလေးပါးမရသဖြင့် ပုဏ္ဏားကြီးသည် အရှင်သာရိပုတ္တရာတစ်ပါးကိုသာပင့်ဆောင်လာခဲ့သည်။ ပုဏ္ဏားကြီးနှင့် ဇနီးမောင်နှံတို့ အိမ်ရောက်လျှင် အရှင်သာရိပုတ္တရာက သာမဏေတို့၏ ဂုဏ်ကျေးဇူးကို ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့ သိရှိစေရန် ရည်ရွယ်လျက်. . .'

'အရှင်မြတ်ကြီးတို့ ဆွမ်းရကြပြီလား' ဟု မေးလိုက်၏။ ထိုအခါ သာမဏေများက 'မရကြသေးပါဘုရား' ဟုဖြေကြားလေရာ အရှင်သာရိပုတ္တရာသည် လေးပါးစာသာ ချက်ပြုတ်ထားမှန်းသိ၍ ပုဏ္ဏားတို့နေအိမ်မှ ဆွမ်းကိုမခံယူဘဲ ပြန်ကြွသွားသည်။ ပုဏ္ဏေးမကြီးကား သူ့ဆန္ဒအတိုင်းမဖြစ်၍ ဘဝင်မကျ၊ ပုဏ္ဏားကြီးစေလွှတ်ပြီး နောက်ထပ်ရဟန်းလေးပါးပင့်ခိုင်းပြန်သည်။ ဒုတိယအကြိမ်တွင်လည်း ရဟန်းလေးပါးမရဘဲ နောက်ဆုံး အရှင်မဟာမောဂ္ဂလာန်တစ်ပါးကို ပင့်ဆောင်လာခဲ့ရပြန်၏။

အရှင်မဟာမောဂ္ဂလာန်ကလည်း အရှင်သာရိပုတ္တရာနည်းတူ သာမဏေလေးများ၏ ဂုဏ်ကျေးဇူးကို ချီးမြှောက်လိုသောကြောင့် 'အရှင်မြတ်ကြီးများ ဆွမ်းရကြပြီလား' လို့ မေးလိုက်၏။ သာမဏေလေးများကလည်း တစ်ညီတစ်ညွတ်တည်းပင် မရကြသေးပါဘုရား' ဟု ဖြေကြားရာ လေးပါးစာသာချက်ထားသော ဆွမ်းကို မခံယူဘဲ ပြန်ကြွသွားလေသည်။

ထိုစဉ်ခဏမှာ တာဝတိံသာနတ်ပြည်ရှိ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာသည် တင်းမာလာသောကြောင့် သိကြားမင်း ဆင်ခြင်ကြည့်ရှုရာ ပုဏ္ဏားကြီးဇနီးမောင်နှံတို့နေအိမ်၌ ဆွမ်းအတွက် ဒုက္ခရောက်နေသော သာမဏေလေးပါးကိုမြင်လေသည်။ ယင်းအခိုက်မှာပင် သိကြားမင်းသည် ပုဏ္ဏားအိုကြီးအသွင် ဖန်ဆင်းပြီး ပုဏ္ဏားကြီးဇနီးမောင်နှံ အိမ်သို့ ဆင်းသက်လာခဲ့၏။ ပုဏ္ဏားကြီးသည် ဧည့်သည်ပုဏ္ဏားအိုကြီးကိုမြင်လျှင် အိမ်တွင်းသို့ ပင့်ခဲ့သည်။

အိမ်တွင်းဝင်လာသော ပုဏ္ဏားအိုကြီးကို တွေ့လိုက်သည်နှင့် ပုဏ္ဏေးမကြီးက 'အရှင်မြတ်ကြီးတို့အတွက် ခင်းထားသော နေရာကို ကြွရောက်ပါ' ဟုဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုပြီး နေရာထိုင်ခင်းပေးလိုက်သည်။ ပုဏ္ဏားအိုကြီးအသွင် ဖန်ဆင်းထားသော သိကြားမင်းက မြင့်မြတ်သည့်နေရာတွင် သွားရောက်မထိုင်ဘဲ သာမဏေတို့၏ အောက်နိမ့်သောနေရာတွင်ထိုင်ကာ သာမဏေလေးများကို ရိုသေစွာရှိခိုးလိုက်သည်။

ထိုအခြင်းအရာကိုမြင်ရသောအခါ ပုဏ္ဏေးမကြီးသည် ဒေါသဖြစ်လျက် 'ဒီပုဏ္ဏားကြီးက ရူးလေစွတကား မိမိမြေးလောက်မျှပင် မရှိသေးသော သူငယ်တို့ကို ရှိခိုးတယ်' ဟု ပြောဆိုကာ ပုဏ္ဏားအိုကြီးအား ပုဏ္ဏေးမကြီးက အိမ်ပြင်သို့ ဆွဲထုတ်၏။ သူတစ်ယောက်တည်းအားဖြင့် ဆွဲထုတ်မရသောအခါ ပုဏ္ဏားကြီးနှင့် နှစ်ယောက်ဆွဲထုတ်သည်။ သို့သော် ဧည့်သည်ပုဏ္ဏားအိုကြီးကား ဘယ်လိုပင် ဆွဲထုတ်သော်လည်းမရ ကျောက်တောင်သဖွယ် တည်တည်တံ့တံ့နေ၏။ ထို့ကြောင့် ပုဏ္ဏေးမကြီး ဇနီးမောင်နှံမှာ ထိတ်လန့်ကြောက်ရွံ့လျက် ပတ်ဝန်းကျင်ကို အော်ဟစ်ပြီးအကူအညီတောင်းသည်။

ထိုအခါကျမှ သိကြားမင်းက မိမိသိကြားမင်းဖြစ်ကြောင်းပြောပြရာ သိကြားမင်းကိုယ်တိုင်ရှိခိုးပူဇော်ခြင်းအမှုကို ခံယူကြသော သာမဏေလေးပါးကို ပုဏ္ဏေးမကြီးသည် ဆွမ်းများလောင်းလှူတော့၏။ ဆွမ်းအလှူခံပြီးသောအခါ သာမဏေသုံးပါးသည် အိမ်ခေါင်မိုးကိုဖောက်ထွက်ပြီး ပြန်ကြွကြ၏။ တစ်ပါးက မြေကြီးကို ထွင်းဖောက်၍ ပြန်ကြွ၏။ သိကြားမင်းက အိမ်တစ်နေရာကို ထွင်းဖောက်၍ ပြန်ကြွလေသည်။

သာမဏေလေးပါးတို့ ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်ကြသောအခါ ထိုအဖြစ်အပျက်ကို ရဟန်းတို့အား လျှောက်ထားကြပြီး 'ပုဏ္ဏားလင်မယားနှစ်ဦး အဲဒီလိုတပည့်တော်တို့ကို ပြုမူဆက်ဆံကြပေမယ့် တပည့်တော်တို့ အမျက်မထွက်ပါဘူး ဘုရား' ဟု ပြောဆိုကြရာ သာမဏေများပြောဆိုသော အသုံးအနှုန်းမှာ ရဟန္တာများအသုံးအနှုန်းစကားမျိုးဖြစ်နေ၍ မယုံကြည်ကြသော ရဟန်းများက လျှောက်ထားတော်မူရာ ဘုရားရှင်က သာမဏေများစကားကို ထောက်ခံတော်မူပြီးလျှင် ဇေတဝန်ကျောင်းတော်၌ သာမဏေလေးပါးကို အကြောင်းပြု၍ ဤဓမ္မဒေသနာကို ဟောကြားဆုံးမတော်မူသည်။

**'ဆန့်ကျင်ဘက်ပြုသူတို့၌ မဆန့်ကျင်သော ဓားတုတ်ကိုင်သူတို့၌ ဓားတုတ်ကို ချထားပြီးဖြစ်၍ ရန်ငြိမ်းပြီးသော စွဲလန်းအပ်သော အရာတို့ ၌ စွဲလန်းခြင်းမရှိသော ပုဂ္ဂိုလ်ကို ဗြဟ္မဏဟူ၍ ငါဘုရားဟောကြားတော်မူ၏'။**

သာမဏေလေးပါးဇာတ်(ဓမ္မပဒ၊ ဗြဟ္မဏဝဂ်)

ရှင်ဉာဏ(ဖျာပုံ)

# ဗုဒ္ဓဂေါတမ၏ စကြဝဠာ(ကမ္ဘာ)အမြင်

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ B.A)



**(ယခင်အပတ်မှအဆက်)**

**လေးကျွန်းတမြင်းမိုရ်ယူဆမှုသဘာဝ**

## ပြဟ္မာဘုံ(၂၀)

**ရူပါဝစရပြဟ္မာ(၁၆)ဘုံ**

ပြဟ္မာ= ပြဟ္မာတို့သည် ကာမဂုဏ်အာရုံငါးပါးခံစားခြင်းမရှိ၊ အလွန်မြတ်သော ချမ်းသာတို့ဖြင့် စင်ကြယ်စွာ ကြီးပွားကြသူများဖြစ်သည်။

ဈာန်တရားနှစ်သက်ခြင်းကို ခံစားသည်၊ နှာ၊ လျှာ၊ ကိုယ်၊ ကာမဂုဏ်ခံစားမှုမရှိ၊ ဘုရားဖူးရန် တရားနာရန် မျက်စိ နားရှိသည်။ ခန္ဓာကိုယ် အလွန်နူးညံ့သိမ်မွေ့သည်။ အထက်ပြဟ္မာ၏ ကိုယ်ကို အောက်ပြဟ္မာက မမြင်ရပါ၊ ဖန်ဆင်းပြမှမြင်ရသည်။

ကာမဘုံသားများ ကာမဂုဏ်ဝတ္ထုများ လေလေ သူဌေးဘွဲ့ရပြီး ကြီးပွားလာလေလေ ဖြစ်သကဲ့သို့ ပြဟ္မာတို့မှာ ကာမဂုဏ်နည်းလေလေ ပထမဈာန်စသော ဈာန်များ ကြွယ်ဝလေလေ၊ ပြဟ္မာအဆင့်အတန်း ကွာခြားလေလေဖြစ်ရသည်။

အသညသတ်ပြဟ္မာမှ တစ်ပါး ကျန်ပြဟ္မာ (၁၅)ဘုံ နတ်ပြည်ထက် ခမ်းနားကြီးကျယ်သော ဥယျာဉ်၊ ဗိမာန်ပဒေသာပင်များရှိ၍ ထိုနေရာများ၌ ပျော်ရွှင်စွာ နေလေ့ရှိသည်။

သို့သော် ကာမဂုဏ်စက်ဆုပ်သူများဖြစ်၍ ကာမဂုဏ်ချမ်းသာမရှိ၊ မိန်းမမရှိ၊ ယောကျ်ားသန္တာန်သာရှိကြသည်။

မေတ္တာစသော ပြဟ္မစိုရ်တရားနှင့်နေသည်။ ဈာန်ပီတိကိုသာစားကြသည်။ ပုထုဇဉ် ပြဟ္မာများက လောကီဈာန်သမာပတ်ဝင်စားနေနိုင်သည်။ အရိယာပြဟ္မာများက ဖလသမာပတ်ဝင် စားနေနိုင်သည်။

ရူပပြဟ္မာ(၁၅)ဘုံကို ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ စတုတ္ထ ဆင့်ဖြင့် ခွဲခြားထားသည်။

ပြဟ္မာပြည်ရောက်နိုင်သော အကျင့်= ယောဂီ ပုဂ္ဂိုလ်သည် ဦးစွာဘာဝနာကို ကြိုးစားအားထုတ်သဖြင့် ရတာနှင့် ကိလေသာတရားများအနယ်ထိုင်ပြီး သမာဓိတရားရလာသည်။ ထို့နောက် ဝိတက်၊ ဝိစာရ၊ ပီတိသုခ၊ ဧကဂ္ဂတာဟူသော ဈာန်တရားတို့ကို စူးစူးစိုက်စိုက် အားထုတ်သဖြင့် သမာဓိတည် ကာ ပထမဈာန်ကို ရရှိသည်။

ဈာန်တရားအားထုတ်ကြရာတွင် ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသဟူသော ဈာန်နှင့် ယှဉ်သော တရားတို့တွင် တစ်ပါးပါးက ဦးစီးရသည်။ အကြီးအမှူး(အဓိပတိ) ဖြစ်ထိုက်သော တရားညံ့နေပါက ပရိတ္တဈာန်ရသည်ဟုဆိုပါသည်။ အလယ်အလတ်စား အကြီးအမှူးဖြစ်က မဇ္ဈိမဈာန်ရသည်။ ထက်မြက်လျှင် အမြတ်ဆုံး၊ ပဏီတဈာန်ရသည် ဟုဆိုသည်။

အသညသတ်ပြဟ္မာ= လူ့ပြည်က ထိုင်၍သေလျှင် ထိုင်လျက်ပုံစံအတိုင်းဖြစ်သည်။ လဲလျောင်းသေလျှင် လဲလျောင်းပုံစံအတိုင်းဖြစ်သည်။ နာမ်တရားမရှိ၍ တရားမနာနိုင်၊ ဇီဝိတနဝကကလာပ်သာရှိသည်။ ရုပ်ပြစ်(၈)ပါး၌ ပါဝင်သည်။

**ပထမဈာန်ပြဟ္မာ(၃)ဘုံ**

၁။ ပြဟ္မာပါရိသဇ္ဇာ= မဟာပြဟ္မာမင်းကြီး၏ ပရိသတ်ဖြစ်သော လက်ပါးစေအလုပ်အကျွေး ပြဟ္မာတို့နေရာဖြစ်သည်။

ရောက်သူ= ပထမဈာန်ကို အညံ့စားပွားသူ (ပရိတ္တပွားသူ)

သက်တမ်း= အန္တရကပ် (၂)ကပ်

(အသင်္ချေယျတစ်ခုမှာ အန္တရကပ် ၆၄ ကပ်ရှိသည်။ အသင်္ချေယျ၏ ၁/၃ အသက်ရှည်သည်)

၂။ ပြဟ္မပုရောဟိတ =ပြဟ္မာအတိုင်ပင်ခံပုရောဟိတ်အရာ၌ တည်သောပြဟ္မာတို့၏ နေရာဖြစ်သည်။

ရောက်သူ= ပထမဈာန်ကို အလတ်စားပွားသူ (မဇ္ဈိမပွားသူ)

သက်တမ်း= အန္တရကပ် ၃၂ ကပ်

အသင်္ချေယျကပ်၏ ၁/၂ ပုံ)

၃။ မဟာပြဟ္မာ=ကြီးမြတ်သော မဟာပြဟ္မာတို့၏ နေရာဖြစ်သည်။ မဟာပြဟ္မာ(၃)မျိုးရှိသည်။

(က) သဟဿပြဟ္မာစကြဝဠာ ၁၀၀၀၀ ကို အစိုးရသည်။

(ခ) ဒိသဟဿပြဟ္မာစကြဝဠာ ၂၀၀၀၀ ကို အစိုးရသည်။

(ဂ) တိသဟဿပြဟ္မာစကြဝဠာ ၃၀၀၀၀ ကို အစိုးရသည်။

မဟာပြဟ္မာများသည် တန်ခိုးကြီးလှသဖြင့် မိမိကိုယ်ကို သတ္တဝါများကို ဖန်ဆင်းသည်။ အခြားပြဟ္မာများကို ဖန်ဆင်းပေးရသည်ဟု ထင်မှတ်နေကြသည်။

ရောက်သူ= ပထမဈာန်ကို ထက်မြတ်စွာပွားသူ (ပဏီတပွားသူ)မျာ

သက်တမ်း=အသင်္ချေယျ(၁)ကပ်

ထို ၃ ဘုံသည် တစ်တန်းတည်း တည်ရှိ ပါသည်။

**ဒုတိယဈာန်(၃)ဘုံ**

၁။ ပရိတ္တာဘာဘုံ= အာသဿရာပြဟ္မာတို့လောက် ကိုယ်ရောင်မတောက်ပဘဲ နည်းသောကိုယ်ရောင် ကိုယ်ဝါရှိသော ပြဟ္မာတို့ တည်ရာနေရာဖြစ်သည်။

ရောက်သူ= ဒုတိယဈာန်ကို အညံ့စားပွားသူ (ပရိတ္တပွားသူ)

သက်တမ်း= မဟာကပ် (၂)ကပ်

၂။ အပ္ပမာဏာဘာဘုံ= အတိုင်းအရှည် ပမာဏ မပြောပြနိုင်လောက်အောင် များပြောင်သော ကိုယ်ရောင်ကိုယ်ဝါ ရှိသော ပြဟ္မာတို့တည်နေရာ နေရာဖြစ်သည်။

ရောက်သူ= ဒုတိယဈာန်ကို အလတ်စားပွားသူ (မဇ္ဈိမပွားသူ)

သက်တမ်း= မဟာကပ်(၄)ကပ် သက်တမ်းရှည်သည်။

၃။ အာဘဿရာဘုံ= တိမ်တိုက်မှ လျှပ်စစ်တွေ ကွန့်မြူးနေသလို ခန္ဓာကိုယ်မှ ကိုယ်ရောင်ကိုယ်ဝါ

များ တလျှပ်လျှပ်ထွက်နေသော ပြဟ္မာတို့ နေရာဖြစ်သည်။
ရောက်သူ- ဒုတိယဈာန်ကို အမြတ်စားပွားသူ (ပဏီတပွားသူ)
သက်တမ်း- မဟာကပ်(၈)ကပ် သက်တမ်းရှည်သည်။
ဤဒုတိယဈာန်(၃)ဘုံသည်လည်း ကောင်းကင် တစ်ပြင်တည်းမှာတည်သည် အာဘဿရာပြဟ္မာသည် ဒုတိယဈာန်ဘုံ၌ ပြဟ္မာမင်းဖြစ်သည်၊ အပ္ပမာဏပြဟ္မာသည် ပြဟ္မာပုရောဟိတ်ဖြစ်သည်။

**တတိယဈာန် (၃)ဘုံ**
၁။ ပရိတ္တာသုဘာဘုံ- မလှုပ်မယှက်တစ်ခဲနက် တောက်ပတင့်တယ်သော ကိုယ်ရောင်ရှိသော ပြဟ္မာတို့၏နေရာ
ရောက်သူ- စတုတ္ထဈာန်ကို အညံ့စားပွားသူ (ပရိတ္တပွားသူ)များ
သက်တမ်း - မဟာကပ် ၁၆ ကပ်
၂။ အပ္ပမာဏာသုဘာဘုံ-အတိုင်းအရှည်မသိသော အလွန်တင့်တယ်၍ မလှုပ်မယှက်တခဲနက် တောက်ပတင့်တယ်သော ကိုယ်ရောင်ရှိသော ပြဟ္မာတို့၏ နေရာ
ရောက်သူ- စတုတ္ထဈာန်ကို အလတ်စားပွားသူ (မဇ္ဈိမပွားသူ)
သက်တမ်း- မဟာကပ်၃၂ ကပ်
၃။ သုဘကိဏ္ဏာဘုံ-မလှုပ်မယှက်တခဲနက်သော တင့်တယ်သော ကိုယ်ရောင်တို့ဖြင့် ရောပြွမ်းသော ပြဟ္မာတို့၏နေရာ
ရောက်သူ- စတုတ္ထဈာန်ကို မြတ်စွာပွားသူ (ပဏီတပွားသူ)
သက်တမ်း- မဟာကပ် ၆၄ ကပ်
(ကမ္ဘာကို မီး၊ ရေ၊ လေ၊ ဖျက်သော အခါ) မပါဝင်၍ ၆၄ ကပ်တိုင်အောင် အသက်ရှည်ကြပါသည်။
ထို ၃ ဘုံသည် တစ်တန်းတည်းရှိပါသည်။

**စတုတ္ထဈာန် (၇) ဘုံ**
၁။ **ဝေဟပ္ဖိုလ်ဘုံ**-ဈာန်အာနုဘော်ဖြင့် ကြီးကျယ်ပြန့်ပြောသော အကျိုးရှိသော ပြဟ္မာတို့၏ နေရာ
ရောက်သူ- ပဉ္စမဈာန်ပွားသူများ
သက်တမ်း- မဟာကပ် ၅၀၀
၂။ **အသညသတ်ဘုံ**- နာမ်ခန္ဓာမရှိ၊ ရုပ်ခန္ဓာသာ ရွှေတုံးရွှေခဲကြီးကဲ့သို့ မလှုပ်မယှက်တည်နေသော ပြဟ္မာတို့၏ နေရာ
သညာ၌ စက်ဆုပ်ရွံရှာသော ဘာဝနာ၏ အစွမ်းဖြင့် သညာစေတသိက်နှင့်တကွ စိတ်၊ စေတသိက်အားလုံးမရှိသောကြောင့် ရုပ်ချည်းသက်သက်ဖြစ်၍ သတ္တဝါမှ ဟုတ်ပါရဲ့လားဟု ထင်ရလောက်အောင် အလွန်ငြိမ်သက်သော ပြဟ္မာတို့၏ နေရာ
ရောက်သူ- ဝါယောကသိုဏ်း၌ သညာမရှိသော ဘာဝနာကိုပွားပြီး ပဉ္စမဈာန်ကိုရသူများ
သက်တမ်း- မဟာကပ် ၅၀၀
(ထို ၂ ဘုံသည် တစ်တန်းတည်း တည်ရှိပါသည်။)

**သုဒ္ဓါဝါသ (၅)ဘုံ (စင်ကြယ်သောသူတို့၏ နေရာဘုံ)**
သုဒ္ဓါဝါသ (၅)ဘုံ(စင်ကြယ်သောသူတို့၏ နေရာဘုံ)
၁။ **အဝိဟာဘုံ**- မိမိတို့ဘုံဌာနကို ခေတ္တခဏပင် မစွန့်လွှတ်နိုင်ဘဲ ကမ္ဘာပေါင်းများစွာ တည်နေလိုသော ပြဟ္မာတို့၏ နေရာ
ရောက်သူ- သဒ္ဓိန္ဒြေလွန်ကဲသော အနာဂါမ် ပုဂ္ဂိုလ်များ
သက်တမ်း- မဟာကပ် ၁၀၀၀
၄။ **အတပ္ပါဘုံ**-ပူပန်ခြင်းမရှိသော ပြဟ္မာတို့၏ နေရာ
ရောက်သူ- ဝိရိယိန္ဒြေလွန်ကဲသော အနာဂါမ် ပုဂ္ဂိုလ်များ
သက်တမ်း- မဟာကပ် ၂၀၀၀
၅။ သုဒဿာဘုံ-လွန်စွာစင်ကြယ်သော ပသာဒစက္ခု၊ ဒိဗ္ဗစက္ခုပညာစက္ခုနှင့် ပြည့်စုံ၍ အလွန်ကောင်းမွန် စွာ မြင်နိုင်စွမ်းရှိသော ပြဟ္မာတို့၏ နေရာ
ရောက်သူ- သတိန္ဒြေလွန်ကဲသော အနာဂါမ် ပုဂ္ဂိုလ်များ
သက်တမ်း- မဟာကပ် ၄၀၀၀
၆။ **သုဒဿီဘုံ**- ပညာမျက်စိနှင့်ဖြစ်စေ၊ သာမာန်မျက်စိနှင့်ဖြစ်စေ အကောင်းဘက်ကိုသာ ကြည့်ရှုလေ့ရှိသော ပြဟ္မာတို့၏နေရာ
ရောက်သူ- သမာဓိန္ဒြေလွန်ကဲသော အနာဂါမ် ပုဂ္ဂိုလ်များ
သက်တမ်း-မဟာကပ် ၈၀၀၀
၇။ အကနိဋ္ဌဘုံ- ငယ်သူမရှိ၊ ကြီးမြတ်သော ရဟန္တာဖြစ်ကြတော့မည့် အနာဂါမ်ပုဂ္ဂိုလ်များ ရောက်ရာနေရာ ဤဘုံသို့ ရောက်လာသော အနာဂါမ်ပုဂ္ဂိုလ်သည် ဤဘုံ၌ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံဝင်ရသည်။
ရောက်သူ- ပညိန္ဒြေလွန်ကဲသော အနာဂါမ် ပုဂ္ဂိုလ်များ
သက်တမ်း- မဟာကပ် ၁၆၀၀၀
ဤဘုံများသည် မီး၊ ရေ၊ လေ ကမ္ဘာဖျက်ရာတွင် မပါဝင်၍ သက်တမ်း ဆုတ်ယုတ်မှု မရှိကြပါချေ။
ပြဟ္မာဘုံများ၏ တစ်ဘုံနှင့်တစ်ဘုံ အကွာအဝေးသည် ယူဇနာ ၅၅၀၈၀၀၀ ကွာဝေးပါသည်။


**အရူပ(၄)ဘုံ**
အရူပ- ရုပ်မရှိ နာမ်သာရှိသည်။
လူ့ပြည်ဝယ် ရုပ်တရားများကို အပြစ်မြင်ပြီး နာမ်ကို ဦးစားပေး၍ အရူပကသိုဏ်းကိုပွားများအားထုတ်သူများသည် အရူပဈာန်အဆင့်ဆင့်ကို ရရှိပြီး အရူပဘုံ အသီးသီးသို့ ရောက်ရှိကြသည်။
အရူပဘုံဟုဆိုသော်လည်း ဘုံမဟုတ်ပါ၊ နာမ်ခန္ဓာအစဉ်ဖြစ်ပြီး ထိုပုဂ္ဂိုလ်များအလိုရှိတိုင်းသာ တည်ရှိပါသည်။
၁။**အာကာသာနဉ္စာယတနဘုံ**- အာကာသာနဉ္စာ တနဈာန်ရသူတို့ သွားရောက်နေရာအရပ်
ရောက်သူ- ကသိုဏ်းမှ ခွာ၍ရသော ကောင်းကင်ကို မတုန်မလှုပ်အာရုံပြုနေသော ပဌမအရူပ ဈာန်ဟုခေါ်သော အာကာသနဉ္စာယတနဈာန်ရသူများ
သက်တမ်း- မဟာကပ် ၂ သောင်း
၂။ **ဝိညာဏဉ္စာယတနဘုံ**- ဝိညာဏဉ္စာယတန ဈာန်ရသူတို့ သွားရောက်နေရာအရပ်
ရောက်သူ- ပဌမအရူပဝိညာဉ်ကို မတုန်မလှုပ်၊ အာရုံပြုနေသော ဒုတိယဈာန်စိတ် ဝိညာဏဉ္စာယတနဈာန်စိတ်ရသူများ
သက်တမ်း- မဟာကပ် ၄ သောင်း
၃။ **အာကိဉ္စညာယတနဘုံ**- အာကိဉ္စညာယတန ဈာန်ရသူတို့ သွားရောက်နေရာအရပ်
ရောက်သူ- အနည်းငယ်မျှ မရှိသည်ကို အာရုံပြုသော ဈာန်ပဌမအရူပဝိညာဉ်စိတ်၏ စိုးစဉ်းမျှ မရှိခြင်း (နတ္ထိဘောပညာတ်)ကို အာရုံပြုသော တတိယအရူပဈာန်ရသူများ
သက်တမ်း- မဟာကပ် ၆ သောင်း
၄။**နေဝသညာနာသညာ ယတနဘုံ**- နေဝသညာ နာသညာယတနဈာန်ရသူတို့နေရာအရပ်
ရောက်သူ- စိတ်မဟုတ်၊ စိတ်မဟုတ်သည်လည်း မဟုတ်ဟုဆိုလောက်သော အလွန်သိမ်မွေ့သော တတိယအရူပဈာန်စိတ်ကို အာရုံပြုသော စတုတ္ထအရူပဈာန်ဟုခေါ်သော နေဝသညာနာသညာယ တနဈာန်ရသူများ
သက်တမ်း- မဟာကပ် ၈၄၀၀၀
ဤအရူပဘုံများသည် အထက် အောက် အစဉ်လိုက်တည်ရှိပါသည်။ အထွဋ်အဖျားဘုံဖြစ်၍ ဘဝဂ်ဘုံဟူ၍လည်းခေါ်ပါသည်။
လူ့ပြည်မှ နေဝသညာနာသညာယတနာဘုံသို့ ယူဇနာပေါင်း ၇၁၈၅၆၀၀၀၀ ကွာဝေးသည် ဟုဆိုပါသည်။

(ဆက်လက်ဖော်ပြပါမည်။)
တက္ကသိုလ်သျှင်သီရိ



# ရှေးဟောင်းယဉ်ကျေးမှုအမွေ ပုဂံမြေသို့

**ဟံသာဝတီ ဦးအုန်းကြိုင်**



ရှေးဟောင်းယဉ်ကျေးမှုအမွေပုဂံမြေသို့ မရောက်သည်မှာ ကြာခဲ့ပြီ။ လွန်ခဲ့သည့် ၃၅ နှစ်သောကာလ (၁၉၇၅ ခုနှစ်)ပုဂံငလျင်ကြီးလှုပ်ခတ်ခါနီး ဆဲဆဲအချိန်က နောက်ဆုံးအခေါက်ရောက်ရှိခဲ့ပါသည်။

ထိုစဉ်က မိမိမှာလည်း အရွယ်အားဖြင့် ၄၇ နှစ်သား အရွယ်ဖြစ်၍ လျင်မြန်သွက်လက်ဖြတ်လတ်ဆဲဖြစ်ပါသည်။ ယခုနှစ် အတာသင်္ကြန်ကျခါနီး ရက်ပိုင်းတွင် ပုဂံမြေသို့ တစ်ခေါက်ရောက်ခဲ့ပြန်သည်။ အသက်အရွယ်မှာ ၈၂ နှစ်ရှိလာပြီဖြစ်၍ အထိုင်အထအလျှောက်အလှမ်း နှေးနွေးကွေးကွေးဖြင့် ရောက်ခဲ့ရခြင်းဖြစ်ပါသည်။

## ၃၅ နှစ်တာကာလခြားနားနေပြီဖြစ်သော ပုဂံမြေ

ယနေ့ပုဂံသည် အရာရာနုပျိုသစ်လွင်၍ လန်းဆန်းနေလေသည်။ ၁၇ နှစ် ၁၈ နှစ်အရွယ် အပျိုပေါက်မကလေးတစ်ယောက်သဖွယ် သွက်လက်ဖြတ်လတ်နေသည်။ လွန်ခဲ့သော ၃၅ နှစ်တာ ကာလကဲ့သို့ မဟုတ်တော့။ ထိုစဉ်က ပုဂံသည် အသက် ၈၀ ကျော် ၉၀ နီးပါး အဖွားအိုကြီးတစ်ယောက် အလား ခါးကိုင်း နားထိုင်းလျက် တုန်တုန်ချိချိဖြင့် ထိတွေ့ခဲ့ရသည်ကို မှတ်မိနေသည်။

ပုဂံသည် တကယ်တော့ မြန်မာတို့၏ ရှေးဟောင်းအမွေ သာသနာ့နယ်မြေကြီးဖြစ်သည်။ ၁၉၇၅ ခုနှစ်က ပုဂံသည် အိုမင်းရင့်ရော်လွန်းလှသည်။ နေရာတကာ အရာရာတိုင်းလိုလို ယိုင်ယိုင်ချိချိဖြစ်နေခဲ့သည်။ ယုတ်စွအဆုံး စေတီတော်တစ်ဆူမှ အခြားစေတီတစ်ဆူဆီသို့ ခြေလျင်လျှောက်၍ ဖြတ်သန်းသွားရသည်မှာ အညာခရောင်းဆူးနှင့် အလေ့ကျထိကရုန်းဆူးများဒဏ်ကြောင့် အတော်ပင်ဒုက္ခနှင့် အရင်းတည်ပြီးမှ ဘုရားဖူးခဲ့ရပါသည်။

ဘုရားပုထိုးများမှာလည်း ပြုပြင်မွမ်းမံမည့် ဒါယကာမတွေ့ကြသေးသဖြင့် အတော်ပင် ဟောင်းအိုဆွေးမြေ့နေပြီဖြစ်ပါသည်။ ဘုရားတစ်ဆူ၏ ဂူလိုဏ်အတွင်းသို့ ဦးခေါင်းလျှိုး၍ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် လိုဏ်တွင်းမှ လင်းဝှက်၊ လင်းဆွဲ၊ လင်းနို့ငှက်များ၏ တောင်ပံရိုက်ချက်သည် မိမိဦးခေါင်းကို အလိုလိုလာရောက် ရိုက်ခတ်ပြီးသားဖြစ်နေပေသည်။

## ယနေ့ခေတ်သစ်ပုဂံမြေအခြေအနေ

ယခုတစ်ခေါက်မှာတော့ ထိုသို့မဟုတ်ပြီ၊ ခေတ်သစ်ပုဂံမြေနေရာအနှံ့ပြုပြင်မွမ်းမံ ခြယ်သ ရှင်းလင်းထားသည်ဖြစ်၍ ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင် ရှုကြည့်လေတိုင်း မြင်မြင်သမျှ တွေ့သမျှ အားရရွှင်လန်းနှစ်ခြိုက်စရာများချည်းဖြစ်နေလေပြီ။

သာသနာ့အမွေ ပုဂံမြေတွင် ဖိနစ်ချွတ်၍လျှောက်လှမ်းသည့်တိုင် အညာခရောင်းဆူးနှင့် ထိကရုန်းဆူးများ လုံးဝမရှိတော့ပြီဖြစ်၍ ဆူးဆူးစရာများပင်မရှိသလောက်ဖြစ်နေလေပြီ။

## ယခင်ခေတ်များကနှင့်မတူ တမူထူးခြားနေသော ပုဂံမြေ

ယနေ့ပုဂံမြေကား ယခင်ခေတ်များနှင့် မတူ တမူထူးခြားလျက် တည်ဆောက်ခါစ အနော်ရထာမင်းကြီး လက်ထက်ကထက်ပင် ပို၍ သစ်လွင်တောက်ပလျက် ရှိနေပြီဟုဆိုနိုင်လောက်မည်ထင်ပါသည်။ အရာရာဆန်းသစ်ပြောင်းလဲလျက် ရှိနေပေပြီ။ အင်မတန်လှ၊ အင်မတန်ချော၊ အင်မတန်မှ မြန်မာဆန်သော ကညာပျိုကလေးနှယ် နုပျိုလန်းဆန်းသွက်လက်နေလေသည်။

နိုင်ငံတော်က ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာ အမွေအနှစ်များကို မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်၍ နေရာတိုင်း ပုထိုးတိုင်း ပြုပြင်ပြင်ဆင်မွမ်းမံလျက်ရှိနေသည်ဖြစ်၍ ယခုလို ထိတွေ့မြင်သိရသမျှ အရာရာတိုင်း ဆန်းသစ်လန်းဆန်းနေခြင်းဖြစ်သည်။

ပုဂံပြည့်ရှင် ထေရဝါဒဗုဒ္ဓသာသနာပြုမင်းကောင်းမင်းမြတ်ကြီးဖြစ်သော အနော်ရထာမင်းကြီး စံမြန်းတော်မူခဲ့သော ပုဂံနန်းတော်ကြီးကိုလည်း ရှေးမူလက်ရာ မပျက် ပြန်လည်တည်ဆောက်နေသည်မှာ အတော်ပင်ပြီးစီးနေပြီကို တွေ့မြင်ခဲ့ရလေသည်။

## ပုဂံရှေးဟောင်းပြတိုက်ကြီးနှင့် ပုဂံရွှေထီးရွှေနန်းတို့

ပုဂံရှေးဟောင်း ယဉ်ကျေးမှုအနုပညာပြတိုက်ကြီးနှင့် ပုဂံရွှေထီး ရွှေနန်းတို့ကား ယနေ့ခေတ် ပုဂံကို အတိုင်းမသိမြင့်မားဝင့်ကြွားထင်ရှားလျက်ရှိပေသည်။

ပုဂံမြေရှိ ဟိုတယ်၊ မိုတယ်၊ အင်းစသည့် တည်းခိုအပန်းဖြေနားနေစရာ အဆောက်အဦးများမှာ ယနေ့ကမ္ဘာ့ငွေကြေးစီးပွားရေးအကြပ်အတည်းဂယက်ရိုက်ခတ်မှုကြောင့်လောမသိ သွေ့ခြောက်နေလေသည်။ မိမိလှည့်လည်ခဲ့သော ပုဂံမြေဝယ် နိုင်ငံခြားသား ခရီးသွားဧည့်သည်ဆို၍ တစ်ယောက်တစ်လေမျှ မတွေ့မြင်ခဲ့ရပေ။ မိမိလို ပြည်တွင်းခရီးသွား ဘုရားဖူးများဖြင့်သာ နေရာတိုင်းလိုလို စည်ကားနေလေသည်။

ထိုနေ့က သင်္ကြန်ကျခါနီးနေ့ရက်များဖြစ်၍ ပုဂံမြေ၏ နေသည်အတော်ကိုပူပြင်းနေပါသည်။ သို့သော် ဇွဲကောင်းလှသော ပြည်တွင်းဘုရားဖူး

ခရီးသွားများကား စေတီတော်တစ်ဆူဆီမှသည် တစ်ဆူဆီသို့ ခြစ်ခြစ်တောက် ပူနေသော ပုဂံနေအောက်ဝယ် တက်သုတ်ရိုက်လှည့်လည်ကြလျက် ဘုရားဖူး ကုသိုလ်ပြုနေကြသည်မှာ ပုဂံနွေ၏ သနစ်ပုံ ပီပြင်ပေါ် လွင်လှပေသည်။

**အနော်ရထာမင်းကြီး၏ သစ္စာတော်အဓိဋ္ဌာန်နှင့် စွယ်တော်လေးဆူ**

'ငါတည်ထားကိုးကွယ်အပ်သော စွယ်တော်မြတ်လေးဆူကို အကြင် သူသည် နောက်နေ့မကူး နေ့ချင်းဖူး၏။ လျှသည့်ကုသိုလ် မပိုတူ၏၊ တောင်းဆို စကားမမှားတူ၏၊ သီလငါးချက် မပျက်လုံ၏၊ ထိုသည့်သူအား မကြာချက် ခြင်း လက်ငင်းကောင်းကျိုးထူးစေသတည်း. . . '

ပုဂံပြည့်ရှင်သာသနာပြု မင်းကောင်းမင်းမြတ်ကြီးဖြစ်သော အနော် ရထာမင်းကြီးသည် ဂေါတမမြတ်စွာဘုရားရှင်၏ စွယ်တော်ပွားလေးဆူတို့ကို ပုဂံမြို့ကြီး၏ ထောင့်အရပ်(၄)ထောင့်တို့၌ စွယ်တော်ရှင်စေတီတော် (၄)ဆူ တည်ထားတော်မူခဲ့လေသည်။ ယင်းစွယ်တော်ရှင် စေတီတော် (၄)ဆူ တည် ထားပြီးသည့်နောက် အနော်ရထာမင်းကြီးသည် အထက်ဖော်ပြပါ ထူးခြားသော သာသနာသစ္စာအဓိဋ္ဌာန်တစ်ရပ်ကို မှတ်မှတ်ထင်ထင်ပြုခဲ့သည်ဟုဆိုသည်။

ထိုသာသနာသစ္စာအဓိဋ္ဌာန်သည်ကား အထက်၌ဖော်ပြသကဲ့သို့ ပုဂံ မြို့ကြီး၏ အနောက်ဖက် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ 'တန့်ကြည့်တောင် စွယ်တော်ရှင် စေတီတော်'၊ ပုဂံမြို့မှ တာတစ်ထောင်ကွာလောကနန္ဒာအရပ်၌ တည်ထားသော 'လောကနန္ဒာစွယ်တော်ရှင်စေတီတော်'၊ ပုဂံမြို့အရှေ့ဘက် အရပ်ရှိ 'တုရင်တောင်စွယ်တော်ရှင် စေတီတော်'နှင့် ညောင်ဦးရှိ 'ရွှေစည်းခုံ စွယ်တော်ရှင်စေတီတော်' တို့ဖြစ်သည်။

ဎင်းစွယ်တော်ရှင်စေတီတော်မြတ်(၄)ဆူတို့မှာ တစ်ဆူနှင့် တစ်ဆူ တည်ရာဌာနတို့မှာ လွန်စွာအလှမ်းကွာကြသည်။ ရှေးခေတ်ကဆိုလျှင် ယင်းစွယ်တော်ရှင်(၄)ဆူတို့ကို တစ်နေ့တည်းနှင့် နေ့ချင်းပြီးဖူးရန်မှာ များစွာ မလွယ်ကူပေ။

ထို့ကြောင့်လည်း ဘုရားဒါယကာအနော်ရထာဘုရင်မင်းမြတ်ကြီးက အထက်ပါသာသနာသစ္စာအဓိဋ္ဌာန်ကို ပြုခဲ့ခြင်းဖြစ်မည်။ ယင်းစွယ်တော်ရှင် (၄)ဆူကို တစ်နေ့တည်းနှင့် နောက်နေ့မကူးနေ့ချင်းပြီးဖူးရမည်။ ထိုစေတီတော် တို့၌ မိမိလှူဒါန်းပူဇော်အပ်သော ကုသိုလ်ပစ္စည်းများလည်း မပိုမလို အတူတူ လှူတာဖြစ်ရမည်။ ဥပမာဖယောင်းတိုင်တစ်တိုင်စီဆိုလျှင် အားလုံးတစ်တိုင် စီပဲဖြစ်ရမည်။ ဆုတောင်းစကားလည်း မပိုမလို အတူတူဖြစ်ရမည်။ ခံယူ ဆောက်တည်ထားသော ငါးပါးသီလလည်း မပျက်မယွင်း လုံခြုံအောင် စောင့်ထိန်းနိုင်ရမည်။ ထိုသူမျိုးသည် ဎင်းဆုတောင်းအတိုင်း ဒိဋ္ဌဓမ္မချက်ချင်း လက်ငင်းကောင်းကျိုးထူးစေရမည်ဟုဆိုလိုပါသည်။

**အင်းဝခေတ် သိုက်ထွက်စကားအဆို**

ဤလေးဆူဘုရား၊ စွယ်တော်ပွားကို
တစ်ရက်အားဖြင့်၊ ဖူးရလင့်ငြား

အကျိုးမှာကား၊ ဣဒ္ဓိသိဒ္ဓိကြံတိုင်းပြည့်၏ဟူ၍ အင်းဝခေတ်၌ သိုက်စာတစ်ရပ်ကဆိုပါသည်။ သို့ဖြင့် စွယ်တော်လေးဆူအရေးကား ပုဂံသို့ ရောက်ရှိကြသော ဘုရားဖူးခရီးသည်တို့၏ အရေးကြီးရှေ့တန်းကိစ္စကြီးတစ်ရပ် ဖြစ်လာပါသည်။

**စွယ်တော်ရှင်(၄)ဆူ ဖြစ်တော်မူသမိုင်း**

သီရိလင်္ကာနိုင်ငံခေါ် ရှေးအခေါ်သိန်းခိုပြည် သီဟိုဠ်ကျွန်းမှ ဓာတု သေနမင်းက ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးထံသို့ ဓမ္မပဏ္ဏာတော်အဖြစ် ဆက်သလိုက်သော မြတ်စွာဘုရားရှင်၏ စွယ်တော်ပွားတစ်ဆူကို ရတနာပန်းတောင်း၌ သီတင်းသုံးတော်မူစေလျက် ပူဇော်တော်မူလေသည်။

"ဝေနေယျကြာတာသတ္တဝါများ၏ အကျိုး၊ သာသနာတော်၏ အကျိုးအလို့ငှာ ဤစွယ်တော်မြတ်သည် တစ်ဆူပွားတော်မူပါဘုရား" ဟုအနော်ရထာမင်းကြီး တောင်းပန်လျှောက်ထားခြင်းဖြင့် စွယ်တော်မှာ (၄)ဆူပွား၍ မူလစွယ်တော်နှင့်ပါ (၅)ဆူဖြစ်တော်မူလေသည်။

**မူလစွယ်တော်ကို ရွှေစည်းခုံမှာ ဌာပနာပြုခြင်း**

သီဟိုဠ်ကျွန်းမှ ဆက်သလိုက်သောမူလစွယ်တော်ပွားကို ညောင်ဦး ရွှေစည်းခုံစေတီတော်တွင် ဌာပနာပြုပြီး ကျန်စွယ်တော်ပွား (၄)ဆူတို့ကို တစ်ဆူစီ ဆင်ဖြူတော်ရတနာထက်တင်၍ "ဘုရားတည်လိုရာ အရပ်မှာ ဤ ဆင်ဖြူတော်ဝပ်စေသော်"ဟု အဓိဋ္ဌာန်ပြုကာ လွှတ်တော်မူရာ၊ ပဌမ စွယ်တော် ပွားတစ်ဆူတင်သောဆင်ဖြူရတနာသည် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ တန့်ကြည့်တောင်ထိပ်တွင် ဆင်ဖြူတော်ဝပ်လေသည်။

**တန့်ကြည့်တောင်စွယ်တော်ရှင်စေတီတော်**

အနော်ရထာမင်းကြီးသည် ဎင်းဆင်ဖြူတော်ဝပ်ရာ တန့်ကြည့် တောင်ထိပ်တွင် စေတီတော်တစ်ဆူတည်ထားသည်။ ဎင်းစေတီတော်ကို 'တန့်ကြည့်တောင်စွယ်တော်ရှင်စေတီတော်' ဟု ဘွဲ့အမည်သမုတ်တော်မူသည်။

**လောကနန္ဒာစွယ်တော်ရှင်စေတီတော်**

ဒုတိယစွယ်တော်ပွားတစ်ဆူကို ရတနာပန်းတောင်းတွင်ထည့်ကာ ဆင်ဖြူတော်ရတနာပေါ်တင်၍ အဓိဋ္ဌာန်ပြုပြီးစေလွှတ်ပြန်သောအခါ ဆင်ဖြူ တော်သည် ပုဂံမြို့တော်မှ တာပေါင်း (၁၀၀၀)အကွာ အနောက်တောင်ထောင့် ဧရာဝတီမြစ်ကမ်းပါး၊ သီရိပစ္စယာဒုယတိနန်းတော်ရာ၏ တောင်ဖက် ထိုစဉ်က ပုဂံသင်္ဘောဆိပ်အနီး ကုန်းမြင့်ထက်တွင် ဆင်ဖြူတော်ဝပ်လေသည်။

ထိုနေရာတွင် အနော်ရထာမင်းကြီးသည် စေတီတော်တစ်ဆူ တည် ထားကိုးကွယ်ခဲ့ရာ အရပ်ဌာနကို စွဲ၍ 'လောကနန္ဒာစွယ်တော်ရှင် စေတီတော်' ဟု ယခုတိုင်ခေါ်တွင်လေသည်။

**တုရင်တောင်စွယ်တော်ရှင်စေတီတော်**

အနော်ရထာမင်းကြီးသည် တတိယစွယ်တော်ပွားတစ်ဆူကို ဆင်ဖြူ တော်ထက်တင်ပြီးသော် စွယ်တော်မြတ်ကိန်းဝပ်တော်မူလိုသောအရပ်၌ ဆင်ဖြူ တော်တုပ်ဝပ်စေသောဟူ၍ အဓိဋ္ဌာန်ပြုပြီးလွှတ်တော်မူသောအခါ ဆင်ဖြူတော် သည် ပုဂံမြို့အရှေ့ဖက်ရှိ တုရင်တောင်ထက်၌ ဝပ်သဖြင့် ဆင်ဖြူတုပ်ဝပ်သော နေရာတွင် စေတီတည်ပြီး စွယ်တော်မြတ်ကို ဌာပနာခဲ့သည်ဟု အစဉ်အလာ အားဖြင့် မှတ်သားခဲ့ကြသည်။ ထိုစေတီတော်ကို 'တုရင်တောင်စွယ်တော်ရှင် စေတီ' ဟု ကမ္ပည်းထိုးခဲ့သည်။

အောက်ခြေတွင် ဆင် ၃၂ ကောင်ခံပြီး လောကနန္ဒာစေတီကဲ့သို့ အောက်ခြေဖိနပ်တော် ရှစ်မြှောက်ခံ၍ ခေါင်းလောင်းပုံသဏ္ဍာန်ဖြင့် တည်ဆောက်ထားရှိလေသည်။

မူလတုရင်တောင်မှာ ကာလရွေ့လျော၍ တူရွင်းတောင်ဟု ခေါ်ဝေါ် နေကြသည်။ တုရင်တောင်ဟူသော မူလဝေါဟာရကို ယင်းစေတီ တော်အနီးရှိ ကျောက်စာရုံအတွင်းမှ ကျောက်စာချပ်များ၌ မူလရေးထိုးထား ကြောင်းတွေ့ရှိရသည်။

**နှစ်ပေါင်း ၂၅ သန်းခန့်ရှိခဲ့သော သဲကျောက်တောင်**

တုရင်တောင်မှာ လွန်ခဲ့သော နှစ်ပေါင်း ၂၅ သန်းခန့်က ဖြစ်ပေါ်ခဲ့ သော သဲကျောက်တောင်ဖြစ်သည်။ ညောင်ဦးရွှေစည်းခုံစေတီတော် တည် စဉ်က ဎင်းတုရင်တောင်မှ ကျောက်များကိုဆစ်၍ လူအများလက်ဆင့်ကမ်းပြီး သယ်ယူခဲ့သည်ကို ကျောက်ဆစ်ရာများတွေ့ရှိခြင်းက သက်သေခံနေကြသည်။ တုရင်တောင်မှ ကျောက်ချပ်အချို့တို့၏ အကြားတွင် နှစ်ပေါင်း ၂၅ သန်းခန့် က သစ်ရွက်အရာများ ကြားညှပ်လျက်ပါရှိသည်ကို ယခုတိုင်တွေ့ကြရသည်။ ယင်းသစ်ရွက်အရာများပါသော ကျောက်ချပ်များကို ယခုအခါ ပုဂံရှေးဟောင်း ပြတိုက်၌ ပြသထားလေသည်။

**မူလစွယ်တော်ပွားတည်ထားရာ ရွှေစည်းခုံစွယ်တော်ရှင်စေတီတော်**

ပုဂံမြို့အရှေ့မြောက်ညောင်ဦးအရပ်တွင် 'ရွှေစည်းခုံစွယ်တော်ရှင် စေတီတော်မြတ်ကြီး' ကို ပုဂံပြည့်ရှင် သာသနာပြုအနော်ရထာမင်းကြီး စတင်


စာမျက်နှာ ၂၆ သို့

## ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်စီရင်ရေးသားပြီး တစ်နေ့ (၅) ကြိမ် ရွတ်ဖတ်ပူဇော်တော်မူသော ဘုန်းကြီးသက်ရှည် လောကဓမ္မနှစ်ပါးတို့၌ အပိတ်အပင်အတားအဆီးတို့ကို ထွင်းဖောက်၍ အရာရာအောင်မြင်စေသော သတ္တသမ္ဗုဒ္ဓစက္ကပရိတ္တခေါ်

# ဘုရားခုနစ်ဆူစက်ပရိတ်တော်ကြီး

**ငြိမ်းချမ်းဦး**

**သတ္တသမ္ဗုဒ္ဓစက္ကပရိတ်ခေါ် ဘုရားခုနစ်ဆူစက်ပရိတ်တော်ကြီး၏တန်ခိုးတော်**

(၁) အနန္တပုညဟုဘုရားရှင်တို့အား ချီးမွမ်းပူဇော်သောကြောင့်လည်းကောင်း၊ စက်ဖွဲ့၍အရံအတားပြုသောကြောင့်လည်းကောင်း၊ ရွတ်ဖတ်ပူဇော်သူတို့သည် ကံဇာတာတက်မည်။ ကံကောင်းလာမည်။ ကံမြင့်လာမည်။ ကံပွင့်လာမည်။ ကံထူးလာမည်။

(၂) အနန္တဂုဏဟု ချီးမွမ်းပူဇော်ခြင်း။ စက်ဖွဲ့အရံအတားပြုခြင်းတို့ကြောင့်၊ ရွတ်ဖတ်ပူဇော်သူသည် ဂုဏ်သိက္ခာတက်မည်။ ဘွဲ့ထူးဂုဏ်ထူး နာမည်ကောင်းရမည်။ ကျော်ကြားမည်။

(၃) အနန္တဉာဏဟု ချီးမွမ်းထောမနာပူဇော်ခြင်း၊ စက်ဖွဲ့ပရိတ်အရံအတားပြုခြင်းကြောင့် အကြံကောင်း ဉာဏ်ကောင်းထွက်မည်။ အကြံဉာဏ်ကောင်းပေးသူ မိတ်ဆွေသူတော်ကောင်းတွေ့ကြုံမည်။ လောကီလောကုတ္တရာ အကျိုးစီးပွားအခွင့်အလမ်းသာစေမည့် အကြံဉာဏ်ရရှိမည်။

(၄) အနန္တတေဇဟု ဗုဒ္ဓထောမနာပူဇော်ခြင်း၊ စက်ဖွဲ့အရံအတားပြုခြင်းကြောင့် အစွမ်းသတ္တိထက်မြက်လာမည်။ ရဲရင့်လာမည်။ ကိုယ်စွမ်းဉာဏ်စွမ်းအားကောင်းလာမည်။

(၅) အနန္တဣဒ္ဓိဟု ဘုရားခုနစ်ဆူတို့အား ချီးကျူးထောမနာပူဇော်ခြင်း၊ စက်ကြီးဖွဲ့၍ အရံအတားပြုခြင်းကြောင့် ကိစ္စအားလုံးပြီးစီးအောင်မြင်ခြင်း။ မိမိအလိုဆန္ဒအတိုင်းပြည့်ဝအောင်မြင်ခြင်း။ အရာရာ၌ အောင်မြင်ခြင်း သိဒ္ဓိမင်္ဂလာပန်ဆင်ရမည်ဖြစ်သည်။

(၆) အနန္တဇုတိဟု ဘုရားခုနစ်ဆူတို့အား ချီးကျူးထောမနာပြုပူဇော်ခြင်း၊ စက်ကြီးဖွဲ့၍ အရံအတားပြုခြင်းကြောင့် တန်ခိုးအရှိန်အဝါတောက်ပခြင်း။ အာဏာအရောင်ဝင်းပြောင်ထွန်းလင်းခြင်း။ ညဥ့်အခါ မီးရှူးတန်ဆောင်အရာအထောင်ထွန်းလင်းဘိသကဲ့သို့ တန်ခိုးအာဏာအရောင်အဝါတို့သည် သူတစ်ပါးတို့အပေါ် လွှမ်းကျော်ထိန်လင်းမည်ဖြစ်သည်။

ဤအကျိုးသွားတို့ကိုမြင်တော်မူ၍ ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီးသည် ဤစက်ပရိတ်တော်ကြီး၌ ဤသည့်ဂုဏ်ခြောက်ပါးကို အထူးရွေးချယ်ထုတ်နုတ်စီရင်တော်မူခဲ့လေသည်။

**လူရည်ချွန် လူရည်မွန် ပုဂ္ဂိုလ်ကျော်များ**

ဤလောက၌-

(၁) ကံဇာတာတက်ခြင်း။

(၂) ဂုဏ်သိက္ခာတက်ခြင်း။

(၃) အကြံကောင်းဉာဏ်ကောင်းရခြင်း။

(၄) စိတ်တန်ခိုးသတ္တိထက်မြက်ခြင်း။

(၅) အရာရာအောင်မြင်ပြီးစီးခြင်း။

(၆) အရှိန်အဝါအာဏာရှိခြင်း။

ဤအရည်အသွေးခြောက်ပါးရှိပါက လောက၌လူရည်ချွန် လူရည်မွန်ဖြစ်မည်မချွတ်တည်း။

ဤကဲ့သို့သောအကျိုးတို့ကို လိုလားကြကုန်သော သူတော်ကောင်းတို့သည် တစ်နေ့လျှင်အနည်းဆုံး (၁) ကြိမ်၊ စွမ်းနိုင်ပါက (၂) ကြိမ်၊ (၃) ကြိမ် စသည်၊ ဤဘုရားခုနစ်ဆူစက်ပရိတ်တော်ကြီးကို ရွတ်ဖတ်ပူဇော်တော်မူကြရန် အထူးတိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

**ဘုရားခုနစ်ဆူတို့အား ဂုဏ်တော်ကြီးခြောက်ပါးဖြင့် ချီးမွမ်းပူဇော်ခြင်း**

(၁) ဝိပဿီ ဗုဒ္ဓေါ၊ ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

(၂) သိခီဗုဒ္ဓေါ၊ ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

(၃) ဝေဿဘူဗုဒ္ဓေါ၊ ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

(၄) ကကုသန္ဓော ဗုဒ္ဓေါ၊ ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

(၅) ကောဏာဂမနော ဗုဒ္ဓေါ၊ ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

(၆) ကဿပေါ ဗုဒ္ဓေါ၊ ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

(၇) ဂေါတမော ဗုဒ္ဓေါ၊ ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

**ဘုရားခုနစ်ဆူအပေါင်းတို့အား ဂုဏ်တော်ကြီးခြောက်ပါးတို့ဖြင့် စုပေါင်းချီးမွမ်း၍ပူဇော်ကြခြင်း။**

သတ္တိမေ၊ ဗုဒ္ဓါဘဂဝန္တော၊ အရဟန္တော၊ သမ္မာသမ္ဗုဒ္ဓါ၊ အနန္တပုညာ၊ အနန္တဂုဏာ၊ အနန္တဉာဏာ၊ အနန္တတေဇာ၊ အနန္တဣဒ္ဓိမန္တာ၊ အနန္တဇုတိမန္တာ။

**ထိုဘုရားခုနစ်ဆူတို့အား တုပ်ဝပ်ရှိကျိုးရှိခိုးခြင်း။**

နမော တေသံ၊ သတ္တန္နံ ဗုဒ္ဓါနံ၊ ဘဂဝန္တာနံ အရဟန္တာနံ၊ သမ္မာသမ္ဗုဒ္ဓါနံ။

ဒုတိယမ္ပိ နမောတေသံ၊ သတ္တန္နံဗုဒ္ဓါနံ၊ ဘဂဝန္တာနံ အရဟန္တာနံ၊ သမ္မာသမ္ဗုဒ္ဓါနံ။

တတိယမ္ပိ နမောတေသံ၊ သတ္တန္နံ ဗုဒ္ဓါနံ၊ ဘဂဝန္တာနံ အရဟန္တာနံ၊ သမ္မာသမ္ဗုဒ္ဓါနံ။

**ဘုရားခုနစ်ဆူတို့၏ ဂုဏ်တော်ကြီးခြောက်ချက်တို့ကို စက်တော်ကြီးခြောက်ပါးအဖြစ်ပြု၍ ပရိတ်အရံအတားကြီးပြုလုပ်ခြင်း။**

(၁) အနန္တပုညာ သတ္တိမေ၊ ဗုဒ္ဓါဘဂဝန္တော အရဟန္တော၊ သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ပုညစက္ကေဟိ အမှေ ရက္ခန္တု။

(၂) အနန္တဂုဏော သတ္တိမေ၊ ဗုဒ္ဓါဘဂဝန္တော အရဟန္တော၊ သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ဂုဏစက္ကေဟိ အမှေ ရက္ခန္တု။

(၃) အနန္တဉာဏာ သတ္တိမေ၊ ဗုဒ္ဓါဘဂဝန္တော အရဟန္တော၊ သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ဉာဏစက္ကေဟိ အမှေ ရက္ခန္တု။

(၄) အနန္တတေဇာ သတ္တိမေ၊ ဗုဒ္ဓါဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ တေဇစက္ကေဟိ အမှေ ရက္ခန္တု။

(၅) အနန္တကက္ခိမန္တာ သတ္တိမေ၊ ဗုဒ္ဓါဘဂဝန္တော အရဟန္တော၊ သမ္မာ သမ္ဗုဒ္ဓါ အနန္တေဟိ ကက္ခိစက္ကေဟိ အမေ့ ရက္ခန္တု။

(၆) အနန္တဇုတိမန္တာ သတ္တိမေ၊ ဗုဒ္ဓါဘဂဝန္တော အရဟန္တော၊ သမ္မာ သမ္ဗုဒ္ဓါအနန္တေဟိ ဇုတိစက္ကေဟိ အမေ့ ရက္ခန္တု။

**အနန္တအသချေ်ယျဖြစ်တော်မူသောဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင် မြတ်ကြီးတို့၏ တန်ခိုးရှိန်ဝါအာဏာကြီးမားလှစွာသော အနန္တသဗ္ဗည ဗုဒ္ဓစက်၊ အနန္တပစ္စေက ဗုဒ္ဓစက်၊ အနန္တအရဟန္တစက်ကြီးတို့ဖြင့် ပရိတ် အရံအတားကြီးထပ်ဆင့်၍ပြုလုပ်ခြင်း**

(၁) သဗ္ဗေ သဗ္ဗညု သမ္ဗုဒ္ဓါ၊ မာရသေနဝိဓမိနော၊ မာရသေန ဝိမဒ္ဒိနာ မာရသေန ဝိဇိတာဝိနော၊ သဗ္ဗေဟိ သဗ္ဗညုဗုဒ္ဓစက္ကေဟိ၊ အမေ့ရက္ခန္တု။

(၂) သဗ္ဗေ ပစ္စေက သမ္ဗုဒ္ဓါ၊ သဃမ္ဘူ ဝိဇိတာဝိနော သဗ္ဗေဟိ ပစ္စေက ဗုဒ္ဓစက္ကေဟိ၊ အမေ့ရက္ခန္တု။

(၃) သဗ္ဗေ ဗုဒ္ဓါနုဗုဒ္ဓါ၊ အရဟန္တော ခီဏာသဝါ၊ သဗ္ဗေဟိ အရဟန္တ စက္ကေဟိ၊ အမေ့ရက္ခန္တု။

**သတ္တသမ္ဗုဒ္ဓစက္ကပရိတ္တခေါ် ဘုရားခုနစ်ဆူစက်ပရိတ်နိဿယ**

၁။ ဘဂဝါ- ဘုန်းတော်ခြောက်ပါးနှင့်တောက်ကြွားကုံလုံ ပြည့်စုံ တော်မူသော၊ အရဟံ- ပူဇော်အထူးအလျှုဦးကို ခံတော်မူထိုက်သော သမ္မာသမ္ဗု ဒ္ဓေါ- ဥေယျဓမ္မ ရှိသမျှကျိုးခြံအလုံးစုံသော တရားတို့ကို ခွဲခြားနိုင်းထောက် မဖောက်မပြန် သယမ္ဘုဉာဏ်ဖြင့် ဧကန်တိတိသိတော်မူသော၊ ဝိပဿီဗုဒ္ဓေါ- ဝိပဿီမြတ်စွာဘုရားသည်

(က) အနန္တပုညော- အဆုံးမရှိအတိုင်းမသိ အမိတအသချေ်အနန္တ ဘုန်းတော်ကံတော်တို့နှင့် ပြည့်စုံတော်မူပါပေ၏။

(ခ) အနန္တဂုဏော- အဆုံးမရှိအတိုင်းမသိ အမိတအသချေ်အနန္တ ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပါပေ၏။

(ဂ) အနန္တဉာဏော- အဆုံးမရှိအတိုင်းမသိ အမိတအသချေ်အနန္တ ဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူပါပေ၏။

(ဃ) အနန္တတေဇော- အဆုံးမရှိအတိုင်းမသိ အမိတအသချေ်အနန္တ ပါရမီ သုံးလီဆယ်တန် ကံတော်စွမ်း၊ ဉာဏ်တော်စွမ်း၊ ဂုဏ်တော်စွမ်း၊ အစွမ်း ကဲမို့ ထိုထိုသတ္တိတန်ခိုးတို့နှင့် ပြည့်စုံတော်မူပါပေ၏။

(င) အနန္တကက္ခိ- အဆုံးမရှိ အတိုင်းမသိ ရှိရှိသမျှ ကုဋ္ဌဖလ သုခ ကောင်းကျိုးအမျိုးမျိုးတို့ကို တိုးစေတက်စေပြီးစေအောင်စေဖြစ်စေပြည့်စေနိုင် သော အမိတအသချေ်အနန္တကက္ခိတန်ခိုးတို့နှင့် ပြည့်စုံတော်မူပါပေ၏။

(စ) အနန္တဇုတိ- အဆုံးမရှိအတိုင်းမသိ အမိတအသချေ်အနန္တ ဖြစ်သောအတုလအရှိန်အဝါ အာဏာကဲမိုး တန်ခိုးတော်တို့နှင့် ပြည့်စုံတော် မူပါပေ၏။

၂။ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ (အထက်ပါအနက်ပေးမြဲအတိုင်း ဆက်)

သိခီဗုဒ္ဓေါ- သိခီမြတ်စွာဘုရားသည် (အနန္တပုညော ၆ ချက် အနက် ပေးမြဲအတိုင်း)

၃။ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊

ဝေဿဘူဗုဒ္ဓေါ- ဝေဿဘူမြတ်စွာဘုရားသည် (၆ချက်အနက် ပေးမြဲအတိုင်း)

၄။ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊

ကကုသန္ဓော ဗုဒ္ဓေါ- ကကုသန်မြတ်စွာဘုရားသည် (၆ချက်အနက် ပေးမြဲအတိုင်း)

၅။ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊

ကောဏာဂမန- ကောဏာဂုံမြတ်စွာဘုရားသည် (၆ချက်အနက် ပေးမြဲအတိုင်း)

၆။ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊

ကဿပေါဗုဒ္ဓေါ- ကဿပမြတ်စွာဘုရားသည် (၆ချက်အနက် ပေးမြဲအတိုင်း)

၇။ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊

ဂေါတမောဗုဒ္ဓေါ- အကျွန်ုပ်တို့၏ဆရာ ဂေါတမမြတ်စွာဘုရားသည် (၆ချက်အနက် ပေးမြဲအတိုင်း)

**ဘုရားခုနစ်ဆူတို့အား ဂုဏ်တော်ကြီးခြောက်ပါးတို့ဖြင့် ချီးမွမ်းပူဇော် ခြင်း။**

ဘဂဝန္တော- ဘုန်းတော်ခြောက်ပါးတို့နှင့် တောက်ကြွားကုံလုံ ပြည့်စုံ တော်မူကြပေကုန်သော၊ အရဟန္တော- ပူဇော်အထူး အလှူဦးတို့ကို ခံယူတော် မူထိုက်ကုန်သော၊ သမ္မာသမ္ဗုဒ္ဓါ- ဥေယျဓမ္မရှိသမျှကျိုးခြံ အလုံးစုံသော တရား တို့ကို ခွဲခြားနိုင်ထောက် မဖောက်မပြန် သယမ္ဘုဉာဏ်ဖြင့် ဧကန်တိတိ သိတော် မူကြပေကုန်သော၊ သတ္တ-ခုနစ်ဆူကုန်သော ဣမေဗုဒ္ဓါ-ဤဘုရားရှင်ကိုယ်တော် မြတ်ကြီးတို့သည်-

(က) အနန္တပုညာ- အဆုံးမရှိ အတိုင်းမသိ အမိတအသချေ်အနန္တ ဘုန်းတော်ကံတော်တို့နှင့် ပြည့်စုံတော်မူကြပါပေကုန်၏။

(ခ) အနန္တဂုဏာ- အဆုံးမရှိအတိုင်းမသိအမိတအသချေ်အနန္တဂုဏ် တော်တို့နှင့် ပြည့်စုံတော်မူကြပါပေကုန်၏။

(ဂ) အနန္တဉာဏာ- အဆုံးမရှိ အတိုင်းမသိ အမိတအသချေ်အနန္တ ဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူကြပါပေကုန်၏။

(ဃ) အနန္တတေဇာ- အဆုံးမရှိအတိုင်းမသိ အမိတအသချေ်အနန္တ ပါရမီ သုံးလီဆယ်တန် ကံတော်စွမ်း၊ ဉာဏ်တော်စွမ်း၊ ဂုဏ်တော်စွမ်း၊ အစွမ်း ကဲမို့ ထိုထိုသတ္တိတန်ခိုးတို့နှင့် ပြည့်စုံတော်မူကြပါပေကုန်၏။

(င) အနန္တကက္ခိမန္တာ- အဆုံးမရှိ အတိုင်းမသိ ရှိရှိသမျှ ကုဋ္ဌဖလ သုခကောင်းကျိုးအမျိုးမျိုးတို့ကို တိုးစေတက်စေပြီးစေအောင်စေဖြစ်စေပြည့်စေ နိုင်သော အနန္တကက္ခိတန်ခိုးတို့နှင့် ပြည့်စုံတော်မူကြပါပေကုန်၏။

(စ) အနန္တဇုတိမန္တာ- အဆုံးမရှိ အတိုင်းမသိ အမိတအသချေ်အနန္တ ဖြစ်သော အတုလအရှိန်အဝါအာဏာကဲမိုး တန်ခိုးတော်တို့နှင့် ပြည့်စုံတော် မူကြပါပေကုန်၏။

**ထိုခုနစ်ဆူသော ဘုရားရှင်တို့အား တုပ်ဝပ်ရိုကျိုးရှိခိုးပူဇော်ခြင်း**

ဘဂဝန္တာနံ- ဘုန်းတော်ခြောက်ပါးတို့နှင့် တောက်ကြွားကုံလုံ ပြည့်စုံ တော်မူကြကုန်သော၊ အရဟန္တာနံ- ပူဇော်အထူးအလှူဦးတို့ကို ခံယူတော်မူထိုက် ကုန်သော၊ သမ္မာသမ္ဗုဒ္ဓါနံ၊ ဥေယျဓမ္မ ရှိသမျှကျိုးခြံ အလုံးစုံသောတရားတို့ကို ခွဲခြားနိုင်းထောက် မဖောက်မပြန်ဧကန်တိတိ သိတော်မူကြကုန်သော၊ သတ္တန္နံ- ခုနစ်ဆူကုန်သော၊ တေသံဗုဒ္ဓါနံ- ထိုဘုရားသခင်ကိုယ်တော်မြတ်ကြီးတို့အား၊ မေ- အကျွန်ုပ်၏၊ နမော-ရှိခိုးခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း။

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ ဘဂဝန္တာနံ- ဘုန်းတော်ခြောက်ပါး တို့နှင့် တောက်ကြွားကုံလုံ ပြည့်စုံတော်မူကြကုန်သော၊ အရဟန္တာနံ- ပူဇော် အထူး အလှူဦးတို့ကို ခံယူတော်မူထိုက်ကုန်သော၊ သမ္မာသမ္ဗုဒ္ဓါနံ- ဥေယျဓမ္မ ရှိသမျှ ကျိုးခြံအလုံးစုံသောတရားတို့ကို ခွဲခြားနိုင်းထောက် မဖောက်မပြန် ဧကန်တိတိ သိတော်မူကြကုန်သော၊ သတ္တန္နံ- ခုနစ်ဆူကုန်သော၊ တေသံဗုဒ္ဓါနံ- ထိုဘုရားသခင်ကိုယ်တော်မြတ်ကြီးတို့အား၊ မေ- အကျွန်ုပ်တို့၏၊ နမော-ရှိခိုး ခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း။

တတိယမ္ပိ- သုံးကြိမ်မြောက်လည်း၊ ဘဂဝန္တာနံ- ဘုန်းတော်ခြောက်ပါး တို့နှင့် တောက်ကြွားကုံလုံ ပြည့်စုံတော်မူကြကုန်သော၊ အရဟန္တာနံ- ပူဇော် အထူး အလှူဦးတို့ကို ခံယူတော်မူထိုက်ကုန်သော၊ သမ္မာသမ္ဗုဒ္ဓါနံ- ဥေယျဓမ္မ ရှိသမျှ ကျိုးခြံအလုံးစုံသောတရားတို့ကို ခွဲခြားနိုင်းထောက် မဖောက်မပြန် ဧကန်တိတိ သိတော်မူကြကုန်သော၊ သတ္တန္နံ- ခုနစ်ဆူကုန်သော၊ တေသံဗုဒ္ဓါနံ- ထိုဘုရားသခင်ကိုယ်တော်မြတ်ကြီးတို့အား၊ မေ- အကျွန်ုပ်တို့၏၊ နမော-ရှိခိုး ခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း။

**ဘုရားခုနစ်ဆူတို့၏ဂုဏ်တော်ကြီးခြောက်ချက်တို့ကို စက်တော်ကြီးခြောက်ပါးပြုလုပ်၍ ပရိတ်အရံအတားကြီးပြုလုပ်ခြင်း။**

(၁) အနန္တပုညာ- အဆုံးမရှိအတိုင်းမသိ အမိတအသင်္ချေအနန္တ ဘုန်းတော်ကံတော်တို့နှင်ပြည့်စုံတော်မူကုန်သော၊ ဘဂဝန္တော-ဘုန်းတော်ခြောက်ပါး နှင့် တောက်ကြွားကုံလုံ ပြည့်စုံတော်မူသော၊ အရဟန္တော- ပူဇော်အထူး အလျူဦးကို ခံတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓါ- ဉေယျဓမ္မ ရှိသမျှကျုံးခြုံ အလုံးစုံသော တရားတို့ကို ခွဲခြားနှိုင်းထောက် မဖောက်မပြန် သယမ္ဘူ ဉာဏ်ဖြင့် ဧကန်တိတိ သိတော်မူကုန်သော၊ သတ္တ-ခုနစ်ဆူကုန်သော၊ ဣမေဗုဒ္ဓါ- ဤဘုရားရှင်တို့သည် အနန္တေဟိ- အဆုံးမရှိ အတိုင်းမသိ အမိတအသင်္ချေ အနန္တဖြစ်ကုန်သော ပုညစက္ကေဟိ- ဘုန်းတော်ကံတော်တည်းဟူသော စက်ကြီးတို့ဖြင့်၊ အမေ့- အကျွန်ုပ်တို့ကို၊ ရက္ခန္တု- စောင့်ရှောက်တော်မူကြစေကုန်သတည်း။

(၂) အနန္တဂုဏာ- အဆုံးမရှိအတိုင်းမသိ အမိတအသင်္ချေအနန္တ ဘုန်းတော်ကံတော်တို့နှင်ပြည့်စုံတော်မူကုန်သော၊ ဘဂဝန္တော-ဘုန်းတော်ခြောက်ပါးနှင့် တောက်ကြွားကုံလုံ ပြည့်စုံတော်မူသော၊ အရဟန္တော- ပူဇော်အထူး အလျူဦးကို ခံတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓါ- ဉေယျဓမ္မ ရှိသမျှကျုံးခြုံ အလုံးစုံသော တရားတို့ကို ခွဲခြားနှိုင်းထောက် မဖောက်မပြန် သယမ္ဘူ ဉာဏ်ဖြင့် ဧကန်တိတိ သိတော်မူကုန်သော၊ သတ္တိမေဗုဒ္ဓါ -ခုနစ်ဆူကုန်သော၊ ဣမေ ဗုဒ္ဓါ- ဤဘုရားရှင်တို့သည် အနန္တေဟိ- အဆုံးမရှိ အတိုင်းမသိ အမိတ အသင်္ချေ အနန္တဖြစ်ကုန်သော ဂုဏစက္ကေဟိ- ဂုဏ်တော်တည်းဟူသော စက်ကြီးတို့ဖြင့်၊ အမေ့- အကျွန်ုပ်တို့ကို၊ ရက္ခန္တု- စောင့်ရှောက်တော်မူကြစေကုန်သတည်း။

(၃) အနန္တဉာဏာ- အဆုံးမရှိအတိုင်းမသိ အမိတအသင်္ချေအနန္တ ဘုန်းတော်ကံတော်တို့နှင်ပြည့်စုံတော်မူကုန်သော၊ ဘဂဝန္တော-ဘုန်းတော်ခြောက်ပါး နှင့် တောက်ကြွားကုံလုံ ပြည့်စုံတော်မူသော၊ အရဟန္တော- ပူဇော်အထူး အလျူဦးကို ခံတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓါ- ဉေယျဓမ္မ ရှိသမျှကျုံးခြုံ အလုံးစုံသော တရားတို့ကို ခွဲခြားနှိုင်းထောက် မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဧကန်တိတိ သိတော်မူကုန်သော၊ သတ္တ-ခုနစ်ဆူကုန်သော၊ ဣမေဗုဒ္ဓါ- ဤဘုရားရှင်တို့သည် အနန္တေဟိ- အဆုံးမရှိ အတိုင်းမသိ အမိတအသင်္ချေအနန္တ ဖြစ်ကုန်သော ဉာဏစက္ကေဟိ- ဉာဏ်တော်တည်းဟူသော စက်ကြီးတို့ဖြင့် အမေ့- အကျွန်ုပ်တို့ကို၊ ရက္ခန္တု- စောင့်ရှောက်တော်မူကြစေကုန်သတည်း။

(၄) အနန္တတေဇော- အဆုံးမရှိ အတိုင်းမသိ အမိတအသင်္ချေအနန္တ ပါရမီ သုံးလီဆယ်တန် ကံတော်စွမ်း၊ ဉာဏ်တော်စွမ်း၊ ဂုဏ်တော်စွမ်းဟု ဆိုအပ်သော အစွမ်းကဲမို ထိုထိုသတ္တိတန်ခိုးတို့နှင့် ပြည့်စုံတော်မူကုန်သော၊ ဘဂဝန္တော-ဘုန်းတော်ခြောက်ပါးနှင့် တောက်ကြွားကုံလုံ ပြည့်စုံတော်မူသော၊ အရဟန္တော-ပူဇော်အထူး အလျူဦးကို ခံတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓါ- ဉေယျဓမ္မ ရှိသမျှကျုံးခြုံ အလုံးစုံသော တရားတို့ကို ခွဲခြားနှိုင်းထောက် မဖောက်မပြန် သယမ္ဘူ ဉာဏ်ဖြင့် ဧကန်တိတိ သိတော်မူကုန်သော၊ သတ္တိမေဗုဒ္ဓါ- ဤခုနစ်ဆူကုန်သောဘုရားရှင်တို့သည်၊ အနန္တေဟိ- အဆုံးမရှိ အတိုင်းမသိ အမိတအသင်္ချေ အနန္တ ဖြစ်ကုန်သော တေဇစက္ကေဟိ- အစွမ်းသတ္တိတန်ခိုးတော်တည်းဟူသော စက်ကြီးတို့ဖြင့်၊ အမေ့- အကျွန်ုပ်တို့ကို၊ ရက္ခန္တု- စောင့်ရှောက်တော်မူကြစေကုန်သတည်း။

(၅) အနန္တဣဒ္ဓိမန္တာ- အဆုံးမရှိ အတိုင်းမသိ ရှိရှိသမျှ ဣဋ္ဌဖလ သုခကောင်းကျိုးအမျိုးမျိုးတို့ကို တိုးစေတက်စေပြီးစေအောင်စေဖြစ်စေပြည့်စေနိုင်သော အနန္တဣဒ္ဓိတန်ခိုးတို့နှင့် ပြည့်စုံတော်မူကုန်သော၊ ဘဂဝန္တော-ဘုန်းတော်ခြောက်ပါးနှင့် တောက်ကြွားကုံလုံ ပြည့်စုံတော်မူကုန်သော၊ အရဟန္တော- ပူဇော်အထူး အလျူဦးကို ခံတော်မူထိုက်ကုန်သော သမ္မာသမ္ဗုဒ္ဓါ- ဉေယျဓမ္မ ရှိသမျှကျုံးခြုံ အလုံးစုံသောတရားတို့ကို ခွဲခြားနှိုင်းထောက် မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဧကန်တိတိ သိတော်မူကုန်သော၊ သတ္တိမေဗုဒ္ဓါ- ဤခုနစ်ဆူကုန်သောဘုရားရှင်တို့သည်၊ အနန္တေဟိ- အဆုံးမရှိ အတိုင်းမသိ အမိတအသင်္ချေ အနန္တ ဖြစ်ကုန်သော ဣဒ္ဓိစက္ကေဟိ- ပြီးစေအောင်စေနိုင်သော ဣဒ္ဓိတန်ခိုးတော်တည်းဟူသော စက်ကြီးတို့ဖြင့်၊ အမေ့- အကျွန်ုပ်တို့ကို၊ ရက္ခန္တု- စောင့်ရှောက်တော်မူကြစေကုန်သတည်း။

(၆) အနန္တဇုတိမန္တာ- အဆုံးမရှိ အတိုင်းမသိ အမိတအသင်္ချေအနန္တ ဖြစ်သော အတုလအရှိန်အဝါအာဏာကဲမိုး တန်ခိုးတော်တို့နှင့် ပြည့်စုံတော်မူကုန်သော၊ ဘဂဝန္တော-ဘုန်းတော်ခြောက်ပါးနှင့် တောက်ကြွားကုံလုံ ပြည့်စုံတော်မူကုန်သော၊ သမ္မာသမ္ဗုဒ္ဓါ- ဉေယျ ဓမ္မ ရှိသမျှကျုံးခြုံ အလုံးစုံသော တရားတို့ကို ခွဲခြားနှိုင်းထောက် မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဧကန်တိတိ သိတော်မူကုန်သော၊ သတ္တိမေဗုဒ္ဓါ- ဤခုနစ်ဆူကုန်သောဘုရားရှင်တို့သည်၊ အနန္တေဟိ- အဆုံးမရှိ အတိုင်းမသိအမိတအသင်္ချေအနန္တဖြစ်ကုန်သော ဇုတိစက္ကေဟိ- အရှိန်အဝါအာဏာတန်ခိုးတည်းဟူသော စက်ကြီးတို့ဖြင့်၊ အမေ့- အကျွန်ုပ်တို့ကို၊ ရက္ခန္တု- စောင့်ရှောက်တော်မူကြစေကုန်သတည်း။

**လွန်လေပြီးသောကမ္ဘာအသင်္ချေအနန္တတို့၌ ပွင့်တော်မူကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ "သဗ္ဗညုဗုဒ္ဓစက်၊ ပစ္စေကဗုဒ္ဓစက်၊ ရဟန္တာ စက်" တို့ဖြင့်ထပ်မံ၍ ပရိတ်အရံအတားကြီးပြုခြင်း**

မာရသေနပ္ပမဒ္ဒိနော- မာရ်မင်း၏စစ်သည်ဗိုလ်ပါကိလေသာတို့ကို မှုတ်လွှင့်ဖျက်ဆီးတတ်ကုန်သော၊ မရသေနပ္ပမဒ္ဒိနော- မာရ်မင်း၏စစ်သည် ဗိုလ်ပါကိလေသာတို့ကို နှိမ်နင်းဖျက်ဆီးတတ်ကုန်သော၊ သဗ္ဗေ- အလုံးစုံကုန်သော၊ သဗ္ဗညုသမ္ဗုဒ္ဓါ- သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည်၊ သဗ္ဗေဟိ- အလုံးစုံကုန်သော သဗ္ဗညုဗုဒ္ဓစက္ကေဟိ- တန်ခိုးရှိန်ဝါအာဏာပြင်းပြ သဗ္ဗညုဗုဒ္ဓစက်တို့ဖြင့်၊ အမေ့- အကျွန်ုပ်တို့ကို၊ ရက္ခန္တု- စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

သယမ္ဘူ- သစ္စာလေးခွင်ကိုယ်တော်မြင်၍ အထင်အရှား ဘုရားဖြစ်လာကုန်သော၊ ဝိဇိတာဝိနော- ကိလေသာရန် မကြွင်းကျန်အောင် အောင်လံစိုက်ထူအောင်ပွဲယူတော်မူကြကုန်သော၊ သဗ္ဗေ- အလုံးစုံကုန်သော၊ ပစ္စေကတံဆိပ်ခပ်နှိပ်ထင်ရှား မြတ်ဘုရားတို့သည်၊ သဗ္ဗေဟိ- အလုံးစုံကုန်သော၊ ပစ္စေကဗုဒ္ဓစက္ကေဟိ- တန်ခိုးရှိန်ဝါ အာဏာပြင်းပြ ပစ္စေကဗုဒ္ဓစက်တို့ဖြင့်၊ အမေ့- အကျွန်ုပ်တို့ကို၊ ရက္ခန္တု- စောင့်ရှောက်တော်မူကြပါစေ ကုန်သတည်း။

သဗ္ဗေ- အလုံးစုံသော၊ ဗုဒ္ဓါနုဗုဒ္ဓါ- သစ္စာလေးပါးတရားသိမြင် ဘုရားရှင်တို့၏နောက်သို့ အစဉ်တစိုက်အတုလိုက်၍ သိမြင်တော်မူကြကုန်သော ခီဏာသဝအာသဝါကင်း သန့်ရှင်းစင်ကြယ်တော်မူကုန်သော၊ အရဟန္တော- ရဟန္တာအရှင်မြတ်ကြီးတို့သည်၊ သဗ္ဗေဟိ- အလုံးစုံကုန်သော၊ အရဟန္တစက္ကေဟိ- တန်ခိုးရှိန်ဝါအာဏာပြင်းပြ အရဟန္တစက်တို့ဖြင့် အမေ့- အကျွန်ုပ်တို့ကို၊ ရက္ခန္တု- စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

**စက် ၄၅ ပါး၊ တြင်းနဝင်းကြေ သတ္တသမ္ဗုဒ္ဓစက်ကြီး**

ဤသတ္တသမ္ဗုဒ္ဓစက္ကခေါ် ဘုရားခုနစ်ဆူ စက်ပရိတ်တော်ကြီးတွင် ဘုရားခုနစ်ဆူတို့၌ အသီးသီး စက် (၆) ပါးစီဖြစ်သောကြောင့် (၇×၆=၄၂) စက်တော်ကြီး (၄၂) ပါးဖြစ်၏။ သဗ္ဗဗုဒ္ဓစက်၊ ပစ္စေကဗုဒ္ဓစက်၊ သဗ္ဗအရဟန္တာ စက်ကြီး (၃) ပါးတို့နှင့် ပေါင်းသော် စက်တော်ကြီး အနန္တ (၄၅) ပါးဖြစ်လေသည်။ ဤစက်တော်ကြီး (၄၅) ပါးသည် တြင်းကြေနဝင်းကြေ ကိုးနဝင်းဓာတ် စစ်ကြီးဖြစ်၍ အကျိုးပေးသန်လှသည်ဖြစ်၍၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ရေးသားစီရင်ပြီး တနေ့လျှင် (၅) ကြိမ်ပြည့်အောင် ရွတ်ဖတ်ပူဇော်တော်မူသော စက်ပရိတ်တော်ကြီးဖြစ်၍၊ ဓမ္မဝီရဓမ္မမာမက တရားချစ်ခင်သူတော်စင်တို့အကျိုးငှာ၊ မုံရွာမြို့အရှေ့လယ်တီကျောင်းတိုက်ပဓာန နယကဆရာတော်ဘုရားကြီးဘဒ္ဒန္တကုဏ္ဍလ စီရင်သော မဟာသုတဒီပနီကျမ်း၊ ဒုတိယတွဲမှ ထုတ်နှုတ်၍ဖော်ပြလိုက်ရပါသည်။

**ငြိမ်းချမ်းဦး**

ရှေ့မျက်နှာဖုံးမှအဆက်

ကို ဆောင်၏။ အသိဉာဏ်ပညာနှင့်ယှဉ်ရာလည်း ရောက်၏။ နိဗ္ဗာန်၏ အထောက်အပံ့လည်းဖြစ်၏။ လောကဌ် မည်သည့်လုပ်ငန်းကိုလုပ်သည်ဖြစ်စေ၊ ဉာဏ်နှင့်ယှဉ်ပြီးလုပ်ပါမှ မြင့်မြတ်ရာရောက်၏။ မြင့်မြတ်ရာရောက်ပါမှလည်း ပါရမီမြောက်၏။ ပါရမီမြောက်ပါမှလည်း နိဗ္ဗာန်ကိုရောက်နိုင်၏။ သို့မဟုတ်ပါက နိဗ္ဗာန်ကိုရောက်ဖို့အကြောင်း မရှိပါချေ။

လောကတွင် လူဟူသည် တစ်ဦးနှင့် တစ်ဦး မလွဲမသွေဆက်ဆံရ၏။ ထိုသို့ဆက်ဆံရာတွင် စကားသည် ပဓာနကျသောကဏ္ဍမှပါဝင်၏။ စကားကို အားကိုး၍ ယုံထိုက်မယုံထိုက်ဆုံးဖြတ်ကာ ဆက်ဆံရခြင်းဖြစ်လေရာ မမှန်ကန်သောစကားကို အားကိုးပြီး ဆက်ဆံမိပါက လောကသည် ကမောက်ကမဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် လောကဌ် ငြိမ်းချမ်းသာယာမှု ဖြစ်ထွန်းရေးအတွက် မုသာဝါဒသိက္ခာပုဒ်မှ ရှောင်ကြဉ်ကာ မှန်မှန်ကန်ကန်ပြောဆိုပြီး ဆက်ဆံဖို့လို၏။ ထိုကဲ့သို့ပြောဆိုပြီး ဆက်ဆံခြင်းအားဖြင့် လောကဌ် ငြိမ်းချမ်းသာယာမှုကို ဖြစ်ထွန်းစေနိုင်၏။ ပြောသူအနေဖြင့် မြင့်မြတ်မှုသဘော ပါဝင်ပါက သစ္စာပါရမီကို ဖြည့်ကျင့်ရာလည်း ရောက်၏။ သစ္စာပါရမီ သဘောမရောက်သည့်တိုင်အောင် မုသာဝါဒသိက္ခာပုဒ်ကို လိုက်နာကျင့်သုံးရာရောက်သည်ကတော့ အမှန်ဖြစ်၏။

နှုတ်တစ်ရာ စာတစ်လုံးဟူသော ဆိုရိုးစကားရှိ၏။ အမှန်အားဖြင့် စာဟူသည်မှာကား စကား၏အုပ်စုဝင်ပင်ဖြစ်၏။ သို့ဖြစ်လေရာ ဝစီကံသည် သစ္စာနှင့်ယှဉ်ပါက လောကကိုစောင့်ရှောက်တတ်၏။ သစ္စာနှင့်မယှဉ်ပါက လောကကို ဖျက်ဆီး တတ်၏။ ထို့ကြောင့်လောကဌ် ကောင်းကျိုးဆိုးပြစ် သည် ဝစီကံအပေါ်၌တည်၏။ ဝစီကံဟူသည် စကားပင်ဖြစ်၏။ ဒဿနကျမ်းများ၌မူ စကားသံနှင့် ပတ်သက်၍ အဆင့်လေးဆင့်ထားကြ၏။ ယင်းအဆင့် လေးဆင့်မှာ-

(၁) **ပရာ**၊ (၂) **ပဿန္တီ**၊ (၃) **မဇ္ဈိမာ**၊ (၄) **ဝဲခါရီ**တို့ဖြစ်ကြ၏။ **ပရာအဆင့်**မှာ "စကားလုံးအလျဉ်" အဆင့်ဖြစ်၏။ **ပဿန္တီအဆင့်**မှာ စကားလုံးအလျဉ်အဆင့်ထဲမှ **"ပုံစံမဲ့ စကားသံ"** အဆင့်ဖြစ်၏။ မဇ္ဈိမာအဆင့်မှာ "ပုံစံရှိ စကားသံ" အဆင့်ဖြစ်၏။ **ဝဲခါရီအဆင့်**မှာ ဌာန် ကရိုဏ်း ပယတ်သို့ရောက်သော အသံအဆင့်ဖြစ်၏။ အမှန်အားဖြင့် ပရာအဆင့်၊ ပဿန္တီအဆင့်၊ မဇ္ဈိမာအဆင့်တို့သည် ဌာန် ကရိုဏ်း ပယတ်သို့ရောက်သော အသံအဆင့်များ မဟုတ်ကြ။ ထို့ကြောင့် ထိုအဆင့်သုံးဆင့်တို့သည် ဒိဗ္ဗသောတအဘိဉာဉ်မှတစ်ပါး ပကတိနားဖြင့် ကြားနိုင်သော အဆင့်များမဟုတ်ကြချေ။ ဝဲခါရီအဆင့်သည်သာလျှင် ပကတိနားဖြင့်ကြားနိုင်သော အသံအဆင့်ဖြစ်၏။ ထို့ကြောင့် လူတို့ကြားနေရသော စကားသံများသည် ဝဲခါရီအဆင့်စကားသံများဖြစ်ကြ၏။ ဤသို့ ဒဿနပညာရှင်များက ဆိုကြ၏။

မုသာဝါဒါဝေရမဏီအရ မုသားကို မဆိုခြင်းသည် ဖြောင့်မတ်ခြင်းဖြစ်၏။ ထိုဖြောင့်မတ်ခြင်းသည် နှစ်မျိုးရှိ၏။ သာမန်ဖြောင့်မတ်ခြင်းနှင့် အလွန်ဖြောင့်မတ်ခြင်းတို့ ဖြစ်ကြ၏။ သာမန်ဖြောင့်မတ်ခြင်းကို ပါဠိဝေါဟာရအားဖြင့် **ဥဇု**ဟုခေါ်၏။ အလွန်ဖြောင့်မတ်ခြင်းကို **သုဟု**ဇုဟုခေါ်၏။ သာမန်ဖြောင့်မတ်ခြင်းအရ ကိုယ်နှင့်နှုတ် ရှေ့နောက်ညီညွတ်ခြင်းဖြစ်ပါက မုသာဝါဒါဝေရမဏီသိက္ခာပုဒ်ကို အသွင်သဏ္ဌာန်အားဖြင့် စောင့်ထိန်းရာရောက်၏။ အမှန်အားဖြင့် မုသာဝါဒါ ဝေရမဏီသိက္ခာပုဒ် အရ အပြောနှင့်အလုပ် ရှေ့နောက်ညီညွတ်လျှင်ပင် သိက္ခာပုဒ်၏ ဆိုလိုရင်းအနက်သည် ပြီးပြည့်စုံ၏။ သို့ရာတွင် အနှစ်သာရအားဖြင့်မူ သိက္ခာပုဒ်ကို စောင့်ထိန်းရာ မရောက်သေးချေ။ အနှစ်သာရ အားဖြင့် မုသာဝါဒါဝေရမဏီသိက္ခာပုဒ်ကို စောင့်ထိန်းမည်ဆိုပါလျှင် စိတ်၏စွမ်းအားပါဝင်ဖို့လို၏။ အမှန်အားဖြင့် လောက၏ ကောင်းကျိုးဆိုးပြစ်ကို ဖန်တီးသည်မှာ စိတ်သာဖြစ်၏။ ထို့ကြောင့် မုသာဝါဒါဝေရမဏီသိက္ခာပုဒ်ကို တကယ်တမ်းအနှစ်သာရအားဖြင့် စောင့်ထိန်းမည်ဆိုပါက စိတ်စွမ်းအား ပါဝင်ဖို့လိုခြင်းဖြစ်သည်ဟု ဆိုခြင်းဖြစ်၏။

ဤလောကဌ် စိတ်က တကယ်တမ်း မပါဘဲ နှုတ်ကပြောပြီး ပြောသည့်အတိုင်း လုပ်ကိုင် ခြင်းများသည် ရှိတတ်ပါ၏။ စိတ်ထဲကမူ ဆန့်ကျင်ဘက် ဖြစ်ချင်ဖြစ်နေတတ်၏။ သို့မဟုတ် လုံးလုံးစိတ်မပါဘဲလည်း ဖြစ်ချင်ဖြစ်နေတတ်၏။ ဤသို့ ဖြစ်နေပါက မုသာဝါဒါဝေရမဏီအရ သိက္ခာပုဒ်ကို လုံသည်ဆိုရုံမျှ စောင့်ထိန်းရာရောက်၏။ ထိုသို့ စောင့်ထိန်းရုံမျှနှင့် လောကဌ် ငြိမ်းချမ်းသာယာမှု ဖြစ်ထွန်းပေါ်ပေါက်ဖို့ ခက်ပါ၏။ အမှန်အားဖြင့် လောကဌ် ငြိမ်းချမ်းသာယာမှုဟူ၍မရှိဘဲ မိမိတို့၏ ဘဝလုံခြုံမှုဟူသည် တကယ်တမ်း ဖြစ်ကောင်းသောအရာ မဟုတ်ချေ။ ထို့ကြောင့် လုပ်ငန်းများကို လုပ်ရာတွင် မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ၊ လောကဌ်ငြိမ်းချမ်းသာယာမှုဖြစ်ရေးကို ရှေးရှုပြီး လုပ်ငန်းများကိုလုပ်ဖို့ လူတိုင်း၌ တာဝန်ရှိပါ၏။ လောကဌ် ငြိမ်းချမ်းသာယာမှုဖြစ်မှ မိမိတို့ဘဝ လုံခြုံမှုသည်လည်း ဖြစ်ပေါ်ပေလိမ့်မည်။

သို့ဖြစ်လေရာ မုသာဝါဒါဝေရမဏီအရ သိက္ခာပုဒ်ကို စောင့်ထိန်းရာတွင် အသွင်သဏ္ဌာန်အားဖြင့် စောင့်ထိန်းရုံမျှနှင့် မကျေနပ်သေးဘဲ အနှစ်သာရအားဖြင့်ပါ စောင့်ထိန်းနိုင်အောင် ကြိုးပမ်းအပ်၏။ အနှစ်သာရအားဖြင့် စောင့်ထိန်းနိုင်အောင် ကြိုးပမ်းရာဌ် ကိုယ်၊ နှုတ်၊ စိတ်တို့ တစ်ဖြောင့်တည်း ကျရုံနှင့်မလုံလောက်။ စိတ်ပါ တစ်ဖြောင့်တည်းကျဖို့ လိုခြင်း ဖြစ်၏။ စိတ်ထဲကလည်း အမှန်အတိုင်း ပြောချင်မည်။ နှုတ်ကလည်း စိတ်ထဲက ရှိသည့်အတိုင်းပြောမည်။ ကိုယ်ကလည်း ပြောသည့်အတိုင်းလုပ်မည်ဆိုပါမှ အလွန်ဖြောင့်မတ်ခြင်း သုဟုဇုဂုဏ်နှင့်ပြည့်စုံမည်ဖြစ်၏။ သုဟုဇုဂုဏ် နှင့် ပြည့်စုံအောင် ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ လုပ်ကိုင်ခြင်းဖြစ်လျှင် မုသာဝါဒါဝေရမဏီအရ သိက္ခာပုဒ်ကို အနှစ်သာရအားဖြင့် စောင့်ထိန်းရာရောက် ၏။ သိက္ခာပုဒ်ကို အနှစ်သာရအရ စောင့်ထိန်းရာ ရောက်ပါမှလည်း လောကဌ် ငြိမ်းချမ်းသာယာမှု ဖြစ်ထွန်းခြင်းသည် လောကဌ် အဓမ္မအပေါ် ဓမ္မက အောင်နိုင်အောင် ဆောင်ရွက်ခြင်းမည်၏။ အမှန်အားဖြင့် လောကဌ် အဓမ္မအပေါ် ဓမ္မက အောင်နိုင်အောင် ဆောင်ရွက်ဖို့ရန် လူတိုင်း၌ တာဝန်ရှိ၏။ တာဝန်ရှိသည်ဟု သိရုံနှင့်လည်း မပြီးသေး။ တာဝန် ကို ကျေပွန်အောင် ဆောင်ရွက်ဖို့လည်း လိုသေး၏။ တာဝန်ကိုကျေအောင် ဆောင်ရွက်ပါမှ ရတော့်ရခဲ ရလာသော လူ့ဘဝကို ရကျိုးနပ်ပေလိမ့်မည်။

စကားလုံးများနှင့် ပတ်သက်၍ ဗုဒ္ဓစာပေ ကျမ်းဂန်များ၌ နိရုတ္တိ၊ ဓမ္မ၊ အတ္ထ၊ ပဋိဘာနဟူသော ဝေါဟာရများရှိကြ၏။ ထိုတွင် **နိရုတ္တိဟူသည်မှာ** အသံသာဖြစ်၏။ **ဓမ္မဟူသည်မှာ** ဝေါဟာရအဖြစ်သို့ ရောက်သောအသံဖြစ်၏။ ယင်းကို သဒ္ဒါဟူ၍လည်းကောင်း၊ အမည်ဟူ၍လည်းကောင်း ဆိုရ၏။ အတ္ထဟူသည်မှာ သဒ္ဒါ သို့မဟုတ် အမည်က ထွန်းပြသော အရာဝတ္ထုဖြစ်၏။ ပဋိဘာနဟူသည်မှာ နိရုတ္တိ အပေါ်၌ အခြေခံသောသဒ္ဒါနှင့် အရာဝတ္ထုတို့၏ အဆက်အစပ်ဖြစ်၏။ ယင်းကို ဉာဏ်၌ထင်လာခြင်း ဟူ၍လည်းကောင်း၊ အနက်ဟူ၍လည်းကောင်း ဆိုရ၏။ ဤသို့လျှင် နိရုတ္တိ၊ ဓမ္မ၊ အတ္ထနှင့် ပဋိဘာန တို့၏ အနက်ကို ဖော်ပြနိုင်၏။ ဤသို့ဖော်ပြခြင်းမှာ စကားနှင့်စပ်သော ဖော်ပြခြင်းဖြစ်၏။

ဖော်ပြပါ နိရုတ္တိ၊ ဓမ္မ၊ အတ္ထ နှင့် ပဋိဘာန တို့၏ အနက်ကိုသိသာနိုင်ရန် ငွေစက္ကူဥပမာဖြင့် ပြောဆိုနိုင်မည်ဖြစ်၏။ ငွေစက္ကူတွင် စက္ကူသားလည်း ပါ၏။ စက္ကူသား၏ တစ်ဖက်စီတွင် ခေါင်းနှင့်ပန်းလည်း ပါ၏။ ထို့နောက် တန်ဖိုးလည်းပါ၏။ ထိုတွင် ငွေစက္ကူသားသည် နိရုတ္တိနှင့်တူ၏။ ခေါင်းသည် ဓမ္မ နှင့်တူ၏။ ပန်းသည် အတ္ထနှင့်တူ၏။ တန်ဖိုးသည် ပဋိဘာနနှင့် တူ၏။ ငွေစက္ကူတွင် ခေါင်းနှင့်ပန်း မပါဝင်လျှင်ဖြစ်စေ၊ ခေါင်းချည်းပါဝင်လျှင်ဖြစ်စေ၊ သို့မဟုတ် ပန်းချည်းပါဝင်လျှင်ဖြစ်စေ၊ တန်ဖိုးကို ရိုက်နှိပ်မထားလျှင်ဖြစ်စေ ထိုငွေစက္ကူသည် အသုံးပြု ၍ မရသကဲ့သို့ နိရုတ္တိတွင်လည်း ဓမ္မမပါလျှင်ဖြစ်စေ၊ အတ္ထမပါလျှင်ဖြစ်စေ၊ ပဋိဘာနမပါလျှင်ဖြစ်စေ ထိုနိရုတ္တိသည် အသုံးပြု၍ရသော နိရုတ္တိမဟုတ်။

နိရုတ္တိတွင် ဓမ္မသည် သဒ္ဒါ သို့မဟုတ် အမည်ဖြစ်၏။ အတ္ထဟူသည် သဒ္ဒါ သို့မဟုတ် အမည် ထွန်းပြသော အရာဝတ္ထုဖြစ်၏။ **ပဋိဘာန ဟူသည်ကား** သဒ္ဒါနှင့်အရာဝတ္ထုတို့၏ အဆက်အစပ် ဖြစ်၏။ ယင်းကိုပင် အနက်ဟူ၍ ခေါ်ရ၏။ ထို့ကြောင့် ပဋိဘာနတွင် ဓမ္မသဘောလည်း ပါဝင်၏။ အတ္ထသဘောလည်း ပါဝင်၏။ နိရုတ္တိသဘောလည်း ပါဝင်၏။ အမှန်အားဖြင့်ဆိုရလျှင် ငွေစက္ကူ၏ တန်ဖိုးကို သိသည်နှင့်တစ်ပြိုင်နက် စက္ကူသားသဘောကိုလည်း သိပြီးဖြစ်၏။ ပန်း၏သဘောကိုလည်းသိပြီး ဖြစ်၏။ ထိုငွေစက္ကူကား ကျပ်တန်ဖြစ်သည်၊ ငါးကျပ်တန် ဖြစ်သည်၊ တစ်ဆယ်တန်ဖြစ်သည်ကိုလည်းကောင်း၊ ခေါင်းက မည်သို့ဖြစ်သည်၊ ပန်းကတော့ မည်သို့ဖြစ်သည်ကိုလည်းကောင်း ငွေစက္ကူ၏ တန်ဖိုးကို မြင်သည်နှင့်သိနိုင်၏။ ထိုနည်းအတူ ပဋိဘာနကိုမြင်သည်နှင့် နိရုတ္တိ၏သဘောကိုလည်း သိ၏။ ဓမ္မ၏သဘောကိုလည်း သိ၏။ အတ္ထ၏ သဘောကိုလည်း သိ၏။ ထိုသို့သိခြင်းသည် တစ်ပြိုင်နက် သိခြင်းဖြစ်၏။ ထို့ကြောင့် ပဋိဘာနကို အသိ၏ အသိဟူ၍လည်းကောင်း၊ ဉာဏ်၏ ဉာဏ် ဟူ၍လည်းကောင်း ဆိုရခြင်းဖြစ်၏။ အသိ၏အသိ၊ သို့မဟုတ် ဉာဏ်၏ ဉာဏ် ဟူသည်မှာ နိရုတ္တိအသိ၊ ဓမ္မအသိ၊ အတ္ထအသိတည်းဟူသော အသိ သုံးမျိုးတို့ကို တစ်ပြိုင်နက်ဖြစ်ရာအသိပင်ဖြစ်၏။

အမှန်အားဖြင့် သဒ္ဒါကိုသာသိပြီး ယင်း သဒ္ဒါက ရည်ညွှန်းသော အရာဝတ္ထုကိုမသိလျှင် "ဒီသဒ္ဒါက ဘာကိုဟောပါလိမ့်" ဟူ၍ စူးစမ်းရ၏။ အရာဝတ္ထုကိုသာသိပြီး သဒ္ဒါကိုမသိပါကလည်း "ဒီ အရာဝတ္ထုကို ဘာခေါ် ပါလိမ့်" ဟူ၍ စူးစမ်းရ၏။ ထို့ကြောင့် နိဗ္ဗာန်သိမှုတစ်ပါး ကျန်သောအသိဟူ သမျှသည် သဒ္ဒါနှင့်အနက်တို့ဖြင့် ဝန်းရံရ၏။ သဒ္ဒါနှင့်အနက်တို့ ဝန်းရံရ သဖြင့်လည်း ကျန်သောအသိ အားလုံးကို သဒ္ဒါနှင့်အနက်တို့ဖြင့် ပြောနိုင် ဆိုနိုင်ခြင်းဖြစ်၏။ ပြော၍ဆို၍ရခြင်းသည်လည်းဖြစ်၏။ နိဗ္ဗာန်မှာမူကား သဒ္ဒါနှင့်အနက်တို့ ဝန်းရံခြင်းမရှိ သဖြင့် နိဗ္ဗာန်ကို သဒ္ဒါနှင့်အနက်တို့ဖြင့်လည်း ပြောနိုင်ဆိုနိုင်ခြင်းမရှိ။ ပြော၍ဆို၍လည်းမရ။

အသိ၏ ကိုယ်ထည်သည် စကားလုံး ဖြစ်၏။ စကားလုံးဟူရာ၌ အသံထွက်ခြင်းနှင့် အသံ မထွက်ခြင်းသည် ပဓာနမဟုတ်။ သဒ္ဒါနှင့်အနက်ပါခြင်းသာ ပဓာနဖြစ်၏။ အမှန်အားဖြင့် အနက်ဆို သည်မှာ သဒ္ဒါနှင့်သဒ္ဒါက ရည်ညွှန်းသော အရာဝတ္ထု တို့၏ အဆက်အစပ်ဖြစ်၏။ ယင်းကို ပဋိဘာနဟု ခေါ်၏။ ငွေစက္ကူတွင် ခေါင်း၊ ပန်းနှင့် ယင်းတို့၏ တန်ဖိုးပါဖို့သာ ပဓာနဖြစ် သကဲ့သို့ပင်ဖြစ်၏။ အသံထွက်ခြင်းနှင့် မထွက်ခြင်းမှာ ပဓာနမဟုတ်ဟူ၍ ဆိုရာ၌ စကားလုံးဟူသမျှသည် အသံမထွက်သော အဆင့်မှ အသံထွက်သော အဆင့်သို့ရောက်မြဲဖြစ်၏။ လောကတွင် မည်သည့်အရာဝတ္ထုကိုသိသည် ဖြစ်စေ ရှေးဦးစွာ စိတ်ထဲကအရာဝတ္ထု၏အမည်ကို ရွတ်ဆိုရ၏။ အသံ ကတော့ ထွက်ချင်မှထွက်၏။ ခွေးကိုသိရာ၌ စိတ်ထဲက "ခွေး" ဟူ၍ ရွတ်ဆို ရ၏။ စိတ်ထဲက ရွတ်ဆိုရုံမျှနှင့် သိခြင်းကိစ္စသည်ပြီး၏။ သိခြင်းကိစ္စပြီးမှ သိသည့်အတိုင်းအသံထွက်၍ ရွတ်ဆိုချင်လည်း ရွတ်ဆိုပေလိမ့်မည်။ မရွတ်ဆိုဘဲ တိတ်တိတ်နေချင်လည်း နေပေလိမ့်မည်။ အမှန်အားဖြင့် နိဗ္ဗာန်ကို သိသော အသိမှတစ်ပါး ကျန်အသိဟူသမျှသည် သဒ္ဒါ သို့မဟုတ် အမည်၊ အနက်တို့နှင့် ကင်း၍ ဖြစ်ကောင်းသော သဘောမရှိ။ ထို့ကြောင့် အသိ၏ ကိုယ်ထည်သည် စကားလုံးဖြစ်သည်ဟု ဆိုခြင်းဖြစ်၏။ အသိ၏ကိုယ်ထည် အရ စကားလုံးများကို ပြောသည့်အခါ စကားလုံးများသည် မှန်ဖို့ အရေးကြီး၏။ စကားလုံးများ မှန်နိုင်စေရန် အသိကလည်း မှန်ဖို့အရေးကြီး၏။ စကားလုံးများ မှန်သောအခါ သစ္စာပြု၍ရ၏။

လူဟူသည် စကားမပြောဘဲ မနေနိုင်သော သတ္တဝါဖြစ်၏။ စကား ပြောသောအခါ ကိုယ်ဖြင့်လည်း ပြော၏။ ကိုယ်ဖြင့်ပြောပါက ကာယကံ ဟူ၍ ဆိုရ၏။ နှုတ်ဖြင့်လည်း ပြော၏။ နှုတ်ဖြင့်ပြောပါက ဝစီကံဟူ၍ဆိုရ၏။ စိတ်ဖြင့်လည်း ပြော၏။ စိတ်ဖြင့်ပြောပါက မနောကံဟူ၍ဆိုရ၏။ အမှန် အားဖြင့် လောကတွင် နှုတ်ဖြင့်ပြောသည်ကိုသာ စကားပြောသည်ဟူ၍ ဆိုကြ၏။ နှုတ်ဖြင့်ပြောမှသာ ကြားရခြင်းကြောင့် ကြားရသည်ကို အကြောင်း ပြု၍ နှုတ်ကပြောသောစကားလုံးများကိုသာ စကားဟူ၍ဆိုခြင်းဖြစ်၏။ သို့ရာတွင် ကံသုံးပါးလုံးဖြင့် စကားပြောသည်ကတော့ အမှန်။ ဖြောင့်မှန်ခြင်း ဆိုသည်မှာ ကံသုံးပါးလုံးနှင့်ဆိုင်သော ဝေါဟာရဖြစ်၏။ ထို့ကြောင့် ကံသုံးပါး တို့ဖြင့် စကားပြောသည်ဟူ၍ဆိုခြင်းဖြစ်၏။


စကားပြောရာတွင် ကြားရသည်၊ မကြား ရသည်မှာ ပဓာနမဟုတ်။ အမှန်အားဖြင့်လည်း လောကတွင် ကြားရသောစကားများထက် မကြား ရသောစကားများက ပို၍စိတ်ဝင်စားဖွယ်ကောင်း၏။ "စားပါ" ဟူ၍ နှုတ်ကပြောသော်လည်း ကိုယ်ကမူမပေး။ စိတ်ကလည်းမပေးချင်။ ထိုအခါ ကိုယ်ဖြင့်ပြောသော စကားများနှင့် နှုတ်ဖြင့်ပြောသော စကားများကိုမူ ကြားရ၏။ စိတ်ဖြင့်ပြောသော စကားကိုမူ မကြားရ။ အကယ်၍သာ စိတ်ဖြင့် ပြောသောစကားကိုကြားရပါမူ အမှန်အတိုင်းပို၍ သိမည်ဖြစ်၏။ လောကတွင် အမှန်အတိုင်းသိဖို့က ပို၍ အရေးကြီး၏။ သဘာဝတောတောင်ရေမြေတို့သည် စကားပြောကြသည်ပင်ဖြစ်၏။ သို့ရာတွင် သူတို့ပြောသောစကားများကား ပကတိနားဖြင့် ကြားရသော စကားများမဟုတ်ကြ။ ဉာဏ်နားဖြင့် နားထောင် တတ်သူမှ ကြားရသောစကားများဖြစ်ကြ၏။ ထို့ကြောင့်လောကတွင် ပကတိနားဖြင့် မကြားရသောစကားများက ပို၍စိတ်ဝင်စားဖွယ် ကောင်းသည် ဟု ဆိုခြင်းဖြစ်ပါ၏။

လူမှုဆက်ဆံရေးနယ်ပယ်၌ "မုသားမပါ လင်္ကာမချော" ဟူသော ဆိုရိုးစကားရှိ၏။ ထိုစကားသည် လူမှုဆက်ဆံရေးနယ်ပယ်၌သာမှန်၏။ သစ္စာ နယ်ပယ်၌မူမမှန်။ သစ္စာနယ်ပယ်၌ မှန်စေရန်အတွက် ကာယကံနှင့် ဝစီကံ လည်း ရှေ့နောက် ညီညွတ်ဖို့လို၏။ အထူးအားဖြင့် မနောကံပါ ရှေ့နောက် ညီညွတ်ဖို့လို၏။ သို့မှသာ ဖြောင့်မတ်ခြင်းဖြစ်မည်။ အလွန်ဖြောင့်မတ် ခြင်းဖြစ်မည်။ ဖြောင့်မတ်ခြင်းနှင့် အလွန်ဖြောင့်မတ်ခြင်းဖြစ်ပါမှ သစ္စာဆို၍ ရ၏။ သစ္စာဆိုရခြင်းသည် သစ္စာနယ်ပယ်၌ မှန်ကန်ခြင်းဖြစ်၏။ သစ္စာ နယ်ပယ်၌ မှန်ကန်ခြင်းဖြစ်ပါမှ မုသာဝါဒါဝေရမဏီအရ မုသားကို အသွင် သဏ္ဌာန်အားဖြင့် သာမက အနှစ်သာရအားဖြင့်ပါ ရှောင် ကြဉ်ရာရောက်၏။ ထိုသို့ ရှောင်ကြဉ်နိုင်မှလည်း လောက၌ ငြိမ်းချမ်းသာယာမှုကို ဖြစ်စေနိုင်မည် ဖြစ်၏။ အမှန်အားဖြင့် ချမ်းသာခြင်းဟူသည်မှာ ငြိမ်းချမ်းသာယာမှု အပေါ်၌ တည်၏။ ငြိမ်းချမ်းသာယာမှု မရှိသမျှကာလပတ်လုံး မိမိတို့၏ ဘဝလည်း မလုံခြုံ၊ ချမ်းသာခြင်းလည်းမရှိ။ ထို့ကြောင့် လောက၌ ငြိမ်းချမ်းသာယာမှု ရှိရလေအောင် ဆောင်ရွက်ဖို့လိုအပ်ခြင်းဖြစ်၏။

မုသာဝါဒါ ဝေရမဏီအရ လောက၌ ပကတိနားဖြင့် မကြားရသော စကားများထက် ပကတိနားဖြင့်ကြားရသော စကားများက ပို၍ အရေးကြီး၏။ ပကတိနားဖြင့် မကြားရသော စကားများကို ဉာဏ်နားဖြင့်ကြားနိုင်သူတို့ကား လူနည်းစုများသာဖြစ်ကြ၏။ လူမှုဆက်ဆံရေးနယ်ပယ်တွင် လူများစုသည် ပဓာနဖြစ်၏။ မုသာဝါဒါ ဝေရမဏီ သိက္ခာပုဒ်မှာလည်း လူတိုင်းလူတိုင်းကို ရည်ရွယ်၍ ဟောကြားထားသော သိက္ခာပုဒ်ဖြစ်၏။ ထို့ကြောင့် မုသာဝါဒါ ဝေရမဏီသိက္ခာပုဒ်ကို စောင့်ထိန်းရာတွင် အသွင်သဏ္ဌာန်အားဖြင့် စောင့် ထိန်းသည့်သဘောနှင့် ကာယကံနှင့် ဝစီကံတို့ ရှေ့ နောက်ညီညွတ်အောင် စောင့်ထိန်းရမည်ဖြစ်၏။ ထိုထက်ကျော်လွန်၍ အနှစ်သာရအားဖြင့်ပါ စောင့်ထိန်းသည့်သဘောနှင့် ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးတို့ ရှေ့နောက် ညီညွတ်အောင် စောင့်ထိန်းရာ၏။

(ဆက်လက်ဖော်ပြပါမည်။)

ဦးရွှေအောင်



# ဗုဒ္ဓမြတ်စွာ၏ ပဉ္စာသီတိယာ (၈၅)ပါးသော မဟာဂုဏ်တော်ဖြင့် ဗုဒ္ဓပူဇနိယ မဟာဝန္ဒနာ ဘုရားရှိခိုးကြီး

သီတာဦး (မြန်မာစာ)

(ယခင်အပတ်မှ အဆက်)

**၅၆။ လောကတ္တယဝိဒူ**

အလုံးစုံသောသတ္တဝါဟုဆိုအပ်သော သတ္တလောက၊ အနန္တစကြဝဠာ၌ အလုံးစုံသော ကာမရူပ အရူပဟု ဆိုအပ်သော ဩကာသလောက၊ အလုံးစုံသော ရုပ်နာမ်တရားဟုဆိုအပ်သော သင်္ခါရလောက၊ ဤ (၃) ပါးသော လောကကို ၈-န ကုန်စင် သိမြင်တော်မူတတ်သောကြောင့် **လောကတ္တယဝိဒူ** ဟု မှတ်ယူဖွယ်ရာ မင်္ဂလာနိမိတ်ပြ ဝိသိဋ္ဌဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူ၏။

**၅၇။ လောကဒီပေါ**

လောကသုံးပါး၏ ပညာဂုဏ်ရောင် တစ်ဝင်းဝင်းပြောင်သည့် ဆီမီးတန်ဆောင်သဖွယ်ဖြစ်တော်မူသောကြောင့်လည်းကောင်း၊ လောကသုံးပါး၏ အားထားရာ မှီခိုရာ ကျွန်းကြီးပမာဆိုထိုက်သည်ဖြစ်သောကြောင့်လည်းကောင်း၊ **လောကဒီပ** ဟု ဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူ၏။

**၅၈။ လောကနာယကော**

လောကသုံးပါး၏ အကြီးအမှူး ဦးစီးနာယကဖြစ်တော်မူသောကြောင့် **လောကနာယက** ဟု ဝိသေသဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူ၏။

**၅၉။ လောကပဇ္ဇောတော**

လောကသုံးပါး၏ ဆီမီးတန်ဆောင်ဟု ထုတ်ဆောင်ညွှန်ပြထိုက်သောကြောင့် **လောကပဇ္ဇောတ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

**၆၀။ လောကဗန္ဓု**

လောကသုံးပါး၏ ဆွေတော်မျိုးတော်ဖြစ်တော်မူသောကြောင့် **လောကဗန္ဓု** ဟု အတုလနိမိတ် ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

ဣတိ-ဤသို့ သဋ္ဌိယာ- (၆၀) သော၊ ဂုဏေဟိ- ဂုဏ်တော်တို့နှင့် သမ္ပန္နံ- ပြည့်စုံတော်မူသော၊ တံဘဂဝန္တံ-ထိုမြတ်စွာဘုရားကို၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒာမိ- ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ (ဂုဏ်တော် ၆၀)

သောဘဂဝါ- ထိုမြတ်စွာဘုရားသည်-

**၆၁။ ဝတ္တာ**

သွာက္ခာတတာအစရှိသော ဂုဏ်တော်ခြောက်ပါးနှင့်ပြည့်စုံသော တရားကို ဟောကြားတော်မူတတ်သောအကြောင်းကြောင့် **ဝတ္တာ** ဟု မင်္ဂလာနိမိတ္တ ဝိသိဋ္ဌဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

**၆၂။ ဝိနာယကော**

သတ္တဝါဝေနေယျတို့ကို ဆန်းကြယ်နက်နဲသော ဒေသနာနည်းတို့ဖြင့် ဆုံးမတော်မူတတ်သောအကြောင်းကြောင့် **ဝိနာယက** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

**၆၃။ ဝိဘဇ္ဇဝါဒီ**

ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံ အာဒီနဝကထာ၊ နိက္ခမေ အာနိသံသကထာ၊ စတုသစ္စကထာအစဉ်ဖြင့် ဝေဖန်၍၊ တရားဒေသနာကို ဟောကြားတော်မူတတ်သောအကြောင်းကြောင့်၊ **ဝိဘဇ္ဇဝါဒီ** ဟု ဘွဲ့ အမည်ကျော်ကြားထင်ရှားတော်မူ၏။

**၆၄။ ဝိသုဒ္ဓိဒေဝေါ**

ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ခြင်း၏ အစွမ်းအားဖြင့် ကျက်သရေဂုဏ်ရောင် ထွန်းလင်းပြောင်သဖြင့်၊ ဝိသုဒ္ဓိနတ်မင်းဖြစ်တော်မူခြင်းအကြောင်းကြောင့် **ဝိသုဒ္ဓိဒေဝ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူ၏။

**၆၅။ သစ္စဒသော**

သစ္စာလေးပါး မြတ်တရားကို မျက်ဝါးထင်ထင်မြင်တော်မူတတ်သောကြောင့် **သစ္စဒသ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

**၆၆။ သစ္စနာမော**

မြတ်စွာဘုရား၏ ကာယကံ ဝစီကံ မနောကံသည် ဉာဏ်ရှေ့သွားရှိတော်မူ၍လည်းကောင်း၊ ဉာဏ်သို့အစဉ်လိုက်သည်ဖြစ်၍လည်းကောင်း၊ မှားယွင်းတိမ်းပါးခြင်းကင်း၍ အလွန်မှန်ကန်တော်မူ၏။ သတိဉာဏ်ကင်းလွတ်၍ အပျော်အပျက်ပြုလုပ်ပြောဆိုကြံစည်ခြင်း ကင်းတော်မူ၏။ လွဲမှားပြုလုပ်ပြောဆိုကြံစည်ခြင်း ကင်းတော်မူ၏။ သတိဉာဏ်မကပ်သော ပြုလုပ်ပြောဆိုကြံစည်ခြင်း ကင်းတော်မူ၏။ အဆောတလျင်ပြုလုပ်ပြောဆိုကြံစည်ခြင်း ကင်းတော်မူ၏။ ဤသို့ မှန်ကန်ကောင်းမြတ်သော ကံသုံးပါးချည်းသာ ရှိတော်မူ၍ သစ္စဟူသော အမည်ကို ခံယူတော်မူထိုက်သောကြောင့် **သစ္စနာမ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

**၆၇။ သစ္စသဝှယော**

မြတ်စွာဘုရား၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့သည် တိမ်းပါးမှားယွင်းခြင်းမရှိ၊ အမှန်အကန်ချည်းသာဖြစ်တော်မူ၍ သစ္စဟူသော အမည်ရှိတော်မူသောကြောင့် **သစ္စသဝှယ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

**၆၈။ သတပုည လက္ခဏော**

စကြဝဠာ အနန္တရှိသော အနန္တသတ္တဝါတို့၏ တစ်ရာစုတစ်ရာစု ကုသိုလ်တို့ထက်၊ မြတ်စွာဘုရားတစ်ပါးတည်း၏ တစ်ရာစုတစ်ရာစုသော ကုသိုလ်သည် လွန်ကဲများပြားတော်မူ၏။ ဤသို့ မနှိုင်းယှဉ်အပ်သော တစ်ရာစု တစ်ရာစု ကုသိုလ်တည်းဟူသော အမှတ်သညာဝိသေသလက္ခဏာ ရှိတော်မူသောကြောင့် **သတပုညလက္ခဏ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

**၆၉။ သတ္တုတ္တမော**

လူနတ်ဗြဟ္မာတည်းဟူသော ဥက္ကဋ္ဌဖြစ်သော သတ္တဝါတို့ထက် မြတ်တော်မူသောကြောင့် **သတ္တုတ္တမ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။


**၇၀။ သတ္တဝါဟကော**

သံသရာခရီးခဲမှ နိဗ္ဗာန်တည်းဟူသော ဘေးကင်းရာသို့ ပို့ဆောင်ပေးတော်မူတတ်သည်ဖြစ်၍ ကန္တာရခရီးမှ ဘေးကင်းရာလူ့ရွာမြေသို့ ပို့ဆောင်ပေးတတ်သော လှည်းမှူးကြီးနှင့်တူသော်မူသောကြောင့် **သတ္တဝါဟက** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

ဣတိ-ဤသို့၊ သတ္တတိယာ- (၇၀) သော၊ ဂုဏေဟိ- ဂုဏ်တော်တို့နှင့်၊ သမ္ပန္နံ- ပြည့်စုံတော်မူသော၊ တံဘဂဝန္တံ- ထိုမြတ်စွာဘုရားကို၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒာမိ- ရှိခိုးကန်တော့ပါ၏ဘုရား။ (ဂုဏ်တော် ၇၀)

(ဆက်လက်ဖော်ပြပါမည်။)

သီတာဦး (မြန်မာစာ)



ပခုက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိကန္နောဘာသမဟာထေရ်

ဟောကြားတော်မူအပ်သော

# ပါဠိပိဋကတ်တော်ဒီဃနိကာယ်မဟာဝဂ္ဂသုတ္တန်

မဟာသတိပဋ္ဌာနသုတ်တော်လာ

အလွန်မွန်မြတ်လှပြီးနားလည်လွယ်၍ နိဗ္ဗာန်ရောက်ကြောင်း

လူတိုင်းလက်တွေ့ကျင့်နိုင်သော

# ဓမ္မာနုပဿနာတရားတော်မြတ်

ဤ"ဓမ္မာနုပဿနာတရားတော်မြတ်သည် သာသနာအတွက်အလွန်အကျိုးရှိပြီး၊ သာသနာပြုရာလည်းရောက်သည်မည်၍၊ မြန်မာဘာသာတစ်မျိုးတည်းဖြင့် အစအဆုံးဖော်ပြလိုက်ရပါသည်။ (ဓမ္မဝီရဂျာနယ်)

**(ယခင်အပတ်မှအဆက်)**

မြတ်စွာဘုရားတောင်မှ ဘုရားမဖြစ်ခင်၊ တောမထွက်ခင်၊ ဘုရားအလောင်းဘဝက သူအို၊ သူနာ၊ သူသေလို့ပဲမြင်ခဲ့တယ်၊ ဘုရားဖြစ်လာတဲ့အခါကျတော့မှ (ဇာတိ၊ ဇရာ၊ မရဏ၊ ဝိညာဏာတိဖလ၊ သင်္ခါရဝိညာဏ်၊ နာမ်ရုပ်)ကိုပဲမြင်တော့တယ် (မှန်ပါ့)။

ဇာတိ၊ ဇရာ၊ မရဏဆိုတာ (ဥပါဒ်၊ ဌီ၊ ဘင်)ဖြစ်တည်ပျက်၊ ဒါကြောင့်(ဖြစ်ပျက်)ရောက်လျှင် (ရုပ်နာမ်)ဝင်သူတွင် လူမရှိ (ပရမတ်)ရောက်တော့တယ်. . . (မှန်ပါ့)။

လေ့ကျင့်တာကို (စရဏ) ခေါ်တယ်၊ (ပညာသိ)က (ဝိဇ္ဇာ)ခေါ်တယ် ဒါကြောင့် (ဝိဇ္ဇာစရဏ သမ္ပန္န)လို့ခေါ်တာ (ဝိပဿနာ) ဆိုတာ (ဝိသုဒ္ဓိမဂ်)ပေါ်မှ (ဝိပဿနာ)ရယ်လို့ဖြစ်လာတာ (ဝိပဿနာ)ဆိုတာ ပါဠိလို နံမည်ပေးထားတာ၊ (ဓမ္မစကြာ)ထဲမှာက (ဝိဇ္ဇာဥဒပါဒိ၊ ညာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ အာလောကောဘဥဒပါဒိ)လို့ ဒီလိုလာတာ (ဓမ္မစကြာ)မှာက (ဝိဇ္ဇာနဲ့ စရဏ) ပဲလာတယ်၊ တရားမသိရင် (ဓမ္မစကြာ)နဲ့ ညှိရတယ်(မှန်ပါ့)။

ဝိပဿနာက (သမပညာယ)အနေနဲ့ (ဝိပဿနာ)လို့ အနက်ယူတာ၊ စင်စစ်တော့ (သမပညာယပဿတိ)တဲ့ (သမ)က (ဝိသမ) မဟုတ်တာဆို တော့ (သမ) က ညီညွတ်တာ၊ (ပဿ)က ရှုတာ၊ ဒီတော့ ညီညွတ်စွာရှုတဲ့ ပညာလို့လည်း အဓိပ္ပါယ်ရတယ်။

(ဝိပဿနာ)ရှုရင် (စိတ်)က ပြုလုပ်နေတာဖြစ်တတ်တယ်၊ (They are mind made) ဖြစ်နေတယ်၊ (ဝိပဿနာ)ကို (စိတ်)နဲ့ မရှုရဘူး၊ (ဉာဏ်)နဲ့ (ပညာ)နဲ့ရှုရတယ်၊ "(ပညာ)နဲ့မြင် ကိလေသာစင်" တဲ့၊ ပညာ(ဉာဏ်)က အရေးကြီးတယ်၊ (နိဗ္ဗာန်)အာရုံကလည်း (ဉာဏ်)နဲ့သိရတာမျိုး(မှန်ပါ့)၊ (ဓမ္မာနုပဿနာ)က (ဝိပဿနာ)လို (စိတ်)နဲ့ မရှုရဘူး၊ (ဓမ္မာရုံ)ဖြစ်တဲ့ (အာရုံ)လေးတွေရဲ့ သဘောလက္ခဏာကို ဝိညာဏ်(သိ)နဲ့ ရှုရတယ် (မှန်ပါ့)။

(ဓမ္မာနုပဿနာ)မှာ (စက္ခုံစပဇာနာတိ)က (သစ္စာဉာဏ်) သစ္စာဉာဏ်ဆိုတာ အမှန်သိတာ၊ (ပရမတ်)သိ၊ ပဇာနာတိ၊ ပဇာနာတိ (သိတယ်) (သိတယ်) လို့ယူရင် (ကိစ္စဉာဏ်)၊ (ကိစ္စဉာဏ်)ဆိုတာ (ပြုလုပ်)တာကိုသိတာ၊ ဒီလိုသိတဲ့ (ပဇာနာတိ)လုပ်နေရင်း (ရာဂ၊ ဒေါသ၊ မောဟ) တွေမရှိတော့တာက (ကတဉာဏ်)လို့ခေါ်တယ်၊ (ကတဉာဏ်)က (ပယ်)လိုက်တာကိုခေါ်တယ်။ (မှန်ပါ့)။

(အာရုံ)နဲ့ (စိတ်) ကိုလည်းကွဲရတယ်၊ (အာရုံ)က (ရုပ်) ၂ ခု ပေါင်းလို့ (အာရုံ)ဖြစ်တာ၊ စိတ်က (နာမ်)ပဲ၊ အကြောင်း ၂ ခုတိုက်ဆိုင်လို့ သိရတဲ့ (အကြောင်းအကျိုး)မျိုးကို (ဓမ္မ)လို့ခေါ်တယ်၊ (ဓမ္မ)ဆိုတာ (သဘာဝ)ပဲ၊ "အကြောင်းအားလျော်စွာ ဖြစ်လေတာ မှတ်ပါသဘာဝ" တဲ့ အဲဒါ(ဓမ္မ)=သဘာဝပဲ။ (ဓမ္မသဘာဝ)ကို မရှုကြဘဲ၊ (လူ၊ ပုဂ္ဂိုလ်၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ သတ္တဝါ)တွေရှုနေကြတယ်၊ တကယ်တော့ အကြောင်းအကျိုး (ဓမ္မ)သဘာဝကိုပဲ ရှုရမှာ၊ မျက်စိ (ရုပ်)နဲ့ အဆင်း (ရုပ်)၊ နား(ရုပ်)နဲ့ အသံ(ရုပ်)တို့က ဖြစ်တဲ့ (အာရုံ)ကိုသိပါ၊ မြင်တာ၊ ကြားတာက (သဘာဝ)ဒါကြောင့် အကြောင်းအားလျော်စွာ ဖြစ်လေတာမှတ်ပါ သဘာဝ (ဓမ္မ)လို့ မှတ်ပါ (မှန်ပါ့)။

မျက်စိကမြင်နေကြတဲ့ ရူပါရုံ (ရုပ်)က (သဘာဝ)၊ မျက်စိ၊ နားတို့နဲ့ အဆင်းအသံကိုမြင်တာကြားတာက (သဘာဝ)၊ (ဓမ္မ)နဲ့ ပြောရင် (ဓမ္မ)ပေါ့၊ ဒါကိုငါမြင်တာ (ငါ)ကြားတာဆိုတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမလို့ မယူနဲ့၊ ဒါက (ဓမ္မာပဋိသမ္ဘိဒါ)လို့ခေါ်တယ်၊ (ဓမ္မ)သဘာဝပဲ၊ သဘာဝဆိုတာ (ပညတ်) အာရုံဓမ္မလေးပါပဲ. . . (မှန်ပါ့)။

ရှင်သာရိပုတ္တရာဟာ အစက (ယေဓမ္မာ)ကို (ဟေတုပ္ပဘဝါ)လို့ မသိဘူး၊ (ငါ)လို့ သိနေတယ်၊ (ရှင်အဿဇိ)က ဟောပြမှ 'ယေဓမ္မာ ဟေတုပ္ပဘဝါ' အကြောင်းအကျိုးလို့ သိသွားတယ်၊ ရှင်သာရိပုတ္တရာတရားစသိတာက (ဓမ္မာနုပဿနာ)နဲ့ တရားစသိတာပဲ. . . (မှန်ပါ့)။

(ဓမ္မ)ဆိုတာနဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေက ဝမ်းထဲမှာမရှိတော့ဘူး၊ (သဘော)ပဲမြင်တော့တယ်၊ သဗ္ဗေဓမ္မာ၊ သဗ္ဗေသင်္ခါရလို့ ဒီလိုသိသွားတယ်။ (ဓမ္မာနုပဿနာ)ဆိုရင် (ယေဓမ္မာ ဟေတုပဘဝါ) သိပြီပဲ၊ (ယေဓမ္မာ)ဆိုရင် ဓမ္မာနုပဿနာဖြစ်လို့ (သဘာဝ)ကိုရောက်သွားပြီ၊ (ပညတ်) တွေမရှိတော့ဘူး (ယေဓမ္မာ)ကို သိရုံနဲ့ ရှင်သာရိပုတ္တရာ(သောတာပန်)ဖြစ်ခဲ့ပါတယ်၊. . . (မှန်ပါ့)။ ယေဓမ္မာ= အကြင်တရားတို့သည် ဟေတုပဘဝါ= အကြောင်းရင်းအစရှိကုန်၏တဲ့. . (မှန်ပါ့)။

ဓမ္မ= ဓမ္မသည် သဘာဝေါတဲ့ (ဓမ္မဟာသဘာဝပဲ)၊ လူသတ္တဝါ၊ မိန်းမ၊ ယောကျ်ားမဟုတ်တော့ဘူး၊ (ပညတ်) မရှိတာရောက်သွားတယ်. . . (မှန်ပါ့)။

စက္ခုံဥဒပါဒိလို့ (ဓမ္မစကြာ)မှာ မြတ်စွာဘုရားဟောပါတယ်။ (မှန်ပါ့)။ (ဓမ္မစက္ခု)ဆိုတာ ပုဂ္ဂိုလ်၊ သတ္တဝါမယူမှ (ဓမ္မစက္ခု)ဖြစ်တယ်လို့ဟောထားပါတယ်။ (မှန်ပါ့) ဒါကြောင့် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အသိမဖြစ်ဖို့ အရေးကြီးတာပေါ့၊ ဒါမှ (ရာဂ၊ ဒေါသ၊ မောဟ) ကုန်မှာ. . (မှန်ပါ့) (သတ္တဝါ) ဆိုတာ ဘုံသုံးပါးမှာရှိကြတဲ့ လူ့ဘုံ၊ နတ်ဘုံ၊ အပါယ်ဘုံမှာ ရှိကြသူ

**စာမျက်နှာ ၁၉ သို့**



## ရန်ကုန်မြို့၊ ကျောက်ကုန်းတောရ မေဒိနီစာသင်တိုက် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ဝိနယပါရဂူ၊ ဂဏဝါစက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ကောဝိဒဓဇ ဟောကြားတော်မူအပ်သော

## (သဒ္ဓမ္မဒေသနာ မေဒိနီတရားပေါင်းချုပ်)

# ကမ္ဘာ့ရန်သူကြီး သုံးမျိုးတရားတော်

**(ယခင်အပတ်မှအဆက်)**

အဒေါသော မိတ္တသမ္ပတ္တိယာ ပစ္စယော ဟောတိ။ မေတ္တာယ မိတ္တာနံ ပဋိလာဘတော စေဝ အပရိဟာနတော စ။ (အဘိဓမ္မ၊ ဋ္ဌ၊ ပ၊ ၁၇၂။)

အဒေါသော၊ အပြစ်မမှား အဒေါသတရားသည်၊ မိတ္တသမ္ပတ္တိယာ၊ အဆွေခင်ပွန်းနှင့် ပြည့်စုံခြင်း၏။ ပစ္စယော၊ အကြောင်းအထောက်အပံ့သည်၊ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား၊ မေတ္တာယ၊ ချစ်ခင်လေးစား၊ မေတ္တာတရားဖြင့်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့ကို၊ ပဋိလာဘတော စေဝ၊ အမှန်မယွင်း ရရှိခြင်းကြောင့်လည်းကောင်း။ အပရိဟာနတော စ၊ ဂုဏ်အင်ညိုးပုပ် မဆုတ်ယုတ်စေခြင်းကြောင့်လည်းကောင်း၊ မိတ္တသမ္ပတ္တိယာ၊ အဆွေ ခင်ပွန်းနှင့် ပြည့်စုံခြင်း၏၊ ပစ္စယော၊ အကြောင်းအထောက်အပံ့သည်၊ ဟောတိ၊ မလွဲမသွေဖြစ်ရလေသတည်း။ (ဝါ) မိုးကြိုးပစ်ဇာကန် မသွေလှန်ဘဲ အမှန်မသွေ ဖြစ်ရလေတော့သတည်း။

အကျဉ်းချုပ်အားဖြင့်တော့ ဒေါသကြီးသောသူမှာ ရန်သူများတတ်သည်တဲ့၊ ဒေါသနည်းသောသူမှာ မိတ်ဆွေအပေါင်းအသင်းများတတ်သည်တဲ့။ မိမိက သူတစ်ပါးအား ရန်သူလို သဘောထားလျှင် သူတစ်ပါးကလဲ မိမိကို ရန်သူလိုပင် သဘောထားမည်။ မိမိက သူတစ်ပါးအား မိတ်ဆွေအပေါင်းအသင်းလို သဘောထားလျှင် သူတစ်ပါးကလည်း မိမိကို မိတ်ဆွေလို သဘောထားကြမည်မှာ ဓမ္မတာပင်မဟုတ်လား (ဒကာကြီးဦးစိန်)။

(ဆောင်) ၁။ ဒေါသကြီးများ၊ ရန်သူများ၊ ဖြစ်ပွားမိတ်ဆွေပျက်တတ်သည်။

၂။ ဒေါသနည်းလျှင်၊ ရန်မဝင်၊ လူရှင်မိတ်ဆွေ များတတ်သည်။

၃။ ဒေါသတရား၊ ရှောင်ဖယ်ရှား၊ စိတ်ထားပြုပြင် ပြောင်းရမည်။

ဒေါသတရားရဲ့ အပြစ်နှင့် အဒေါသတရားရဲ့အကျိုးကို အဘိဓမ္မာ အဋ္ဌကထာကြီးမှာ အမျိုးမျိုးဖွင့်ပြထားတဲ့အတိုင်း စုံလင်အောင် ပြောရဦးမယ်။ ဒေါသကြီးသောသူများသည် မိတ်ဆွေများအပေါ်၌ပင် ရန်သူလို သဘောထားတတ်သတဲ့။ ရန်သူဖြစ်သော သူများအပေါ်မှာ ဆိုလျှင်တော့ ဆိုဖွယ်ရာ မရှိတော့ဘူးပေါ့။ အမျက်မထွက်တတ်သောသူ၊ ဒေါသနည်းသောသူများကတော့ ရန်သူကိုပင် ရန်သူဟူ၍ သဘောမထားတတ်ကြဘူးတဲ့၊ မိတ်ဆွေများအပေါ်မှာဆိုတော့လဲ ဆိုဖွယ်ရာပင် မရှိတော့ဘူးပေါ့၊ ဒေါသနည်းတဲ့ သူများဟာ မိမိက သူတစ်ပါးကို မပြစ်မှားမှတော့ သူတစ်ပါးကလဲ မိမိကို မပြစ်မှားသဖြင့် ဘေးရန်နည်းပါးခြင်း ဖြစ်တယ်လို့ ဆိုရလိမ့်မယ်နော်။

အဒေါသေန ပရပက္ခေသု သတ္တသင်္ခါရေသု နိဗ္ဗုတော ဟောတိ။ အဒုဋ္ဌဿ ဟိ ဝေရီသုပိ ဝေရိသညာယ အဘာဝတော။ (အဘိဓမ္မာ၊ ဋ္ဌ၊ ပ၊ ၁၇၃)

အဒေါသေန၊ အဒေါသတရားဖြင့်၊ ပရပက္ခေသု၊ သူတစ်ပါးအဖို့ ဖြစ်ကုန်သော၊ သတ္တသင်္ခါရေသု၊ သတ္တဝါ သင်္ခါရတရားတို့၌။ နိဗ္ဗုတော၊ ပူပန်မလိမ်း ငြိမ်းအေးခြင်းသည်။ ဟောတိ၊ မုချစင်စစ် အမှန်ဖြစ်၏၊ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဟိ ယသ္မာ၊ အကြင်ကြောင့်၊ အဒုဋ္ဌဿ၊ ဒေါသငြိမ်သက် အမျက်မထွက်သူအား။ ဝေရီသုပိ၊ မကြည်မဖြူ ရန်သူဖြစ်သော သူတို့၌လည်း ဝေရိသညာယ၊ မကြည်ဖြူတတ် ရန်သူဟူသော အမှတ်၏။ အဘာဝတော၊ ကောင်းစွာလွတ်ကင်း မရှိခြင်းကြောင့်၊ သတ္တသင်္ခါရေသု၊ သက်ရှိသက်မဲ့ တကွဲများလှ သတ္တဝါသင်္ခါရတို့၌။ နိဗ္ဗုတော၊ ဆင်းရဲပူပန်၊ အမှန်ကင်းရှင်း ငြိမ်းအေးခြင်းသည်၊ ဟောတိ၊ မုချစင်စစ် ဖြစ်ရလေတော့သည်။

အမျက်ထွက်တယ်၊ ဒေါသဖြစ်တယ်ဆိုတာ အပြင်အပ ဗဟိဒ္ဓဖြစ်သော သတ္တဝါသင်္ခါရတို့ကြောင့် ဖြစ်တာချည်းများတယ်နော်။ မိမိတို့၏ အတွင်း အဇ္ဈတ္တသန္တာန်မှာ စွဲ၍ဖြစ်တယ်ဆိုတာ မရှိသလောက်ပါပဲ။ ဗဟိဒ္ဓအာရုံကြောင့်သာလျှင် ဖြစ်တတ်တယ်။ ဒါကြောင့် ဒေါသဖြစ်ပွားသောသူသည် အပြင်ဗဟိဒ္ဓဖြစ်သော သတ္တဝါများ ပျက်စီးရာပျက်စီးကြောင်း အသုံးအဆောင်စသော သင်္ခါရအစုတို့ ပျက်စီးရာပျက်စီးကြောင်းကိုသာ ပြုတတ်တယ်တဲ့။

လက္ခဏာရေးသုံးပါးတွင် ဒုက္ခလက္ခဏာကို ထင်မြင်အောင် ရှုဆင်ခြင်ခြင်းဖြင့်လဲ ဒေါသကွာနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် အသုံးအဆောင်များမြောင်စွာလှ သင်္ခါရတရားစုတို့ အပေါ်၌ပင် ဖြစ်ပျက်ယှဉ်နေသဖြင့်ဆင်းရဲမှုဟု မြင်နေသော သူသည်စင်စစ် ထက်လှစွာသော ရှန့်ရင်းကြမ်းတမ်းလှစွာသော အမျက်ထွက်ခြင်းဆင်းရဲကို ဖြစ်စေတော့မည် မဟုတ်သောကြောင့် ဖြစ်သတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။ ဒါကြောင့်မို့ ဒုက္ခလက္ခဏာထင်မြင်ခြင်းသည်လည်း ဒေါသကင်းခြင်းရဲ့ အကြောင်းတစ်ပါးဟု မှတ်သားထားရမယ်ပေါ့။

ဒါန၊ သီလစသည့် ကောင်းမှုတို့ကို မပြုနိုင်သော်လဲ အမျက်ဒေါသ မထွက်အောင် မိမိစိတ်ကို ထိန်းသိမ်းရုံမျှနှင့် နတ်သမီး၊ နတ်သားဖြစ်နိုင်ကြောင်းကို ဓမ္မပဒအဋ္ဌကထာမှာ သေချာစွာ ဖွင့်ပြထားတယ်နော်။ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ကျွန်မအမျိုးသမီး တစ်ယောက်ရှိသတဲ့။ သူမရဲ့ အိမ်ရှင်များက အလွန်ကြမ်းတမ်း ရက်စက်လှသတဲ့။ တွေ့ရာဒုတ်ဖြင့် ကိုင်ရိုက်ခြင်း၊ ပုတ်ခတ်ခြင်း၊ ပြုလေ့ရှိသတဲ့။ ဒါပေမယ့် ထိုကျွန်မလေးက အမျက်ထွက်လာခဲ့သော် “သူတို့သည် ငါ့ကို အစိုးရပေသည်၊ နှာခေါင်းကို ဖြတ်ခြင်းစသည်ကိုပင် ပြုနိုင်သေးသည်၊ ငါသည် အမျက်မထွက်သင့်” ဟု မိမိကိုယ်ကို ဆုံးမကာ အမျက်ထွက်ခြင်းကို ထိန်းသိမ်းခဲ့ခြင်းကြောင့် ယခုလို နတ်သမီးဘဝဖြစ်လာရကြောင်းကို ရှင်မဟာမောဂ္ဂလာန်မထေရ်ကြီးအား လျှောက်ထားသတဲ့။ သို့အတွက်ကြောင့် အမျက်ဒေါသထွက်မှုကို ထိန်းသိမ်းနိုင်ရုံမျှဖြင့် နတ်ပြည်သို့ရောက်နိုင်ကြောင်းကို ကောင်းစွာမှတ်သားကြရမယ်နော်။

မြတ်စွာဘုရားတို့ ရရှိတော်မူကြသော သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်လက္ခဏာတို့တွင် အဘိနီလ နေတ္တလက္ခဏာ= အလွန်ညိုမည်းသော မျက်လုံးတော်ရှိခြင်းလက္ခဏာနှင့် ဂေါပခုမလက္ခဏာ ဖွားမြင်စ နွားနီငယ်၏ မျက်မွေးနှင့်တူသော နူးပျိုသော မျက်မွေးတော်ရှိခြင်း လက္ခဏာနှစ်ပါးကို ရရှိခြင်းသည် ပါရမီတော်ဖြည့်စဉ် လူဖြစ်သော ဘဝတို့က သူတစ်ပါးအား အမျက်ဒေါသ ရှေ့ထားလျက် မကြည့်ခဲ့ခြင်း မျက်စောင်းထိုး၍ မကြည့်ခဲ့ခြင်း မျက်တောင်မခတ်ဘဲ စူးစိုက်၍ မကြည့်ခဲ့ခြင်းကြောင့် ယင်းလက္ခဏာနှစ်ပါး

ကို ရရှိခဲ့ခြင်းဖြစ်လေသတဲ့ (ဒကာကြီးဦးစိန်ရဲ့)။

လူနတ်ပြဟ္မာ သတ္တဝါတို့အား အမျိုးမျိုးဆင်းရဲဒုက္ခပေးနေတဲ့ ဒီဒေါသတရားကို ပယ်ရှားနိုင်ဖို့ရန် မြတ်စွာဘုရားက နည်းပေးတော်မူခဲ့သည်မှာ-

ဒေါသဿ ပဟာနာယ မေတ္တာ ဘာဝေတဗ္ဗာ။ (အင်္ဂုတ္တရပါဠိ၊ ဒု၊ ၃၈၈)

ဟူ၍ အင်္ဂုတ္တရ ပါဠိတော်၌ ဟောကြားတော်မူခဲ့ပါတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့ (ဝါ) ဒေါသရန်ဘေး ကင်းဝေးစေရန် စိတ်သန်ကျင့်ပွား အိုချစ်သားတို့၊ ဒေါသဿ၊ ကောင်းကျိုး ပျက်ပြား ဒေါသတရားကို၊ ပဟာနာယ ကောင်းကျိုးလိုလား ပယ်ရှားခြင်းငှာ၊ မေတ္တာ ကောင်းကျိုး ရည်မှန်း မေတ္တာကမ္မဋ္ဌာန်းကို ဘာဝေတဗ္ဗာ အစဉ်မမှား ပွားများအပ်၏။

မေတ္တာတရားကို ပွားများလျှင် ဒေါသတရားကို ပယ်နိုင်သတဲ့။ မေတ္တာဓာတ်မဝင်နိုင်တော့ဘူး။ မေတ္တာစိတ်ဖြစ်နေလျှင်လဲ ဒေါသစိတ် မဖြစ်နိုင်တော့ဘူး၊ သို့အတွက် မေတ္တာတရားကို အကြိမ်ကြိမ် အဖန်ဖန် ပွားများနေခြင်းဖြင့် ဒေါသတရားဆိုး ခေါင်းပါးအောင် ကြိုးစားကြရပေလိမ့်မယ်နော်။

ကဲ ဗုဒ္ဓဘာသာဝင် သူတော်စင် ဒကာ ဒကာမများ ဒေါသတရားဆိုးကို ပယ်ဖျက် ချိုးနိုင်အောင် အချိန်တော်တော်ကြာမြင့်စွာ ဟောဖော်၍ ပြခဲ့ပြီဖြစ်သဖြင့် အသိရှင်းလောက်ပါပြီနော်။ အကျဉ်းချုပ်မှတ်ဖို့ကတော့ သံသရာတစ်ခွင် ကျင်လည်ရစဉ် မိမိတို့ အတွင်းသန္တာန်၌ အမြဲမှီကာ ဖြစ်ပွားနေသော ဒေါသတရားကို ပယ်ရှားနိုင်အောင် မေတ္တာတရားကို ပွားများကြရမည်။ လက္ခဏာယဉ်နှစ်ပါးတွင် ဒုက္ခလက္ခဏာကို ရှုဆင်ခြင်ပွားများရပါမည်။ သို့အတွက် ကိုယ့်စိတ်နှစ်ဖြာ ငြိမ်းချမ်းသာရေးကို လိုလားတောင့်တသော အမျိုးသား အမျိုးသမီးတို့သည် ဒေါသတရားပယ်ရှားနိုင်ရန် မေတ္တာ ကမ္မဋ္ဌာန်းနှင့် ဒုက္ခလက္ခဏာ ဘာဝနာတို့ကို ကြိမ်ဖန်များစွာ ပွားများအားထုတ်ကြရန် အထူးပင် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

သင်္ခါရေသု စ သတ္တေသု၊ ဒုက္ခံ မေတ္တာ စ ဘာဝိတာ။

ဒေါသဿ သမ္ပဟာနာယ၊ ပရပက္ခေ ဟိတေသိနာ။ (ရစနာ)။

ဟိတေသိနာ၊ ပစ္စုပ္ပန်သံသာ နှစ်ဖြာစီးပွား လိုလားရှာမှီး အမျိုးကောင်းသားသမီးသည်၊ ပရပက္ခေ ပရပက္ခေသု၊ မိမိဖယ်ရှား သူတစ်ပါးအဖို့ ဖြစ်ကုန်သော။ သင်္ခါရေသုစ အသုံးအဆောင်များမြောက်စွာလှ သင်္ခါရတို့၌လည်းကောင်း၊ သတ္တေသုစ သံသရာခရီးသွား သတ္တဝါအများတို့၌လည်းကောင်း ဒုက္ခံ့ ဖြစ်ပျက်နှစ်တန်နှိပ်စက်ဒဏ်ကို ကြိမ်ဖန်ကြံမြဲ ဆင်းရဲခြင်းကိုလည်းကောင်း၊ မေတ္တာစ သတ္တဝါအများ အာရုံထား၍ ပွားများစီးဖြန်း မေတ္တာကမ္မဋ္ဌာန်းကိုလည်းကောင်း။

ဒေါသဿ၊ သူ့ကျိုး ကိုယ့်ကျိုး ဖျက်ချိုးတတ်ငြား ဒေါသတရားကို၊ သမ္ပဟာနာယ၊ သတိသမ္ပဇဉ်၊ မြဲစွာယှဉ်၍ အစဉ်ပွားများ၊ ကောင်းစွာပယ်ရှားခြင်းငှာ၊ ဘာဝိတာ၊ မိမိနောက်နောင် အစဉ်ကောင်းအောင် ကျိုးကြောင်းဆင်ခြင် ရှုမြင်ပွားများအပ်လေသတည်း။

(ဆောင်) ဒေါသတရား ပယ်ရှားဖို့ရာ၊ သတ္တဝါသင်္ခါရ များလှပေါ်မှာ။

ဆင်းရဲအစု ပွားရှုမေတ္တာ၊ ယောဂီမြတ် ရှုအပ်အစဉ်သာ။

**(ဆက်လက်ဖော်ပြပါမည်)**

**စာမျက်နှာ ၁၇ မှ**

တွေအားလုံးကို (သတ္တဝါ)လို့ ခေါ်ဝေါ်သမုတ်ထားတာ တကယ်မရှိဘူး။ လူလည်း(သတ္တဝါ) ယောကျာ်း၊ မိန်းမ၊ ပုဂ္ဂိုလ်လည်း (သတ္တဝါ)လို့ခေါ်တယ်. . တကယ်မရှိဘူး၊ ရှိတာက (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်)ပဲ. . (မှန်ပါ့)။

ဒါကြောင့် "သတ္တဝါကုန် အတ္တမြဲသည်သာ အရိယာ" လို့ခေါ်တာ (မှန်ပါ့)၊ ဒါကိုသဘောမပေါက်တော့ ငါ၊ သူ၊ ယောကျာ်း၊ မိန်းမအမြင်နဲ့မြင်နေကြတာပဲ (မှန်ပါ့)၊ တကယ်တော့ (၃၁)ဘုံမှာ (နာမ်ရုပ်)ပဲ တကယ်ရှိတာ၊ မြင်ရမှာက (ရုပ်နာမ်)ပဲ (သတ္တဝါ)မဟုတ်ဘူး. . (မှန်ပါ့)။

(ဓမ္မာနုပဿနာ)က ကျယ်ဝန်းတယ်၊ မြတ်စွာဘုရားက (မာန)ကို ပယ်ရမယ်၊ အမျက်မထွက်နဲ့၊ စိတ်မဆိုးနဲ့၊ စိတ်ဆိုးခြင်းကို ပယ်ရမယ်။ (သံယောဇဉ်)ကိုကျော်လွှားနိုင်ရမယ်၊ သံယောဇဉ်ဆိုတာ ချစ်ခင်ခြင်း၊ နှစ်သက်ခြင်း၊ တွယ်တာခြင်းဖြစ်တယ်၊ ကာမရာဂသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ အဝိဇ္ဇာ သံယောဇဉ်တွေကို ကျော်လွှန်ရမယ်လို့ဆိုတာ၊ (ရုပ်နာမ်)ဖြစ်တဲ့ ကိုယ်နဲ့စိတ်ကို မကပ်ငြိစေနဲ့တဲ့၊ မကြောင့်ကျနဲ့တဲ့၊ ဒါဆိုရင် (ဒုက္ခ)မရောက်တော့ဘူးလို့ မြတ်စွာဘုရားဟောရုံနဲ့ပဲ (ဝိညာဏ်နာမ်ရုပ်) ပျောက်ပြီး (သောတာပန်)ဖြစ်သွားတဲ့ (ဓမ္မာနုပဿနာ)ပါပဲ. . . (မှန်ပါ့)တရားအားထုတ်တာစာလို သိရတာမျိုး မဟုတ်ဘူး (ဉာဏ်) နဲ့သိရတာ (မှန်ပါ့)။

(ဓမ္မာနုပဿနာ)ဆိုတာ သဘောတရားတွေကို ဆင်ခြင်တာပဲ၊ သိတာပဲ၊ (မှန်ပါ့)၊ ဤဟာ (ရုပ်)၊ ဤဟာ(ရုပ်)ဖြစ်ကြောင်း၊ ဤဟာ(ဝေဒနာ) ဤဟာ(ဝေဒနာ)ဖြစ်ကြောင်း၊ ဤဟာ(သညာ) ဤဟာ (သညာ)ဖြစ်ကြောင်း၊ ဤဟာ(သင်္ခါရ)၊ ဤဟာ(သင်္ခါရ)ဖြစ်ကြောင်း၊ ဤဟာ(ဝိညာဏ်)၊ ဤဟာ (ဝိညာဏ်)ဖြစ်ကြောင်းလို့ ကိုယ့်သန္တာန်မှာဖြစ်လာတဲ့ (အာရုံ)တွေအပေါ် ဒါက (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်)ရယ်လို့ (ခန္ဓာငါးပါး) ရုပ်နာမ် တွေရဲ့ သဘောသဘာဝ(ဓမ္မ)လေးတွေကို ပိုင်းခြားသိနေတာ၊ ဆင်ခြင်နေတာပါပဲ၊ ဒီလို(ခန္ဓာ)ပိုင်းကို ဆင်ခြင်တာကို ဓမ္မာနုပဿနာ(ခန္ဓာပဗ္ဗ)လို့ခေါ်တယ်။ (မှန်ပါ့)

(ဓမ္မာနုပဿနာ)ရဲ့ လိုရင်းက (သတ္တဝါ)လို့ မယူဘဲ့ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ)ရောက်တဲ့ (ရာဂ၊ ဒေါသ၊ မောဟ)မဖြစ်ဖို့ လိုရင်းပဲ၊ ဒါက အရေးကြီးဆုံးပဲ (မှန်ပါ့) ဒါမှ "သဗ္ဗေသင်္ခါရအနိစ္စ ယထာပညာယပဿတိ" ဖြစ်တော့တယ် (မှန်ပါ့)။

(အဝိဇ္ဇာ၊ တဏှာ) ချုပ်ရင် (နိဗ္ဗာန်)ပဲ၊ (ကာမရာဂ)တွေ ဖြစ်လာတာ (အဝိဇ္ဇာ၊ တဏှာ)ကြောင့်ပေါ့၊ မိန်းကလေးကို သားမယားအဖြစ် စိတ်ကူးတာ (တဏှာ)နဲ့ပတ်သက်တဲ့ ကပ်ငြိတဲ့သဘောပေါ့၊ ဒီသဘောတွေက (မနော) (ဝိညာဏ်)မှာဖြစ်လို့ ဤဟာ (ဝိညာဏ်)လို့ ဒီလို(သိ)လိုက်ရတယ်၊ ဒီလိုသိမှ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ(သညာ)ဖြစ်တော့တယ်၊ (ယထာပညာယပဿိ)ဖြစ်တယ် (မှန်ပါ့)။

မိမိသန္တာန်မှာ ဘယ်သဘောတရားပဲပေါ်ပေါ် ပေါ်လာတဲ့ (ဓမ္မ) သဘောလေးတွေကို (သမ္မာသင်္ကပ္ပ)နဲ့တင်ရှုလို့ အမှန်ကိုမြင်ရင် (သမ္မာဒိဋ္ဌိ) အမှန်မြင်ဖြစ်လာတာပေါ့၊ (ဉာဏ်)ကအမှန်ကိုမြင်တတ်အောင် အလေ့အကျင့် လုပ်ရင်းနဲ့ (သမ္မာဒိဋ္ဌိ)ဖြစ်ဖြစ်သွားတာပေါ့၊ (မြတ်စွာဘုရား) ဟောတဲ့ (နိဗ္ဗာန်) ရောက်ကြောင်း (မဂ္ဂင်ရှစ်ပါး)က (သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ)ဖြစ်တဲ့ (ပညာမဂ္ဂင်) ကို ထိပ်ဆုံးကတင်ပြီး ဟောကြားထားတာပါ၊ (မှန်ပါ့)။

အေး. . . . (ပညာမဂ္ဂင်)ကို ထိပ်ကတင်ပြီး ရှုရတယ်၊ (ပညာ)နဲ့ ရှုရမည့်နေရာ၊ (ဉာဏ်)နဲ့ ရှုရမယ့် ကိစ္စကို ယခုခေတ်မှာ (သမာဓိ)တွေကို အရင်လုပ်ယူနေကြတော့ အဲဒီ သမထ(သမာဓိ)မှာပဲ လမ်းဆုံးနေကြတော့ (သမထ) ပဲဖြစ်နေကြတယ်၊ (ပညာ)ဉာဏ်ဘက်ကို မရောက်ကြတော့ဘူး၊ သတိပဋ္ဌာန်လည်းမဖြစ်ဘူး (မှန်ပါ့)၊ အရင်လုပ်ရမယ့် (ပညာ) (ဉာဏ်) သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပကိုနောက်မှလုပ်တော့ (သတိပဋ္ဌာန်)လမ်းကြောင်းအတိုင်းလည်းမဖြစ် ဓမ္မာနုပဿနာလည်းမဖြစ်ဘဲ ပြောင်းပြန်တွေဖြစ်နေကြတော့တယ်။

(သမာဓိ)အရင်လုပ်ကြတော့ ဉာဏ်စဉ်တွေက (သမာဓိ)အားထားပြီး (ပညာဉာဏ်)ကို နောက်မှလိုက်တော့ (ပညာဉာဏ်)ဘက်မရောက်တော့ပဲ (သမာဓိ)ဘက် ရောက်ရောက်သွားတော့ တလွဲစီဖြစ်နေတာပေါ့ (မှန်ပါ့) (သမထ)ရှိမှ (ဉာဏ်)ဖြစ်မယ်ထင်နေကြတယ်၊ (ဉာဏ်)က (နိဝရဏ)တွေ ပယ်တာ (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်)တို့ကိုမြင်အောင် ရှုတာ ဘယ်လောက်များခက်လို့တုန်း၊ မြတ်စွာဘုရားက ဓမ္မစကြာမှာ (ဉာဏ်)ကို အရင်ဖွင့်ပေးတာပါ။ (သမာဓိ)က နောက်ကပါလာရတာပါ(မှန်ပါ့)။

**(ဆက်လက်ဖော်ပြပါမည်)**



မုံရွာမြို့မဟာလယ်တီတိုက်၊ ကျမ်း

လယ်တီဆရာတော

ရေးသားပြုစုတော်မူ

# လယ်တီနိဗ္ဗာန်တ

# The Ledi Dhamma

# by

# MAHĀ THERA LED

(လယ်တီနိဗ္ဗာန်ကျမ်း) (I

**နန်းအိမ်ကြီးနှင့် ခန္ဓာကိုယ်တူပုံ**

ဤနန်းအိမ်ကြီးအလားတူ ဤကိုယ်ခန္ဓာ၌လည်း မနောဟူသော အကြည်ဓာတ်မှန်လုံးကြီးသည် နှလုံးအိမ်အတွင်း၌ တည်၏။ ထိုမနောဟူသော အကြည်သည်သာလျှင် တလျှမ်းလျှမ်း တလက်လက် ပြိုးပြိုးပြက် တောက်ထွန်း၏။

**"ဘိက္ခဝေ=ရဟန်းတို့၊ ဣဒံစိတ္တံ= ဤစိတ်ဟူသော ဓာတ်သည်၊ ပဘဿရံ= တထိန်ထိန် တလက်လက် ပြိုးပြိုးပြက် ရှိ၏။"**

အဟိတ်စိတ်ပင်ဖြစ်သော်လည်း အသက်ထက်ဆုံး တွေ့ဖူးသမျှ ကြုံဖူးသမျှကို အောက်မေ့လို၍ ရှေးရှုပြုလိုက်လျှင် အလိုရှိရာ အာရုံဝတ္ထုအမှုကိစ္စစုသည် ထိုစိတ်အကြည်မှာ ထင်လာပေါ်လာရသည်။ အဟိတ်ဟူသော မနောအကြည်ထက် ဒွိဟိတ်မနောက သာလွန်၍ကြည်သည်။ ဒွိဟိတ်မနော အကြည်ထက် တိဟိတ်မနောအကြည်က သာလွန်၍ကြည်သည်။

**ဘုံအားဖြင့် -**

ဘုံအားဖြင့် လူတိဟိတ်မနောထက် ဘုမ္မစိုးမနောက သာလွန်၍ ကြည်သည်။

ထို့ထက် တာဝတိံသာမနော၊

ထို့ထက် ယာမာမနော၊

ထို့ထက် တုသိတာမနော၊

ထို့ထက် နိမ္မာနရတိမနော၊

ထို့ထက် ပရနိမ္မိတဝသဝတ္တိမနော- စသည်ဖြင့် အထက် ဘဝဂ်တိုင်အောင် အဆင့်ဆင့်သိလေ။

**ပုဂ္ဂိုလ်အားဖြင့်**

ပုထုဇဉ်သာမန်ထက် ပကတိသာဝက ဗောဓိအလောင်းမနော။

ထို့ထက် မဟာသာဝကဗောဓိအလောင်းမနော။

ထို့ထက် အဂ္ဂသာဝကဗောဓိအလောင်းမနော။

ထို့ထက် ပစ္စေကဗောဓိအလောင်းမနော။

ထို့ထက် သဗ္ဗညုတဗောဓိအလောင်းတော်။ ကြီးများမနောက သာလွန်၍ကြည်သည်။

ဘုရားအဖြစ်သို့ရောက်တော်မူပြီးသော မနောအကြည်သည် အထွတ်အထိပ်သို့ရောက်၏။ ထို့ထက် တိုးတက်ဖွယ်ကိစ္စ မရှိပြီ။ စကြဝဠာအနန္တ၊ ကမ္ဘာအနန္တ၊ သတ္တဝါအနန္တ၊ သင်္ခါရအနန္တ၊ ပညတ် အနန္တ၊ နိဗ္ဗာန်ဧက၊

**How the body resembles the crystal palace**

Just as the crystal palace has a globe of crystal at its centre, there is the element of transparency and illumination within the heart in one's body. This element of transparency and illumination known as 'mano' is radiant with shimmering light.

'*bhikkhave*=O monks, idaṁcittaṁ= this seat of consciousness,

*pabhassaraṁ*= pulsates with coruscating radiance."

Though the consciousness of an ahetuka person may be bereft of greedlessness, amity and knowldge, out of all that have been experienced within the lifetime, the scenes that would like to be recalled can be summoned to appear on that person's imagery of consciousness The imagery of a dvihetuka person (ie.person in posscession of two of the three causative virtues)will be much clear and focussed than that of the ahetuka person while the tihetuka person (with all three virtues) will have the clearest sense reception among the three.

**According to the plane of existence**

The sense reception gets successively clearer as the planes of existence gets higher. Compared to a tihetuka human being, the sense receptor of the earth-dwelling god is more clear

-clearer than that in sense reception is the consciousness of a Tavatimsa god;

-clearer than the above in sense reception is the consciousness of a Yama god;

- clearer than the above in sense reception is the consciousness of a Tusita god;

-clearer than the above in sense reception is the consciousness of a Nimmanarati god; and this trend continues with the sense reception in the consciousness of a Paranimmita-vasavatti god being more clear and progressively getting clearer as the zenith in the planes of existences is approached.

**According to the person**

Compared to that of a wordling, the sense reception in the consciousness of a rudimentary disciple of a future Buddha is clearer;


the latter's clarity is surpassed by the consciousness of a greater disciple of a future Buddha. This in turn is surpassed by

ိက်၊ ကျမ်းပြုအကျော် ကမ္ဘာကျော်
ရာတော်ဘုရားကြီး
ားပြုစုတော်မူသော

# န်တရားတော်များ

# mma on Nibbana
# by
# A LEDI SAYADAW

ဒ်) (Ledi Nibbān)



ဤအလုံးစုံသော တရားစုသည် သဗ္ဗညုမနောအကြည်တွင် မထင်သည်ဟူ၍ မရှိပေ။ အလုံးစုံ အကုန်ထင်ကြရပေ၏။

ဤမနောအကြည်သည် နန်းအိမ်ကြီးအလယ်၌ စိုက်ထားသော မှန်လုံးကြီးနှင့်တူ၏။ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ ဟူသော အကြည်ငါးမျိုးတို့သည် နန်းအိမ်ကြီးမှာ ခြောက်မျက်နှာရှိ မှန်ချပ်တို့နှင့်တူ၏။ မျက်စိဖြင့် မြင်ကောင်းသောအဆင်းသဏ္ဌာန် အထည်ဝတ္ထုဟူသမျှသည် စက္ခုအကြည်, မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်။ အသံဟူသမျှသည် သောတအကြည်, မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်။ အနံ့ဟူသမျှသည် ဃာနအကြည်, မနော အကြည် နှစ်ဌာန၌ဆိုက်ရသည်။ အရသာဟူသမျှသည် ဇိဝှာအကြည်, မနော အကြည် နှစ်ဌာန၌ဆိုက်ရသည်။ တွေ့၍ ထိ၍ သိကောင်းသော အပူအချမ်း, အကြမ်းအနု ဟူသမျှသည် တစ်ကိုယ်လုံးရှိ ကာယအကြည်နှင့် မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်။ ကြွင်းသော ဓမ္မာရုံဟူသမျှသည် မနောအကြည်သက်သက်၌ ဆိုက်ရသည်။

### အကြည် ၂-ခု တစ်ပြိုင်နက်ပေါ်ပုံ

မျက်စိဖြင့် လကို ကြည့်သောအခါ မျက်စိအကြည်မှာ လဝန်းသဏ္ဌာန်တစ်ခု၊ နှလုံးအိမ် မနောအကြည်မှာ လဝန်းသဏ္ဌာန်တစ်ခု။ ရောင်ခြည်ရွှန်းရွှန်း ထိန်ထိန်ထွန်းသော လဝန်းသဏ္ဌာန်နှစ်ခုတို့သည် မရှေးမနှောင်း တစ်ပြိုင်နက် တစ်ချက်တည်း ထိုဌာနမှာ ပေါ်ရကုန်သည်။

### ငှက်ရိပ်, လူရိပ် ဥပမာ

မရှေးမနှောင်း တစ်ပြိုင်နက်ကျပုံကား- ငှက်နှင့်ငှက်ရိပ်၊ သစ်ကိုင်းနှင့် သစ်ကိုင်းရိပ်မှာ မရှေးမနှောင်း တစ်ပြိုင်နက် နားဘိသကဲ့သို့လည်းကောင်း၊ မှန်ကြည့်သောအခါ လူနှင့်လူရိပ် တစ်ပြိုင်နက် ပြုံးခြင်း၊ ရယ်ခြင်း၊ မဲ့ခြင်း စသည်ကဲ့သို့လည်းကောင်း မှတ်ရမည်။

### အရှေ့အရပ်မှ နေဝန်း

အရှေ့လောကဓာတ်မှ ထွက်ပေါ်၍လာသော နေဝန်း၏ အရိပ်သဏ္ဌာန်ကြီးသည် နန်းအိမ်ကြီးမှာ အရှေ့နံရံရှိ မှန်အကြည်ပေါက်မှ အိမ်လယ်ရှိ မှန်လုံးတိုင်အောင် ထိုးဝင်၍ မှန်လုံးထဲမှာ ထိန်ထိန်ရွှန်းရွှန်း နေဝန်းသဏ္ဌာန်ကြီး ထင်လေ၏။ အရှေ့အရပ်မျက်နှာကို မကြည့်ဘဲ ထိုမှန်လုံးကိုကြည့်၍ပင် နေဝန်းသဏ္ဌာန်ကြီးကို မြင်နိုင်၏။

ဤအတူ မျက်စိဖြင့် လ,ကို ကြည့်လေရာ၏။ လ,၏ ရွှန်းရွှန်းဖိတ်ဖိတ်အရိပ်သဏ္ဌာန်ကြီးသည် စက္ခုဟူသော ကမ္ဗဇဓာတ်မှန်အကြည်ပေါက်

the consciousness of a chief disciple of a future Buddha;

this in turn is surpassed by the consciousness of a Lesser or silent Buddha;

this in turn is surpassed by the consciousness of an embryo omniscient Buddha.

The clarity of consciousness of one who has achieved supreme enlightenment and has become a Buddha is however the culmination of clarity and remains unsurpassed. That the set of infinite cosmic systems, the infinite number of planets, the infinite number of aninate beings, the infinite number of volitional actions, the infinite number of designations and the only nibbārna that are not reflected in the consciousness of the Omniscient does not exist, without exception, all are perceived.

This clarity of sense reception is like the crystal globe in the centre of the crystal palace. The five sense receptors of the eye, ear, nose, tongue and the body are like the six glass panelled sides of the palace. All the objects that can be seen by the eye are perceived by the sense receptors of the eye and the consciousness. All sounds that can be heard by the ear are perceived by the sense receptors of ear and the consciounsess. All odours and aromas that can be sensed by the nose are perceived by the sense receptors of the nose and the consciousness. All that can be tasted are percived by the sense receptors of the tongue and the consciousness. All tactile sensations like hot and cold, roughness and softness, are perceived by the sense receptors of the body and the consciousness. All the rest the perception of doctrinal concepts (dhammārāmana) are perceived by the sense receptor of the consciousness.

### How the sense objects are perceived in two places simultaneously

When one looks at the moon, its image appears in the sense receptors of the eye as well as the sense receptor of the seat of consciousness. These two images of the moon appear more or less simultaneously in these two places.

### The case of a bird's and aman's reflection

When a bird alights on abranch, the bird and its shadow falls on the branch and its shadow more or less simultaneously. In a similar way, the reflection of a man in a mirror smiles, or

နှလုံးအိမ်တွင်းရှိ မနောဟူသော ကမ္ဗဇ ဓာတ်မှန်တိုင်အောင် တိုးဝင်၍ နှလုံးအိမ်တွင်းမှာ ထိန်ထိန်ရွှန်းရွှန်း လဝန်းသဏ္ဌာန်တစ်ခု ပေါ်လေသည်။ စက္ခုအကြည်မှာ ပေါ်သည်နှင့် နှလုံးအိမ်တွင်းမှာပေါ်မှုသည် မရှေးမနှောင်း တစ်ပြိုင်နက် တစ်ချက်တည်းသာတည်း။ ။

ကွယ်ပျောက်မှုမှာမူကား- စက္ခုအကြည်မှာ လဝန်းသဏ္ဌာန် ကွယ်ပျောက်သော်လည်း မနောအကြည်မှာ ပျောက်တဲ့နိုင်သည်မဟုတ်။ (မြင်အောင်ကြည့်ပါလေ။) သည်တစ်ချက် ကောင်းကောင်းမြင်လျှင် အကြည်ခြောက်မျိုး အကုန် ဓာတ်ပေါက်အောင် မြင်နိုင်လိမ့်မည်။

ထိုလဝန်းသဏ္ဌာန် အရိပ်ကြီး၏ စက္ခုမှန်ကြည်မှာ ထင်မှု၊ နှလုံးအိမ်တွင်း မနောမှန်ကြည်မှာ ထင်မှုပေါ်မှုသည် မိုးကြိုးမှန်သကဲ့သို့ ပြင်းထန်၏။ ထို့အတူ နေဝန်းကို ကြည့်ရှုရာ၌လည်း မျက်စိဟူသော စက္ခုအကြည်မှာ နေဝန်းသဏ္ဌာန်အရိပ်ကြီးတစ်ခု၊ မရှေးမနှောင်း တစ်ပြိုင်နက် တစ်ချက်သာတည်း။ သစ်ပင်ကိုကြည့်ရာ၌ စက္ခုမှာ သစ်ပင်သဏ္ဌာန် အရိပ်တစ်ခု၊ မနောမှာ သစ်ပင်သဏ္ဌာန် အရိပ်တစ်ခု တစ်ပြိုင်နက်ပေါ်သည်။ လူကိုကြည့်ရာ၌ စက္ခုမှာ လူသဏ္ဌာန်အရိပ်ကြီးတစ်ခု၊ မနောမှာ လူသဏ္ဌာန် အရိပ်ကြီးတစ်ခု တစ်ပြိုင်နက်ပေါ်သည်။ ထိုပေါ်မှုသည် မိုးကြိုးကြီးကျသကဲ့သို့ ပြင်းထန်သည်။ မျက်စိနှင့် မြင်မြင်သမျှခပ်သိမ်းတို့၌ ဤနည်းအတူချည်းသိလေ။

### စက္ခုဝိညာဏ်စိတ်

တိမ်တိုက်ချင်းချင်း ခွပ်ကြသောအခါ လျှပ်ရောင်ဖြစ်ပေါ်လာသကဲ့သို့ လည်းကောင်း၊ လေအချင်းချင်း တိုက်ကြသောအခါ ကြယ်ပျံသည်ဟုခေါ်ကြသော ဥက္ကာလုံး ဖြစ်ပေါ်လာသကဲ့သို့လည်းကောင်း၊ ခက်မာသော ဝတ္ထုနှင့် ခက်မာသောဝတ္ထုတစ်ခု ထိခိုက်ကြသောအခါ အသံဖြစ်ပေါ်လာသကဲ့သို့ လည်းကောင်း၊ သံမီးခတ်နှင့် အနှစ်အဆီရှိသောကျောက် ထိခိုက်ကြသောအခါ မီးပွင့်မီးပွားဖြစ်သကဲ့သို့လည်းကောင်း၊ ထို့အတူ လဝန်းသဏ္ဌာန်စသော အရိပ်သည် စက္ခုအကြည်မှာ ထိခိုက်သောအခါ မိုးကြိုးကျသကဲ့သို့ ပြင်းထန်သော ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် စက္ခုအကြည်ပေါ်မှာ ဝိညာဏ်စိတ် တဖွားဖွားဖြစ်ပေါ်လာသည်။ ထိုဝိညာဏ်စိတ်ကို စက္ခုပေါ်မှာဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ်စိတ်ခေါ်သည်။ ထိခိုက်ချက်စဲပြန်လျှင် မီးပွားသေပျောက်သကဲ့သို့ ထိုဝိညာဏ် သေပျောက်ပြန်၏။

မနောအကြည်မှာ ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ထိုလဝန်းသဏ္ဌာန်ကိုသိသော ဝီထိစိတ်အစဉ် တဖွားဖွားဖြစ်ပေါ်လေသည်။

ခေါင်းလောင်း, ကြေးစည်တို့ကို တုတ်တံနှင့် တစ်ချက် နှက်လိုက်လျှင် နှက်လိုက်သော ဒဏ်အဟုန်ကြောင့် အသံကလာပ်တွေ တဖွားဖွားပေါ်၍ နေသကဲ့သို့တည်း။ ထိုဒဏ်ငြိမ်းပြန်လျှင် အသံပျောက်ဆုံးပြန်သကဲ့သို့ လဝန်းသဏ္ဌာန် ထိခိုက်ချက်ဒဏ်ဟုန် ငြိမ်းပြန်လျှင် ထိုဝီထိစိတ်အစဉ်သည် သေပျောက် ပျက်ဆုံးပြန်လေ၏။

(မျက်စိဖြင့် မြင်မြင်သမျှမှာ ဤနည်းအတူချည်း သိလေ။)

**စက္ခုအကြည်၊ ရူပါရုံ၊ စက္ခုဝိညာဏ် ဓာတ်သုံးပါး တစ်ချက်တည်း ဓာတ်ဉာဏ်ပေါက်အောင် ရှုနည်းပြီး၏။**

(ဆက်လက်ဖော်ပြပါမည်။)

laughs or scowls at about the same time that person in question smiles, laughts or scowls. This is meant by the term 'simultaneously' in the preceding statement

### The sun's shining disc in the east

As the sun rises in the east, the image of this shining disc penetrates the glass walls facing the east and shines in the crystal globe at the centre of the glass palace. Thus, should a person look at this globe, he would see the sun in all its shining glory without having to look towards the east.

Similarly, when he views the moon at night in this manner, the image of the moon appears in his eye as well as in his consciousness. These two events take place almost at the same time.

In the event that the image of the moon disappears from the eye, it will be retained in his mind. When one perceives this phenomenon well, the rest will be readily appreciated.

The impact of the moon's image appearing in the eye and simultaneously in the mind is as powerful as a lightning strike. Similarly, in looking at the sun, it's image appears in the eye at about the same time that another appers in the mind. When looking at a man also, his image appears in the eye while another is formed in the consciousness. These appearance have the impact of a lightning strike. Realize that whatever has been perceived by the eye does so in this fashion.

### Cakkhuviññānacitta

Just as lightning is produced by the interaction between the thunderclouds, or meteor and meteorites results when cosmic winds collide, or sound is produced when hard objects collide, or sparks fly when flint is struck with a piece of iron, in much the same way, images of the moon etc. by striking on the sensory surface of the eye with the force of a thunderbolt, consciousness of this sensation surfaces repeatedly. Since this consciousness occurs in the eye it is termed cakkhuvinnanacitta, sense of sight from impact of visual stimuli. When contact with this visual stimuli is no more, this consciousness disappears just like a spark gone dead.

The impact of the image of the moon on the sense receptor of consciousness gives rise to the cognitive process that perceives it as a shining disc of luminous light.

This process is a kin to a bell or a triangular brass gong that produces ringing notes when struck with a rod. Just as the sound waves are stilled when the effect of this impact wears off, the cognitive process recognizing the appearance of the moon wears off when the force of its impact is spent. (Know that all objects seen by the eye go through this process)

This concludes the exposition on the way to perceive the sense receptor of sight, the object and sensation of sight.

**(To be continue)**

ဓမ္မဝီရသည် ဗုဒ္ဓ၏ ထေရဝါဒဓမ္မတရားစစ် တရားမှန် ထွန်းကားရန်ဖြစ်သည့်ဆိုသည့် ခံယူချက်နှင့်အညီ

လှိုင်ကြည်ဖြူဓမ္မဝီရစာပေတိုက်နှင့် ဒီဂျစ်တယ်စာကြည့်တိုက်မှ ၂၀၀၉ ခုနှစ်၊ မတ်လအတွင်း ဖြန့်ချိထုတ်ဝေလိုက်ပြီ

၁။ ဓမ္မဝီရ၏ ဓမ္မသံစဉ်များ (ငြိမ်းချမ်းဦးနှင့် တက္ကသိုလ်သျှင်သီရိ) ၂။ ဖြတ်သန်းချိန်နိဒါန်းနှင့် ပထမပိုင်း(ငြိမ်းချမ်းဦး) (ဒုတိယအကြိမ်)
၃။ ဆရာကြီးဦးရွှေအောင်၏ စာပေကောက်နုတ်ချက်စာစု (ဓမ္မပဒ) (ငြိမ်းချမ်းဦးနှင့် စိုးမြင့်လတ်)
၄။ ဗုဒ္ဓယဉ်ကျေးမှုရတနာ အရှင်သီလာစာရ(ဖားကန့်)

# လယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒတေးထပ်

မြတ်ဝေ (ရွှေပြည်သာ)

**သံဝေဂလေးချိုး**

သက္ကရာဇ် ၁၂၅၆ ခုနှစ်တွင် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ကင်းဝန်မင်းကြီးထံသို့ သံဝေဂလေးချိုးကြီးတစ်စောင် ရေးသားပေးဖို့ခဲ့လေသည်။ ထိုအချိန်တွင် ကင်းဝန်မင်းကြီးသည် ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတုန်းမင်းတရားကြီးထံ၌ မင်းမှုထမ်းနေခြင်းဖြစ်သည်။ သစ္စာလေးတန် အမှန်လေးချက်ကို သက်သက်မမြင်နိုင်အောင် ရာထူးဂုဏ်သိမ်စည်းစိမ် ချမ်းသာ ဥစ္စာရတနာ စသည် အဝိဇ္ဇာအမှောင်ထုပိတ်လျက် လောကရေး၊ လောကမှု၊ မင်းရေး မင်းမှုများနှင့် အချိန်ပြည့် အလုပ်များနေချိန်ဖြစ်လေသည်။

ကင်းဝန်မင်းကြီးသည် အနှစ်မပါ အကာတော်မှာ ဗျာမောကျယ်လျက် အသက်အရွယ်ကြီးရင့်သည့်တိုင်အောင် အချည်းနှီးအချိန်တွေ အလဟဿ ကုန်ဆုံးနေချိန်ဖြစ်သည်။ ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက ကင်းဝန်မင်းကြီးထံသို့ သံဝေဂလေးချိုးကြီးကို ရေးစပ်သီကုံးပြီး ပေးပို့ဆုံးမခဲ့ခြင်းဖြစ်လေသည်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ဘုရင်၊ အမှုတော်ထမ်း အထက်တန်းပုဂ္ဂိုလ်ကြီးများ၊ စီးပွားရေးနယ်ပယ်တွင် အောင်မြင်ကျော်ကြားနေသော ဒကာသူဌေးကြီးများကို မကြာခဏဆိုသလိုပင် လေးချိုးများ၊ တေးထပ်များ ရေးစပ်ပေးပို့ပြီး ဩဝါဒပေးဆုံးမလေ့ရှိလေသည်။

ထို့အတူ ဆင်းရဲသော တောသူတောင်သား၊ လယ်သမားများကိုလည်း ဆင်းရဲသားတရားများ အိမ်တိုင်ယာရောက် ဆွမ်းခံကြွလျက် ဟောကြားဆုံးမပြီး ချီးမြှောက်တော်မူလေသည်။

၁၂၄၉ ခုနှစ်တွင် လယ်တီဆရာတော်ဘုရားကြီး ဆွမ်းခံကြွသော ရွာတို့မှာ အိမ်ထောင်စုတစ်စု၊ နှစ်စုမျှသာရှိသော ရွာသိမ်ရွာငယ်ကလေးများ ဖြစ်လေသည်။ ရံခါ ထန်းတော၊ ထန်းတဲ အိမ်စုများအထိ ဝေါစရဂါမ်ကြွတော်မူလေသည်။ လောင်းကြသောဆွမ်းမှာလည်း ပြောင်းဆန်ဖြူနီကြောင်ကျားများ ဖြစ်သည်။ ဆွမ်းဟင်းများလည်း ချဉ်ပေါင်ဟင်း၊ ငရုပ်သီးထောင်း ဖြစ်သည်။ ရံခါ သကာရည်ကို လောင်းကြသည်။ ဆွမ်းကွမ်းမပြည့်စုံကြောင်းကိုသိသော ဒကာ၊ ဒကာမများက မြို့မ, မြို့ပေါ်ရပ်ကွက်များသို့သာ ဆွမ်းခံကြွရန် လျှောက်ထားကြသည်။ ထိုအခါ ဆရာတော်ကြီးက "ငါက ဆင်းရဲသားတွေကို ချီးမြှောက်လိုလို့ ခမျာများ သနားစရာ ဘာမျှမသိရှာကြဘူး၊ သူတို့ နားလည်အောင် ချီးမြှောက်လိုလို့ ကြွတော်မူတာကွဲ့" ဟု မိန့်ဆိုတော်မူလေသည်။

**တေးထပ်ရေး၍ ဩဝါဒပေး**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် စီးပွားရေးသမား ဒကာတစ်ဦးကို တေးထပ်ရေး၍ ဩဝါဒပေးဆုံးမခဲ့ဘူးသည်။ အသက်အရွယ် ၄၀ ကျော်သည်တိုင်အောင် တရားဓမ္မကို မလိုက်စားပဲ စီးပွားရေးလုပ်ငန်းများနှင့်သာ အချိန်ကုန်နေသဖြင့် အချိန်မီသတိပေးဆုံးမခဲ့ခြင်းဖြစ်သည်။ ထိုတေးထပ်သည် အနှစ်သားပါးလှသည်။ ထိမိလှသည်။ ကွက်ကွက်ကွင်းကွင်းရှင်းလင်းပေါ်လွင်အောင် စပ်ဆိုထားသည်။

ထိုဩဝါဒပေးတေးထပ်ကား ဤသို့ဖြစ်သည်။ "ပစ္စည်းရှာအလုပ်နှင့် နေ့ပုပ်လို့ရက်ကုန်၊ နှမြောလို့ အသက်ကုန်တယ်၊ ထွက်ပုံဖြင့်မကောင်း၊ ခုလိုနှင့် သံသာဗွေမှာ၊ ခန္ဓာတွေများခဲ့ စတောင်း၊ သက်မွေးမှုစခန်း ပိုအောင်၊ ဝမ်းကိုသာ နင်ကျောင်း၊ လေးဆယ်ကျော်အရွယ်နှောင်းခါမှ သူကြွယ်လောင်းလုပ်ချင်။

မိုးကုန်ပြီ ထွန်မချချင်နှင့်၊ ရွံ့စရာ့မှားဖို့ဖြစ်အင်၊ နွားအိုကြီးအမောသင်သလို၊ မလျှော့ချင် ဘဝဆုံးရှာလိမ့်။

အစတုံးနှင့်အမြင် လွဲဖို့သာပြင်

တရားသို့ မသက်ဝင်လျှင်၊ အခက်နင်ကြုံတွေ့လိမ့်လေး။

**တရားအနှစ်ပြည့်ပေးအပ် ဤတေးထပ်**

ပစ္စက္ခလောကကြီးတွင် လူများသည် မိမိတို့စားဝတ်နေရေး အတွက် ပစ္စည်းဥစ္စာများ ရှာဖွေစုဆောင်းနေကြရသည်။ ဒီပစ္စည်းရှာ အလုပ်နှင့်ပင် နေ့တွေပုပ်လို့ ရက်တွေကုန်နေကြရသည်။ ဒုက္ခများနေကြရသည်။ စိတ်မအေးနိုင်အောင် သောကတွေပွားလျက် လောဘ၏ကျေးကျွန်များဖြစ်နေကြရပေသည်။

ရှာဖွေလိုရပြန်တော့လည်း ငါ့အိမ် ငါ့ယာ ငါ့ဥစ္စာအစွဲဖြင့် ကိုယ်မပိုင်၊ ရန်သူမျိုးငါးပါးနှင့် မကင်းနိုင်သောပစ္စည်းကို နှမြောတွန့်တိုရင်း အချိန်ကုန်လွန်လာသည်။ အသက်အရွယ်ကြီးလာသည်။ နောက်ဆုံးတော့ ဒီပစ္စည်းတွေကို စွန့်ခွာပြီး သေမင်းကြီးခေါ်ရာသို့ လိုက်ပါသွားရပြန်သည်။ တွက်ကြည့်လျှင် အကျိုးမရှိ အနှစ်မပါ၊ အကာတောမှာ ဗျာပါသောကများကာ အချိန်ကုန်နေခြင်းသာဖြစ်သည်။

သံသရာခရီးအလယ်ဗွေမှာ ခန္ဓာတွေကြွေခဲ့တာများလှချေပြီ။ ယခင့်ယခင်ဘဝများစွာကလည်း ဒီလိုလိုနဲ့ အချိန်တွေကုန်ခဲ့သည်။ ခန္ဓာတွေကြွေခဲ့သည်။ ယခုဘဝမှာလည်း ဒီလိုလိုနဲ့ အချိန်တွေကုန်ခဲ့သည်။ ခန္ဓာတွေ ကြွေခဲ့သည်။ ဘဝပေါင်းများစွာက ခန္ဓာတွေကို ရေတွက်ကြည့်လျှင် မများစတောင်းများလှချေပြီ။ အသက်မွေးဝမ်းကျောင်းမှု အမျိုးမျိုးကို ခဲရာခဲဆစ်ရှာဖွေလုပ်ကိုင်လျက် ဤခန္ဓာကိုယ်ရုပ်ကောင်ကြီးကို အချည်းနှီးဒုက္ခခံ၍ ကျွေးမွေးပြုစု စောင့်ရှောက်နေရသည်။ ဒီအလုပ်နှင့်ပင် အချိန်ကုန်နေသည်။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များ လုပ်ချိန်မရ။

လူတိုင်းတွင် အရွယ်သုံးပါးရှိသည်။ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် ဟူ၍ဖြစ်သည်။ ပထမအရွယ်တွင် ပညာရှာရမည်။ ဒုတိယအရွယ်တွင် ဥစ္စာရှာရမည်။ တတိယအရွယ်တွင် ဘာဝနာရှာရမည်။ အသက်အရွယ်အချိန်အခါအလိုက် အရွယ်မလွန်မီ၊ အချိန်မကုန်မီ၊ သတိယှဉ်လျက်ဆောင်ရွက်ကြရမည်။ အသက်လေးဆယ်ကျော်အရွယ်နှောင်းကာမှ သူဌေးလောင်း လုပ်ချင်၍တော့ မဖြစ်နိုင်တော့ပြီ။

တောင်သူလယ်သမားသည် မိုးမကျမီကြိုတင်၍ ထွန်းရေးပြင်ဆင်ထားကြရမည်။ "မိုးလွန်မှ ထွန်ချ" ၍မဖြစ်။ ဤသို့ရှက်စရာ ရွံ့စရာအမှားများကို မပြင်ဆင်နိုင်လျှင် ရယ်ဖွယ်အကျိုးယုတ်ဖွယ်သာဖြစ်ချိမ့်မည်။

လယ်ယာသုံးခိုင်းနွားများကို အချိန်အခါအလိုက် ၃-နှစ် ၄-နှစ်အရွယ်တွင် သင်ကြားလေ့ကျင့်ကြရမည်။ အသက်အရွယ်ကြီးမှ သင်ကြားလျှင် နွားအိုကြီး အမောသင်သလို ဘဝဆုံးရှာလိမ့်မည်။ သေခါနီးမှ သူဌေးကြီးလုပ်ချင်သော နင့်စိတ်ကူး၊ နင့်အကြံ၊ နင့်အမြင်သည် အလွဲကြီးလွဲဖို့သာဖြစ်သည်။ ဤအရွယ်ရောက်မှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တရားများကို သက်ဝင်ယုံကြည်မှုမရှိသေးလျှင် နင်အခက်များစွာကြုံတွေ့လိမ့်မည်။ မဆုံးနိုင်တဲ့ သံသရာခရီးတလျှောက်မှာ ကရွတ်ကင်းလျှောက်ကာ ဒုက္ခရောက်ရတော့မည်ဟု တေးထပ်စပ်၍ ဩဝါဒပေးထားပါသတည်း။

**စိရံ တိဋ္ဌတု သဒ္ဓမ္မော**

မြတ်ဝေ (ရွှေပြည်သာ)

● **နောက်ကျောဖုံးမှ**

Animals have no means to control their animalistic nature because they are motivated almost solely by instinct.

တိရစ္ဆာန်တို့၏ ဗီဇသဘာဝသဘောကို ထိန်းကြောင်းပြုပြင်နိုင်စွမ်းသော ပင်ကိုယ်သဘောလက္ခဏာဟူ၍ တိရစ္ဆာန်တို့၌ စိုးစဉ်းမျှ မပါကြပေ။ အဘယ်ကြောင့်ဆိုသော် ယင်းတိရစ္ဆာန်တို့သည် သဘာဝညဉ်အရ တစ်ခြားတစ်ပါးသောသူတို့ မပါဝင်မပတ်သက်ဘဲ တစ်ဦးတည်းလိုလိုအမြဲတမ်းပြုမူလုပ်ဆောင်တတ်ကြခြင်းကြောင့်ဖြစ်သည်။

But as human beings, using our minds to analyse and reason, we have realised that cartain things are moral or immoral, that certain things are wicked and dangerous, and that cartain things are good and useful not only for ourselves but also for others as well.

သို့သော်လည်း ဤကမ္ဘာလောက၌ လူဟူ၍ ရှင်သန်ဖြစ်တည်လာကတည်းက ဖြစ်စဉ်ထုပ္ပါတ်အကြောင်းရပ်တို့ကို မိမိတို့၏ ပင်ကိုယ်စိတ်၊ သို့မဟုတ် ပင်ကိုယ်ဉာဏ်အားဖြင့်၊ ဖြစ်နိုင်၍လက်တွေ့ကျသော မှန်ကန်သည့် ခွဲခြမ်းစိတ်ဖြာစူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ကြလေသည်။

ဤသို့စူးစမ်းလေ့လာအဖြေရှာခဲ့ကြရာမှ လူတို့၏ ကောင်းမွန်မြင့်မြတ်သော အပြုအမူများ သိက္ခာပိုင်းဆိုင်ရာ စံများနှင့်၊ ကိုယ်ကျင့်သိက္ခာဟူ၍ စိုးစဉ်းမျှမရှိမှုများကို သံသယကင်းရှင်းလုံးဝသေချာ၍ ဧကန်အမှန်ဖြစ်သောအကြောင်းရင်းအချက်အလက်အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် သိမြင်နားလည်းခဲ့ကြလေသည်။ ဤသေချာခိုင်လုံ၍ ဧကန်အမှန်ဖြစ်သောအကြောင်းအချက် အထောက်အထားများအရဆိုပါသော် ကိုယ်ကျင့်သိက္ခာမကောင်းသည့် ဓလေ့စရိုက်များသည် လောက၌အန္တရာယ်အလွန်များစေသည့် အပြုအမူများပင်ဖြစ်လေသည်။

အဆိုပါ သံသယကင်းရှင်းသေချာ၍ ဧကန်အမှန်ဖြစ်သောအကြောင်းအချက်အထောက်အထားများအရ လူတို့၏ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာအပြုအမူ ဓလေ့စရိုက်များသည် မိမိတို့၏ ပတ်ဝန်းကျင်အသိုက်အဝန်းမျှမက အခြားတစ်ပါးသော ဤလောကရှိ လောကလူအပေါင်းတို့ကိုပါ ကောင်းမွန်မြင့်မြတ်၍ တကယ်တမ်းကောင်းကျိုးပြုစေနိုင်မည်ဆိုပါက ဤကမ္ဘာမြေတလောကလုံးကောင်းမြတ်တင့်တယ် သာယာစိုပြည်၍ နေချင်စဖွယ်လောကကြီးဖြစ်နေပေလိမ့်မည်ဖြစ်သည်။

That is why humans are placed on a higher level than other creatures. By subduing our animal nature, and by developing love and compassion, we develop patience, tolerance, understanding, unity, harmony and goodwill. These are human qualities.

အဘယ်ကဲ့သို့သော အကြောင်းများကြောင့် လူတို့သည် အခြားသောအားလုံးသောသက်ရှိသတ္တဝါများထက် အဆင့်အတန်းသာလွန်မြင့်မားသောသီးသန့်ဝန်းကျင်အခြေအနေတို့၌ နေရာရရှိနေကြရခြင်းဖြစ်ပါမည်နည်း။ သဘာဝအလျောက် မိမိတို့ လူသားများ၌ ကိန်းဝပ်မြုပ်ကွယ်လျက်ရှိသော တိရစ္ဆာန်သဘာဝစိတ်များကို နှိမ်နင်းချိုးဖျက်အောင့်အည်းထိန်းချုပ်ထားနိုင်ကြသည့်အပြင် လူ့စိတ်သဘာဝတရားများဖြစ်သည့် ချစ်ခြင်းမေတ္တာတရားများနှင့် ကြင်နာသနားတတ်သော ကရုဏာတရားများကို မိမိတို့စိတ်ဝယ်အမြဲတမ်း ဖွံ့ဖြိုးတိုးတက် ရှင်သန်နေအောင် ပြုစုလျက်ရှိကြပြီးလျှင် မိမိတို့၏ မူလလူ့စိတ်သဘာဝကို အစစအရာရာ နေရာတကာတိုင်း၌ စိတ်ရှည်နိုင်စွမ်းရှိခြင်း၊ သည်းခံနိုင်စွမ်းရှိခြင်း၊ အရာရာကိုနားလည်သဘောပေါက်နိုင်စွမ်းရှိခြင်း၊ မိမိတို့အချင်းချင်းစည်းလုံးမှုရှိခြင်း၊ ပြီးပြည့်စုံသော ညီညွတ်မှုရှိခြင်းတို့နှင့် သက်ရှိသတ္တဝါအားလုံးတို့အပေါ်မှာ စေတနာသဒ္ဓါတရားအမြဲတမ်းထားရှိနိုင်ခြင်းတည်းဟူသော ကောင်းမြတ်သည့် စိတ်ဓာတ်များကိန်းအောင်းနေ အောင်ပြုမူနိုင်ကြလေသည်။ ဤသို့ပြုမူ ကျင့်ကြံနိုင်မှုများသည် တကယ်တော့ လူ၏မွန်မြတ်သောအရည်အချင်းကောင်းများပင်ဖြစ်လေသည်။

The primary purpose of religion is to faster and nature these qualities. However, we must realize that some of these qualities are inherent in us.

ဘာသာရေးအယူဝါဒများ၏ အဓိကရည်ရွယ်ချက်တို့ အလိုအရ မိမိတို့၏ ဘာသာဝင်များကို အမြဲတမ်းတိုးတက်ဖွံ့ဖြိုးနေစေရန် တွန်းအားပေးခြင်းကိစ္စရပ်များသည် သဘာဝတရားက ပေးအပ်သော အရည်အချင်းများပင်ဖြစ်သည်။ မည်သို့ပင်ရှိစေ၊ မိမိတို့၌ ပင်ကိုယ်ထာဝရအစိတ်အပိုင်းများအဖြစ်ပါရှိနေသော အဆိုပါ သဘာဝအရည်အချင်းဆိုသည်များကို ကောင်းစွာနားလည်သဘောပေါက်အောင် မိမိတို့ကိုယ်တိုင်က ကြိုးစားကြရမည်ဖြစ်သည်။

We had in fact developed some of these sterling qualities even before religions came into existence.

The human mind is so advenced that it could every easily be developed to experience heavenly bliss. Other living beings cannot do this. The human mind is a very complex mechanism.

အကောင်းဆုံးသော အရည်အသွေးဖြစ်သော အရည်အချင်းတို့ ၏ တိုးတက်ဖွံ့ဖြိုးသော အချက်အလက်များသည် သက်ရှိလောကသို့ ဘာသာရေးအယူဝါဒများရောက်ရှိမလာမီ အချိန်ကာလများကတည်းက မိမိတို့လက်ဝယ်တွင်ရှိနေကြပြီဖြစ်သည်။

လူတို့၏ စိတ်အသိဉာဏ်သည် အလွန်ပင် ရှေ့သို့တဟုန်ထိုး တိုးတက်ရောက်ရှိနေသည့်အလျောက် လွန်စွာနှစ်လိုဖွယ်ရာကောင်း၍ ပျော်ရွှင်ချမ်းမြေ့စွာသော မဟာသုခကို ရရှိခံစားနိုင်သည့်အခြေအနေ သို့မဟုတ် နေရာဌာနတို့ကို မိမိတို့ အတွေ့အကြုံများအရ အလွယ်တကူ တိမ်းညွှတ်ဝင်စီးသွားရောက်နိုင်ကြမည့်အခြေအနေဖြစ်နေပေပြီ။ ဤကမ္ဘာလောက၌ မှီတင်းရှင်သန်လျက်ရှိကြကုန်သော အခြားသောသက်ရှိသတ္တဝါတို့အနေဖြင့် လူတို့ကဲ့သို့ လိုက်၍ပြုလုပ်နိုင်စွမ်းရှိကြမည်မဟုတ်ပေ။ လူ၏စိတ်အသိဉာဏ်သည် တကယ်တော့ အလွန်တရာ ရှုပ်ထွေးစွာ ရောယှက်ပေါင်းစပ်ထားသည့် စက်ယန္တရားကြီးတစ်ခုနှယ်ဖြစ်လေသည်။

It can create the worst kinds of hell. Unlike other Creatures which kill for defence or fod, the mind can make humans kill for greed, jealousy and even for 'fun'.

ယင်းစိတ်သည်ပင်လျှင် အယုတ်ညံ့ဆုံး အရည်အသွေးဖြစ်သော အဆင့်အတန်းအနိမ့်ကျဆုံးဖြစ်သည့် ငရဲဘုံတည်းဟူသော အလွန်အမင်းဆင်းရဲဒုက္ခကြီးလေးလွန်းသည့် ဘုံဘဝအခြေအနေမျိုးအထိ သတ္တဝါများအားပို့ဆောင်ပေးနိုင်စွမ်းရှိလေသည်။

ဤကမ္ဘာလောကရှိ မတူတမူကွဲပြားခြားနားကြသော အခြားသောသက်ရှိသတ္တဝါများသည် မိမိတို့ဘဝ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် သို့မဟုတ် အစာရေစာအတွက် အခြားတစ်ပါးသော သက်ရှိသတ္တဝါများနှင့် တိုက်ခိုက်သတ်ဖြတ်နေကြရလေသည်။

ထိုအခြေအနေတွင် လူတို့၏ စိတ်အသိဉာဏ် တရားမှာကား လူတို့တွင် ဖြစ်ပေါ်တတ်သည့် လိုချင်တပ်မက်ခြင်းလောဘစိတ် သူတစ်ထူးကောင်းစားသည်ကို မရှုရက် ဝန်တိုခြင်း၊ ငြူစူခြင်း၊ မနာလိုခြင်းတည်းဟူသော ဣဿာစိတ်၊ အပျော်အပါးဖက်၌ အလွန်အကျူး လိုက်စားနေသော မောဟစိတ်စသည့်မကောင်းသောစိတ်မိုက်စိတ်ရိုင်းတို့ကို ထိန်းသိမ်းပြုပြင်ကွပ်ကဲ၍ ပယ်သတ်နိုင်စွမ်းရှိလေသည်။

And yet he can never be satisfied. As soon as he has satisfied one lust, he immediately craves for something else. As a result, he is constantly unhappy.

စာမျက်နှာ ၂၇ သို့

# အမှားမြင်က အမှန်ရောက် အမှန်မြင်မှ အမှားပျောက်မည်

နိုင်ခင်ရွှေ (အေင်)

(၂)

ဝိစိကိစ္ဆာဆိုတဲ့တရားဆိုတာ လမ်းဆုံလမ်းခွ လမ်းလေးခွမှာ ရပ်နေတဲ့ လူနဲ့တူတယ်လို့ ဗုဒ္ဓဘုရားရှင်က ပမာပြဟောဆိုဖွင့်ပြတော်မူပါတယ်။ တရား ဓမ္မမှာ သဘောတရားကို ထိထိမိမိသိနိုင်ဖို့ရာ ဥပမာဆောင်ပြတာကို မိမိတို့ ဉာဏ်နဲ့ ထိုးထွင်းမြင်တတ်ဖို့ အထူးလိုအပ်လှပါတယ်။ သူပြောငါပြောစာသဘောသုတအသိနဲ့လည်း သံသရာအစက စွဲထင်လာတဲ့ သံသယနဲ့ ဝိစိကိစ္ဆာတရားဆိုးကို ချေဖျက်ပစ်လို့ မရပါဘူး။ ဒါကြောင့် ဘုရားရှင်ရဲ့အလိုအဆိုအမိန့်များကို ကျွန်တော်တို့ ယုံယုံကြည်ကြည်နဲ့ စဉ်းစားတွေးခေါ်ကြဖို့ အထူးပဲ လိုအပ်လှပါတယ်။

**တွေဝေနေတဲ့ မောဟစိတ်များ**

ဝိစိကိစ္ဆာတရားကို လမ်းဆုံလမ်းခွမှာ ရပ်နေတဲ့လူနဲ့ ဥပမာပြထားတော့ကာ အဲဒီပုဂ္ဂိုလ်က ခရီးတစ်ခုကိုသွားတဲ့လူလို့ မှတ်ယူရပါမယ်။ အမှန်တော့ အဲဒီခရီးသည်ဟာ သူသွားရမယ့်လမ်းကို သူကိုယ်တိုင်အမှန်မသိလို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် လမ်းဆုံလမ်းခွမှာ ဘယ်လမ်းကိုရွေးရပ့ါမလဲဆိုပြီး ဆုံးဖြတ်ချက်မပိုင်ဘဲ တွေဝေပြီးရပ်နေရတာဖြစ်ပါတယ်။ ဒါဟာ ဝိစိကိစ္ဆာဆိုတဲ့ အမှန်ဆုံးအရာကို ဆုံးဖြတ်ချက်ပိုင်ပိုင်နိုင်နိုင်မချနိုင်ဘဲ တွေဝေနေတဲ့ မောဟစိတ်များကို ဖော်ပြနေတာဖြစ်ပါတယ်။

**ယောင်ယောင်ရမ်းရမ်းစခန်းသွားနေကြတာ**

အမှန်တရားတစ်ခုကို အမှန်ပါလို့ ဝေဖန်ပိုင်းခြားပြီး မသိနိုင်သေးသ၍ ကျွန်တော်တို့ဟာ ဗုဒ္ဓရဲ့စစ်မှန်တဲ့ မဇ္ဈိမလမ်းစဉ်နဲ့ လွဲချော်နေကြဦးမှာပါ။ မဂ္ဂမည်တဲ့ အရိယာတို့လျှောက်လှမ်းတဲ့လမ်းဟာ အင်္ဂါရှစ်ပါးရှိတဲ့ ဖောင်ယာဉ်ကြီးနဲ့ သဏ္ဌာန်တူပါတယ်။ ဒါကို အချင်းအရာပြည့်စုံစွာမသိဘဲ မွေးရာပါအသိနဲ့ကြီးပြင်းလာတဲ့ ကျွန်တော်တို့ဟာ အရိယာအရှင်သူမြတ်များဆိုလိုတဲ့စကားရဲ့အနက်အဓိပ္ပာယ်ကို အမှန်မသိနိုင်ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ မွေးရာပါအသိစိတ်က သတ္တဝါတို့ရဲ့ ဓမ္မတာသဘောအရ ဖြစ်ပေါ်ပါရှိလာတဲ့ ဝိညာဉ်သိစိတ်မျိုးဖြစ်နေလို့ဘဲဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ ပညတ်နယ်မှာကြီးပြင်း၊ မြင်မြင်သမျှအာရုံကိုပဲ အမှန်လို့ထင်၊ တကယ်မရှိတဲ့အရာကို အရှိထင်၊ အမှန်ရှိတဲ့အရာကြပြန်တော့ အဲဒါအမှန်ပါလို့ မည်သို့ပင်ပြောပြော ယုံကြည်နိုင်လောက်တဲ့ဉာဏ်မရှိတော့ကာ ပညတ်နယ်ပယ်မှာပဲ ကောင်းတစ်ခါဆိုးတစ်လှည့်နဲ့ ကျင်လည်နေကြရတာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စစ်မှန်တဲ့ဓမ္မရဲ့ဖော်ညွှန်းပြသတဲ့ ဓာတ်သရုပ်တွေကို သိသယောင်နဲ့ရောင်ရမ်းပြီး စခန်းသွားနေမယ်ဆိုရင်လည်း ယုံကြည်မှုအားနည်း၊ ဆုံးဖြတ်ချက်မခိုင်မြဲလို့ လုပ်သလောက်ခရီးမပေါက်ဘဲ ဖြစ်တတ်ပါတယ်။ ဒါကလည်း အားထုတ်မှုအပိုင်းမှာ နည်းစနစ်လွဲချော်နေသေးလို့ပဲဖြစ်ပါတယ်။

**ကိုယ်နဲ့ကိုက်မဲ့တရားအားထုတ်ပါ**

ကျွန်တော့်အမြင်ပြောရရင် ပင်ကိုယ်မူလပျံ့လွင့်နေတဲ့စိတ်ကို စုစည်းတဲ့အခါမှာ ပျံ့လွင့်နေတဲ့စိတ်မျိုးမှာပါဝင်နေတဲ့ ရုန့်ရင်းကြမ်းတမ်းတဲ့စိတ်မျိုးရှိတတ်သလို၊ ညစ်နွမ်းညှိုးမှိန်နောက်ကျိနေတဲ့ စိတ်တွေလည်း ရောနှောပေါင်းစုနေတတ်တဲ့သဘောလက္ခဏာတွေရှိပါတယ်။ ဒါကြောင့် မိမိတို့နဲ့ကိုက်ညီမယ့် ကမ္မဋ္ဌာန်းတရားတစ်မျိုးမျိုးကိုရွေးချယ်ပြီး အားထုတ်ကြဖို့လိုအပ်ပါတယ်။

အမှန်တော့ ဝိပဿနာတရားကို အားထုတ်မယ်ဆိုရင် ယုဂနဒ္ဓနည်းလို့ဆိုတဲ့ ဈာန်တရားနဲ့တွဲပြီးအားထုတ်နိုင်ရင် အကောင်းဆုံးပဲလို့ ကျွန်တော်မြင်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဆရာဖြစ်တော်မူတဲ့ ဗုဒ္ဓဘုရားရှင်ဟာ ဒုက္ကရစရိယာအကျင့်ကို ပယ်စွန့်ပြီးနောက်ပိုင်း မဇ္ဈိမပဋိပဒါဖြစ်တဲ့ အလယ်အလတ်လမ်းစဉ်ကို ကျင့်တဲ့နေရာမှာ ဤကဲ့သို့အတွေးမျိုးဖြစ်ပေါ်ခဲ့ဖူးပါတယ်။

ချမ်းသာခြင်းသုခနဲ့ပြည့်စုံတဲ့နိဗ္ဗာန်ကို ရောက်စေလိုခြင်းအလို့ငှာ ချမ်းသာခြင်းတရားအကျင့်နဲ့သာ ရရှိလိမ့်မယ်လို့ သိရှိတော်မူပါတယ်။ ဒါကြောင့် ငယ်စဉ်အခါက ဝင်စားခဲ့ဖူးတဲ့ စတုတ္ထဈာန်သမာပတ်ဝင်စားခြင်းကို အမှတ်ရတော်မူပါတယ်။ သို့ကလိုဆင်ခြင်မိတဲ့အလျောက် ဗောဓိပင်ရင်းမှာထိုင်ပြီး တရားကိုပွားများအားထုတ်ပြီးတဲ့အခါမှာ ညဦးယံမှာ ပုဗ္ဗေနိဝါသလို့ဆိုတဲ့ အဘိညာဉ်ကို ရရှိတော်မူပါတယ်။ ရှေးကဖြစ်ဖူးခဲ့တဲ့ဘဝတွေကို သိမြင်နိုင်တဲ့ အဘိဉာဏ်ကိုရရှိပိုင်ဆိုင်ခဲ့ပါတယ်။ အဘိညာဉ်ကို ရရှိပြီးနောက်ပိုင်း ညနက်ယံမှာ နတ်မျက်စိကဲ့သို့ အရာရာကိုအလိုရှိက ကြည့်တော်မူမည်ဆိုလျှင် မည်သည့်အပိတ်အပင်အဖုံးအအုပ် အတားအဆီးမျိုးကိုမဆို ထိုးဖောက်မြင်နိုင်စွမ်းတဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိပြန်ပါတယ်။ ညဦးယံ၊ ညလယ်မှာရရှိတဲ့ အဲဒီဉာဏ်နှစ်ပါးဟာ ဘုရားအဖြစ်ကိုရောက်ရှိဖို့ရန် အထောက်အကူပြုတဲ့ ဉာဏ်တွေလို့ ဆိုရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လမ်းမှားလမ်းမှန်လို့ ဆုံးဖြတ်တဲ့နေရာမှာ အဲဒီရရှိပြီးသား ဉာဏ်နှစ်ပါးဟာ အလွန်ပဲအထောက်အကူပြုပါတယ်။

**ဘဝခန္ဓာချေဖျက်နိုင်တဲ့ဉာဏ်**

အတိတ်ဘဝဖြစ်စဉ်တွေနဲ့ အလွန်တရာနူးညံ့သိမ်မွေ့တဲ့ ပရမတ်ဓာတ်သရုပ်တွေကို ရှုမှတ်တဲ့အခါ အမှန်ကိုအမှန်အတိုင်း အရှိကိုအရှိအတိုင်းသာ မသိမြင်ခဲ့ရင် ရှေ့ဆက်မယ့် ဉာဏ်စဉ်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် ဘဝစက်ရဟတ်ကို သိမြင်နိုင်မှာမဟုတ်ပါဘူး။ အတိတ်ဘဝကပြုခဲ့ဖူးတဲ့ ကမ္မဘဝသင်္ခါရတွေကြောင့် ပစ္စုပ္ပန်မှာ ရရှိလာတဲ့ဘဝရဲ့အကျိုးဆက်တွေကို ဒိဗ္ဗစက္ခုလိုနတ်မျက်စိကဲ့သို့ ကွင်းကွင်းကွက်ကွက်ရှုမြင်နေ၍သာ နောက်ဆုံးမိုးသောက်ယံမှာ ဘဝခန္ဓာကိုချေဖျက်နိုင်တဲ့ အာသဝက္ခယဉာဏ်တော်ကို ရရှိတော်မူခြင်းဖြစ်ပါတယ်။

**သိက္ခာသုံးရပ်နဲ့ကိုက်ညှိပြီး ကျင့်တတ်ရန်**

ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ဗုဒ္ဓဘုရားရှင်ကို တုပလို့ ကျင့်ရမယ်လို့ မဆိုလိုပါဘူး။ ဗုဒ္ဓကျင့်တော်မူခဲ့တဲ့လမ်းစဉ်ကိုသိမြင်ခြင်းဖြင့် ကျွန်တော်တို့အနေနဲ့ မိမိရောက်လိုလှတဲ့ နိဗ္ဗာန်နန်းကိုရောက်ရှိဖို့ လျှောက်လှမ်းတဲ့နေရာမှာ လမ်းကောင်းလမ်းမှန်ကိုရွေးချယ်မိစေရန် သာဓကတစ်ခုအနေနဲ့ ရှိခဲ့တယ်လို့ မြင်စေချင်ပါတယ်။ ဒါကြောင့် အလွန်တရာမှခက်ခဲနက်နဲပြီး သိမြင်နိုင်ခဲတဲ့ ပရမတ်တရားများကို ရှုမြင်နိုင်ဖို့ရာ သမာဓိဆိုတဲ့စိတ်ရဲ့ စုစည်းတည်ကြည်မှုမျိုးက မပါမပြီးလိုအပ်လှပါတယ်။ ကျွန်တော်ဟာ ပရိယတ္တိသာသနာဖြစ်တဲ့ ပိဋကတ်တော်စာအုပ်များကို ဖတ်ရှုလေ့လာပြီး ဝိပဿနာဘာဝနာတရားကို ပွားများအားထုတ်တဲ့အခါ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်နဲ့ကိုက်ညှိပြီး မိမိရဲ့အတွေ့အသိအမြင်များကို မှတ်ကျောက်တင်၍ အမှားအမှန်ဆုံးဖြတ်လေ့ရှိပါတယ်။

**လူဝတ်ကြောင်နဲ့ အားထုတ်ကြရတာမို့**

ကျွန်တော်ဟာ လူဝတ်ကြောင်ဘဝနဲ့အားထုတ်တာဖြစ်လို့ ဘုရားဟောအတိုင်း ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းပြီး သမာဓိစခန်းကို တက်လှမ်းခဲ့ပါတယ်။ သမာဓိစခန်းနဲ့ဘာဝနာလမ်းကြောင်းလျှောက်လှမ်းတဲ့နေရာမှာ သတိပဋ္ဌာန်လေးပါးထဲမှာ ကာယနုပဿနာနည်းနဲ့စတင်ရှုမှတ်အားထုတ်ခဲ့ပါတယ်။ စိတ်ရဲ့တည်ကြည်ခိုင်ခံ့မှုဖြစ်တဲ့ သမာဓိရလာတာနဲ့အမျှ တရားထိုင်ခြင်းအမှုကိစ္စကို တစ်ထိုင်ထဲမှာ နှစ်နာရီကျော် သုံးနာရီလောက်ကို

စာမျက်နှာ ၃၅ သို့

စာမျက်နှာ ၁၀ မှ

တည်ထားခဲ့ရာ သီဟိုဠ်မှ ပဏ္ဏာဆက်လာသော မူလစွယ်တော်ပွားကို ဌာပနာတော်မူခဲ့လေသည်။

ယင်းရွှေစည်းခုံစေတီတော်ကြီးတည်ထား၍ မပြီးမီ အနော်ရထာမင်းကြီးကံတော်ကုန်သဖြင့် သားတော်ကျန်စစ်သားမင်းကြီးက ကောဇာသက္ကရာဇ် ၄၅၂ ခုနှစ်တွင် တုရင်တောင်မှ ကျောက်များဖြင့် မူလ စေတီကိုငုံ၍ တည်ခဲ့သည်ဟု မှတ်သားခဲ့ကြသည်။ ပုဂံတွင် ထိုကဲ့သို့ ငုံ၍ တည်ထားသော စေတီပေါင်း (၄၃) ဆူရှိသည်ဟု ဆိုကြသည်။

အောက်ခြေမှသည် ကြာမှောက်ကြာလန်အထိ ကျောက်အုတ်များဖြင့် တည်ထားသည်ဟု သမိုင်းက ဆိုပါသည်။ တုရင်တောင်မှ ကျောက်အုတ်များကို လက်ဆင့်ကမ်းကာ သယ်ဆောင်ပြီး ကျန်စစ်သားမင်းကြီးသည် လက်ရှိနန်းကြီးကုန်းနေရာ၌ ယာယီတဲနန်းတည်ဆောက်နေထိုင်ပြီး ကိုယ်တိုင်ကြီးကြပ်၍ စေတီတော်ကြီးကိုတည်ခဲ့သည်ဟုဆိုပါသည်။

နန်းကြီးမှာရွှေစည်းခုံစေတီတော်ကြီးတောင်ဖက်တွင် ယခုတိုင်တည်ရှိနေပါသည်။

## ရွှေစည်းခုံစေတီတော်ကြီး၏ အုံ့ဖွယ်(၉)ပါးလင်္ကာ

"ထီးမဆိုင်း တန်တိုင်း၌ရိပ်သည်။ မလွင့်ရွှေလှောင်ပ၊ ဗိုလ်သောင်းထောင်ဝင် မကြပ်တဲ့ပြင်၊ ဆွမ်းကပ်သူလက်မဦးနိုင်ဘူး၊ မကူးသံကြားဟီး၊ တီးတဲ့ရွှေစည်"

"မြင့်ဝှန်းယောင် ထင်စနိုးပေပ၊ မိုးကပ်ပြုရေအရည်၊ အတည်မျှမကြွင်း၊ ချယားပင် ဒွာဒသင်ခါမလင့်ပေပ၊ ငုံပွင့်ကာ ကြူထုံသဲ့၊ ဇေယျခုံအုံ့ဖွယ်(၉)ကိုလ၊ တိုးခဝပ်စင်း. . . "

စေတီတော်မြတ်၏ လေးမျက်နှာတွင် ဂန္ဓကုဋိတိုက်တစ်လုံးကျစီရှိပြီး "ကြေးဂူတိုက်" ဟုခေါ်ဆိုကြပါသည်။ ယင်းကြေးဂူတိုက်များအနက် အရှေ့ဖက်မျက်နှာတွင် ကကုသန်ဘုရား၊ တောင်မျက်နှာတွင် ကောဏာဂမဏာဘုရား၊ အနောက်ဖက်တွင် ကဿပဘုရား၊ မြောက်မျက်နှာ ကြေးဂူတိုက်တွင် ဂေါတမဘုရားဟူ၍ ပဉ္စလောဟာဖြင့် သွန်းထုထားသော မတ်ရပ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးလေးဆူရှိပါသည်။

စေတီတော်ကြီး၏ အတွင်း တံတိုင်းဝဲယာတွင် မုခ်စေတီကိုမှီထားသော ဒွါရပါလပုံရုပ်တုကြီးများရှိပါသည်။ အပြင်တံတိုင်းဖြစ်သော အုတ်တံတိုင်းမုခ်ဝဲယာတွင် တစ်ခဲနက်သော တစ်လုံးကျောက်တုံးကြီးကို ထွင်းထုထားသည့် ဒွါရပါလနတ်ရုပ်ကြီးများနှင့် ခြင်္သေ့ကြီးနှစ်ကောင်စီရှိပါသည်။ တောင်ဖက်မုခ်ဝ၌မူ လက်(၁၀)လက်ပါ နတ်ရုပ်၊ နဂါးရုပ်၊ ခြင်္သေ့ရုပ် စသော အရုပ်ကြီးများ ဝဲယာ၌ရှိပါသည်။

## ပုဂံခေတ်ဦး နှစ် ၉၀၀ ကျော်ကလက်ရာ ကျွန်းသားတံခါးရွက်ကြီး

ရွှေစည်းခုံဘုရားပြတိုက်တွင်၊ လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ ကျော်ဤစေတီတော် တည်ဆောက်စဉ်က တပ်ဆင်ခဲ့သည့် ကျွန်းသားတံခါးရွက်ကြီးတစ်ချပ်ကို ပြသထားပါသည်။

စေတီတော်ကြီး၏အတွင်းတံတိုင်းတံခါးဝတွင် တပ်ဆင်ထားခဲ့ကြသည့် ကျွန်းသားတံခါးရွက်ကြီး တစ်ချပ်ဖြစ်ပါသည်။ ယင်းတံခါးရွက်ကြီးတွင် ရှေးခေတ်က တူရိယာတီးမှုတ်နေသူများ၊ ကခုန်မြူးထူးနေကြသူများ စသည် ပုဂံခေတ်ဦး ပန်တျာသည်များ၏ ရုပ်လုံးပုံများထုဆစ်ထားပါသည်။ အလွန်လှပ၍ လက်ရာမြောက်သော ပန်းတန်းများအပါအဝင် ထုဆစ်ပုံဖော်ထားသည့် ပုဂံခေတ်ဦး သစ်သား ပန်းပုလက်ရာတစ်ခုဖြစ်ပါသည်။

မူလက ၎င်းစေတီတော်ကြီး၌ ယင်းတံခါးကြီး(၈)ရွက် တပ်ဆင်ထားခဲ့ပြီး ယခုအခါ အဆိုပါ နှစ် ၉၀၀ ကျော်က ကျွန်းသားတံခါးရွက်ကြီးတစ်ချပ်သာ ကံကောင်းထောက်မ၍ ကျန်ရှိနေခြင်းဖြစ်ပါသည်။

ရွှေစည်းခုံစေတီကြီး၏ အတွင်းတံတိုင်းအတွင်းမှ ပုဂံခေတ်ရှေးလက်ရာတစ်ခုမှာ ၃၇ မင်းနတ်ကွန်းအတွင်းရှိ ဘိုးတော်သိကြားမင်းကျွန်းသားရုပ်တုတစ်ခုဖြစ်ပါသည်။

စေတီကြီး၏ အရှေ့ဖက် မုခ်အတွင်း ဝဲယာမြောက်ဖက်၌ ပုဂံမြို့ဝန် ဦးမြတ်ဘော်ကုသိုလ်တော် ခေါင်းလောင်းနှင့် တောင်ဖက်တွင် သက္ကရာဇ် ၉၁၉ ခုနှစ်တွင် သွန်းလုပ်သော အချိန်ပိဿာ ၂၀၀၀ ရှိ ခေါင်းလောင်းကြီးတစ်လုံးခေါင်းလောင်းငယ်တစ်လုံးတို့ရှိခဲ့ကြပါသည်။

၎င်းခေါင်းလောင်းစာများအရ တစ်ချိန်သောအခါက ဟံသာဝတီပြည့်ရှင်ဘုရင့်နောင်မင်းတရားကြီးသည် ရွှေစည်းခုံစွယ်တော်ရှင် စေတီတော်မြတ်ကြီးအား အောက်ခြေဖိနပ်တော်မှ ထိပ်ရွှေထီးတော်အထိ လုံးတော်ပြည့် ရွှေရည်လိမ်း လှူဒါန်းပူဇော်တော်မူခဲ့ကြောင်း မှတ်တမ်းပါရှိသည်ကိုတွေ့ရပါသည်။

## စွယ်တော်မြတ်လေးဆူ နေ့ချင်းဖူးခဲ့ခြင်း

ထိုနေ့က ဧပြီ ၅ ရက်နေ့ဖြစ်သည်။ မိမိနှင့်မိသားတစ်စုတို့သည် ပုဂံဗူးဘုရားဆိပ်မှ မော်တော်ဖြင့် အနောက်ဖက်ကမ်းရှိ တန့်ကြည့်ရွာသို့ နံနက် ၆ နာရီခွဲသာသာတွင် ကူးခဲ့ကြသည်။ ဧရာဝတီကိုမိနစ် ၂၀ သာသာဖြတ်ကူးပြီးသည်နှင့် တန့်ကြည့်ရွာ မော်တော်ယာဉ်ဆိပ်သို့ ဆိုက်ကြသည်။

ထိုမော်တော်ယာဉ်ဆိပ်မှ ခရီးတာ ၆ မိုင်မျှ ကွာဝေးသော တန့်ကြည့်တောင်ပေါ်သို့ မော်တော်ယာဉ်ဖြင့် တက်ရောက်ခဲ့သည်။

တန့်ကြည့်တောင်ပေါ်မှ အရှေ့ဖက် ကောင်းကင်ယံတွင် နေဝန်းတက်လာသည့် အလွန်လှပသော ရှုခင်းကိုခံစားရင်း တန့်ကြည့်တောင်စွယ်တော်ရှင်ကို ဖူးမြော်ကန်တော့ကြပါသည်။

ထူးခြားသည်မှာ တန့်ကြည့်တောင်စွယ်တော်ရှင် စေတီတော်၏ ကုန်းတော် ရင်ပြင်ပတ်ပတ်လည်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ-ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့၏ ကုသိုလ်ကောင်းမှုပြုထားကြသည်တို့နှင့်အတူ နိုင်ငံခေါင်းဆောင် တပ်မတော်အကြီးအကဲ ပုဂ္ဂိုလ်များ အသီးသီးတို့၏ ကုသိုလ်ကောင်းမှု ကမ္ပည်းစာများကို ဖတ်ရှုရင်း အကြိမ်ကြိမ် သာဓုခေါ်ကာ မေတ္တာပို့ အမျှပေးဝေခဲ့သည်။

ထိုမှထွက်ခွာ၍ ပုဂံဖက်ကမ်းသို့ ဆိုက်ရောက်ကြပြီးသည့်နောက် ပုဂံမြို့၏ အနောက်တောင်ထောင့်ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသော လောကနန္ဒာစွယ်တော်ရှင် စေတီတော်ကို ဖူးကြပါသည်။

ပုဂံဒေသ၏ ထောင့်လေးထောင့်တွင် စွယ်တော်မြတ် လေးဆူ ဌာပနာ၍ တည်ထားသောစေတီတော်လေးဆူအနက် တတိယမြောက် စွယ်တော်ရှင်စေတီတော်ဖြစ်ပါသည်။

## လောကနန္ဒာစွယ်တော်ရှင်စေတီ၏ ထူးခြားချက်

အနော်ရထာမင်းကြီး၏ ကုသိုလ်တော် လောကနန္ဒာစေတီတော်၏ ဗိသုကာပုံသဏ္ဌာန်မှာ ပျူနှင့်မြန်မာအကူးအပြောင်းကာလတွင် တည်ထားသော ပုံစံလက်ရာဖြစ်၍ အခြားသောစေတီများထက် ထူးခြားနေလေသည်။

မြန်မာ့ရိုးရာအနုလက်ရာစေတီတော်များတွင် ခေါင်းလောင်းပုံအထက်၌ ကြာမှောက်ကြာလန်၊ ဘီလူးပန်းဆွဲ၊ သီရိဝစ္ဆာစသည့် အဆင်တန်ဆာများ ယင်းစေတီတော်၌ မပါရှိပါ။ စင်းလုံးချောလုံးပတ် သဏ္ဌာန်ခေါင်းလောင်းပုံသာပါရှိတည်ဆောက်ထားသည်။

ပြည်မြို့အနီး သရေခေတ္တရာ (မှော်ဇာ)ရှိ ဘောဘောကြီးစေတီကဲ့သို့ ရှည်မျောမျောပုံစံ လုံးစောက်သော ပုံသဏ္ဌာန်ကို မြန်မာမှုသို့ ကူးပြောင်းတီထွင်ဆောက်လုပ်ထားခြင်းဖြစ်သည်ဟုဆိုကြပါသည်။

လောကနန္ဒာစေတီတော်၏ ခေါင်းလောင်းပုံမှာ ပျူလက်ရာ ဆန်ဆန်ရှည်လျားပြီး အနား၌ကော့လန်ထားသည်။ ဖောင်းရစ်များမှာလည်း ဆတ္တဝလီထီးဆင့်များကို ထီးရွက်အတိုင်း ခုံးလျှောတစ်လှည့်၊ အဖောင်းတစ်လှည့် အခြားစေတီများနှင့်မတူ တစ်မူထူးခြားစွာပြုလုပ်ထားသည်။

အရှေ့ဖက် တန်ဆောင်းအတွင်းတွင် အနော်ရထာမင်းကြီးလက်

# ROAD TO MOST IMPORTANT HISTORICAL SITE OF PAGON



ထက် ထုလုပ်နေကျဖြစ်သော သဲကျောက်အမာစားတစ်လုံးတည်းကို စမခံပြော့ပလ္လင်ထက်တွင် အမြင့် ၆ ပေခန့်ရှိ ဆင်းတုတော်ပါ ပူးတွဲထားသောဈာန (သမာဓိ) မုဒြာဟန်ဆင်းတုတော်ကြီး တစ်ဆူကိုပါ ထုလုပ်ပူဇော်ထားပါသည်။

ယင်းလောကနန္ဒာဘုရားမှ မြတ်စွာဘုရား၏ ကျောက်ခြေတော်ရာကြီးတစ်ဆူကို ပုဂံရှေးဟောင်းယဉ်ကျေးမှု အနုလက်ရာ ပစ္စည်းအဖြစ် ပုဂံပြတိုက်ကြီး၌ ပြသထားပါသည်။

လောကနန္ဒာမှသည် တုရင်တောင်စွယ်တော်ရှင် စေတီရှင်ရွှေစည်းခုံ စွယ်တော်ရှင် စေတီတော်တို့ကို ဖူးမြော်ကန်တော့ပြီးကြသည့် အချိန်မှာ နံနက် ၁၁ နာရီသာသာရှိသေးသည်။

ယင်းခရီးတာအတွင်းဝယ်ခရီးစဉ်အကြားရှိ ဓမ္မရာဇိကာ စေတီတော်မြတ်ကိုပါ ဝင်ရောက်ဖူးမြော်ကန်တော့ခဲ့ကြပါသေးသည်။ ဤအတိုင်းဆိုပါလျှင် စွယ်တော်လေးဆူ ကုသိုလ်တော်ရှင်အနော်ရထာမင်းကြီး၏ သစ္စာတော်အဓိဋ္ဌာန်ကို 'နောက်နေ့မကူးနေ့ချင်းဖူး၏' ဆိုစကားတွင် 'နေ့ချင်းမကူးနံနက်ခင်းဖူး၏' ဟုဆိုရမလိုဖြစ်ပြီး ထိုသည့်သူအား မကြာချက်ခြင်း လက်ငင်းကောင်းကျိုးထူးစေသတည်းဟူ၍ သစ္စာတော်အဓိဋ္ဌာန်ဆုပေးစကားကို မိမိတို့မိသားစုစောင့်မျှော်ကြည့်ရှုကြရမလိုဖြစ်နေပေတော့သည်။

**ဧရာဝတီအနောက်ခြမ်းမှ ပုဂံခရီးစဉ်**

ရန်ကုန်မှသည် ပြည်နဝဒေးတံတားကြီးကိုဖြတ်၍ မင်းတုန်း၊ ဆည်တော်လမ်းအတိုင်း ဖြတ်သန်းခဲ့ပါသည်။ ဆည်တော်မှ မန်းစက်တော်ရာတွင် ညအိပ်ဘုရားဖူးကြပါသည်။ မန်းချောင်းရေကားတစ်သွင်သွင်စီးဆင်းနေသည်။ ရေသည်သန့်စင်၍ ကြည်လင်အေးမြနေပါသည်။ ဘုရားဖူးလာ ခရီးသည်များအားလုံး ရေချိုးရေကစားကြပါသည်။ ထိုနေ့ကား ဧပြီ ၄ ရက်နေ့ဖြစ်သည်။ ထိုနေ့တစ်ရက်တည်းတွင် မန်းရွှေစက်တော်နှစ်ဆူအတွက် အလှူငွေ သိန်းပေါင်း ၄၈၀၀ ကျော်ရသည်ဟု ဘုရားဂေါပကအဖွဲ့မှ အသံချဲ့စက်ဖြင့် ကြေညာသံကိုကြားရပါသည်။

မန်းစက်တော်ရာ ဖူးမြော်ခဲ့ရာတွင် မိမိတင်ပြလိုသည့် စကားအနည်းငယ်ရှိပါသည်။ ရှေးယခင်ကလို ဘုရားဖူးများတည်းခိုရန်တဲတန်းလျားကြီးများ မဟုတ်တော့။ မန်းချောင်းသောင်ခြေတွင် ဝါးဖြင့်ထိုးသောတန်းလျားများတွင် ၈ပေ × ၁၀ ပေ အခန်းများဖွဲ့၍ အခန်းတည်းခိုခ၊ မန်းချောင်းဖက်သို့ မျက်နှာ မူသောအခန်းများကို တစ်ခန်းတစ်ရက်ငွေနှစ်သောင်းကျပ်၊ အတွင်းဖက် အခန်းများ တစ်သောင်းငါးထောင်ကျပ်ဖြင့် ကန်ထရိုက်က တောင်းယူပါသည်။

နောက်ဖေးနောက်ဖီသန့်စင်ခန်းသွားခ၊ အပေါ့ပဲသွားသွား၊ အလေးပဲသွားသွား တစ်ကြိမ်သွားလျှင် ၁၀၀ ကျပ်ကောက်ခံပါသည်။ ဆိုးသည်ကရေနွေးကြိုး၍ရောင်းချသော ကလေးများဖြစ်ပါသည်။ တစ်လီတာဝင် ပလပ်စတစ်သောက်ရေသန့်ပုလင်း၊ လီတာဝက်ဝင်ပုလင်းများဖြင့် ထည့်ထားသောရေနွေးတစ်ပုလင်း ၁၀၀ ကျပ်ရောင်းပါသည်။

ရှေးကလိုမဟုတ်တော့၊ အထက်စက်တော်ရာသို့ မော်တော်ယဉ်ဖြင့် လူတစ်ယောက် အတက် ၂၀၀၊ အဆင်း ၂၀၀ လောက်ကြပါသည်။ ရွှေစက်တော်ကား ရှေးကနှင့်မတူတော့ပါ။ အရာရာပြောင်းလဲနေခဲ့ပြီဖြစ်ပါသည်။

**မန်းစက်တော်ရာမှသည် ပုဂံညောင်ဦးသို့**

နောက်နေ့တွင် ဆည်တော်မှ မင်းဘူးသို့ခရီးဆက်ကြ၍ နဂါးပွက်အိုင်ကြည့်ပြီး ကျောင်းတော်ရာ စေတီဖူးမြော်ကြသည်။ ထိုမှဆက်၍ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ ဆိတ်ဖြူ ထိုမှ ဧရာဝတီချောက်တံတားကြီးကိုကူးဖြတ်၍ ချောက်၊ စခွဲကူ၊ ပုဂံညောင်ဦးသို့ ခရီးဆက်ကြပါသည်။

**အပြန်ခရီးစဉ်တွင်**

ပုဂံညောင်ဦးမှ ပုပ္ပါးတောင်သို့ တစ်ညအိပ်ဝင်ကြပါသည်။ နောက်တစ်နေ့တွင် ပုပ္ပါးမှ ကျောက်ပန်းတောင်းသို့ ဆက်ပါသည်။ ကျောက်ပန်းတောင်းမှ မိတ္ထီလာလမ်းအတိုင်းလာပြီး ရွာမွန်၊ ပင်းမြို့၊ နတ်မောက်မကွေးလမ်းအတိုင်းဖြတ်သန်းခဲ့ကြပါသည်။

ဤနေရာမှအပ ကျန်သောလမ်းပိုင်းများမှာကား သွား၍ရပါသေးသည်။ ထိုခရီးစဉ်တစ်ကြောအတွက် လမ်းတံတားမြို့ဝင်ကြေး စုစုပေါင်းတစ်သိန်းခွဲကျော်ကျော်ပေးဆောင်ခဲ့ရပါသည်။ အကောက်အခံများတွင် ဧရာဝတီအနောက်ခြမ်းက ကြမ်းသည်ထင်သည်။ တစ်ဂိတ် သုံးထောင် လေးထောင်ကျပ်အောက်မဆင်းကောက်ခံပါသည်။

ဤသည်တို့ကား မိမိ၏ ပုဂံညောင်ဦးဘုရားဖူးခရီးအတွေ့အကြုံများပင်ဖြစ်ပါသည်။

**ဟံသာဝတီ-ဦးအုန်းကြိုင်**



---

စာမျက်နှာ ၂၄ မှ

ထိုသို့မဟုတ်ခဲ့သော်သူသည် အမြဲတမ်းလိုလို ကျေနပ်နိုင်စွမ်းရှိတော့မည်မဟုတ်ပေ။ သို့တစေ သူ့တွင် အပျော်အပါး စိတ်ပြင်းထန်နေသေးသဖြင့် ကျေနပ်အားရနေနိုင်သေးသည်။ လိုချင်တောင့်တနေသည့် ဆန္ဒများအတိုင်း အလျှင်အမြန်ရယူခံစားလိုစိတ်များလည်းဖြစ်နေပေသေးသည်။ အဆုံး၌ အဖြေရလဒ်တစ်ရပ် ထွက်ပေါ်လာသည့် အခါတွင်မူကား သူသည်တွေဝေငေးငိုင်လျက် မပျော်မရွှင်သော အဖြစ်မျိုးဖြင့် ငြိမ်သက်နေပေတော့သည်။

Mahatma Gandhi said, *"The world has enough for every one's needs, but never even enough for even one man's greed"*. Human beings are fighting among themselves because of that extraordinary craving for more power, more authority as well as more pleasure.

အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီပြောဆိုခဲ့သော အဆိုအမိန့်တစ်ရပ်ရှိသည်။ "ဒီကမ္ဘာ လောကကြီးဟာ လူတစ်ယောက်ချင်းစီတို့ရဲ့ လိုအင်ဆန္ဒရှိနေကြသမျှအတိုင်း သူတို့လိုချင်နေကြသလောက် လုံလုံလောက်လောက်ဖြည့်ဆည်းပေးနေနိုင်စွမ်းရှိရပါမယ်။ ဒီလိုမှ မဖြည့်ဆည်းပေးနိုင်လို့ကတော့ လူတစ်ယောက်ထဲရဲ့ လိုချင်တပ်မက်နေတဲ့ လောဘစိတ်ကိုတောင် ပြည့်ဝသွားအောင် ဖြည့်ဆည်းပေးနိုင်စွမ်းရှိမှာမဟုတ်ဘူး"။

လူတို့ရှင်သန်ရပ်တည်နေနိုင်ရန်မှာ လူတိုင်း လူတိုင်း တစ်ဦးချင်းတစ်ယောက်ချင်းစီအလိုက် မိမိတို့ကိုယ်တိုင်က မိမိတို့ ဘဝရှင်သန်ရပ်တည်နေနိုင်အောင် အမြဲတမ်းလိုလို ခုခံကာကွယ်တိုက်ခိုက်နိုင်စွမ်းရှိကြရမှာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတို့၏စိတ်၌ သာမန်မဟုတ်၊ ထူးခြားဆန်းကြယ်သော အလိုဆန္ဒပြင်းပြသည့် စိတ်များဖြစ်သော၊ လောကကြီး တစ်ခုလုံးအား အကြီးကျယ်ဆုံး စိုးမိုးအုပ်ချုပ်လိုစိတ်များ၊ အကြီးမားဆုံးသော အာဏာရမက်ငန်းငန်းတက်ပိုင်စိုးလိုစိတ်များ၊ ယှဉ်ပြိုင်သူမရှိအောင် တံခွန်လွှင့်ထူအောင်လံထူ၍ အောင်မြင်မှုသရဖူဆောင်းပြီး အမြင့်မားဆုံးသောစိတ်ဖြင့် ဝမ်းမြောက်ပျော်ရွှင်လိုသည့်စိတ်များကြောင့်ဖြစ်ပေသည်။

(ဆက်လက်ဖော်ပြပါမည်)

**ဓမ္မဝီရသန္တာ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒ**
**ဗုဒ္ဓသာသနာပြုတက္ကသိုလ်**

# မြတ်ဗုဒ္ဓ၏ အလုပ်အကျွေး အရှင်အာနန္ဒာ



**မြင့်သိန်း(မော်ကျွန်း)**

**၁။ မြတ်ဗုဒ္ဓ၏ 'ပထမဗောဓိ' ကာလအတွင်း အလုပ်အကျွေး ရဟန်းတော်များ**

ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီး ပထမဝါနှစ်ဆယ် (ပထမဗောဓိ)အတွင်း၌ မြတ်ဗုဒ္ဓအတွက်အမြဲတမ်းအလုပ်အကျွေးဟူ၍မရှိခဲ့ပါချေ။ ဤကာလအတွင်း ရဟန်းတော်အချို့သည် ဘုရားရှင်၏ အလုပ်အကျွေးအဖြစ်ဆောင်ရွက်ခဲ့ကြသည်။ **ဤရဟန်းတော်များတွင် အရှင်အာနန္ဒာအား သောတာပန်ဖြစ်လာစေသည့် မှန်ဥပမာဒေသနာတော်တစ်ရပ်ကို ဟောကြားတော်မူခဲ့သောအရှင်မန္တာဏီပုတ္တပုဏ္ဏသည်လည်း ပါဝင်ပါသည်။** ဘုရားရှင်၏ ပထမသာဝကဖြစ်တော်မူ၍ ဘုရားရှင်၏ အလုပ်အကျွေးလည်းဖြစ်တော်မူခဲ့ပြီး ဤတာဝန်ကို အရှင်ပုဏ္ဏအား လွှဲပြောင်းပေးခဲ့သူမှာသူ၏ဦးလေးတော်အရှင်အညာသိကောဏ္ဍညပင်ဖြစ်ပါသည်။ အရှင်ပုဏ္ဏသည် တရားဓမ္မဟောကြားရာတွင် ထူးချွန်သူတစ်ဦးဖြစ်သည့်အလျောက် နောက်ပိုင်းတွင် ဓမ္မကထိကများတွင် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ကိုချီးမြှင့်ခြင်း ခံရပြီးနောက် ဤတာဝန်မှာအခြားသူတို့ထံ ပြောင်းရွှေ့သွားရပြန်ပါလေသည်။ ဤအလုပ်အကျွေး ရဟန်းများတွင် 'အရှင်ဥပဝါဏ'၊ 'အရှင်သုနက္ခတ္တ၊ 'အရှင်နာဂိတ'၊ 'အရှင်စုန္ဒ'၊ 'အရှင်သာဂတ'၊ 'အရှင်မေဃိယ'၊ 'အရှင်နာဂသမာလ'၊ အပြင်အခြားသော ရဟန်းတော်များလည်းပါရှိကြပါသည်။

**Ananda as a personal attendant of the Buddha**

**1. Personal attendants of the Buddha during Pathama Bodhi**

There had been no permanent personal attendant to the Buddha in the first twenty years of Buddhahood (Pathama Bodhi). During this period a number of Bhikkhus acted as the Buddha's personal attendants. Among these Bhikkhus Ven. Mantaniputta Punna, who delivered a discourse with the simile of mirror which led Ananda to become a Sotapanna, included. His uncle Ven. Annasikondanna, the first disciple of the Buddha was the personal attendant of the Buddha and handed over him this duty. As he was on outstanding exponent of the Dhamma and later was awarded the title of pre-eminent among those who preached the Dhamma, this duty was transferred to the others. Among them 'Ven. Upavāna', 'Ven.Sunakkhatta', 'Ven.Nagita', 'Ven. Cunda', 'Ven. Sāgata', 'Ven.Meghiya', 'Ven. Nagasamala' and others were included.

အရှင်ဥပဝါဏသည် အရပ်မြင့်မြင့်၊ ထွားထွားကြိုင်းကြိုင်း၊ တုတ်တုတ်ခိုင်ခိုင်နှင့် သန်မာလှပြီး တန်ခိုးဣဒ္ဓိပါဒ်တွေလည်းရှိပါသည်။ တစ်ခါက ဘုရားရှင်သည် အစာအိမ်လေနာကို ခံစားတော်မူရသော် အရှင်ဥပဝါဏသည် 'ဒေဝဟိတ' ခေါ် ပုဏ္ဏားတစ်ဦး၏ အကူအညီဖြင့် ထိုပုဏ္ဏားက လှူဒါန်းသော ရေနွေးနှင့် သကာရည်တို့ကို ဆေးအဖြစ်အသုံးပြုပြီး ဘုရားရှင်၏ ရောဂါဝေဒနာတို့ကို ပျောက်ကင်းအောင် ကုသနိုင်ခဲ့ပါချေ၏။

The Ven.Upavana was tall, heavy and stout and had also supermormal psychic power. Once he successfully, could cure the Buddha who suffered from the wind in his stomach by the help of a Brahmin called 'Devahita' who donated water and molasses which were used as medication.

ဘုရားရှင်သည် 'စာလိကာ' ရွာအနီးရှိ 'စာလိကာ' တောင်ပေါ်၌ သီတင်းသုံးတော်မူစဉ် အရှင်မေဃိယသည် ဘုရားရှင်၏ အလုပ်အကျွေးဖြစ်ခဲ့ပါ၏။ တစ်နေ့သောအခါ အရှင်မေဃိယသည် 'ကိမိကာဠာ' မြစ်ဘက်သို့ လမ်းလျှောက်ထွက်သွားပြီး ပြန်ရောက်လာသောအခါ မြစ်ကမ်းပေါ်တွင်ရှိသော သရက်ဥယျာဉ်ထဲသို့သွားပြီး တရားအားထုတ်ခွင့်ပြုပါရန် ဘုရားရှင်ထံ လျှောက်ထားပန်ကြားလေသည်။ ဘုရားရှင်က ယခု မိမိတို့ နှစ်ဦးတည်းသာရှိနေသဖြင့် အခြားရဟန်းတစ်ပါးပါးရောက်လာသည့်တိုင် စောင့်သင့်ကြောင်း မိန့်ကြားတော်မူသည်။

While the Buddha was staying on 'Mount Calika' near 'Calika' village, Ven.Meghiya came back from a walk to 'kimikala' river, he requested the Buddha to allow him to go and meditate in the mango grove on the back of the river. The Buddha said him that as they were only two, he should wait till another monk came.

သူက ထပ်ကာထပ်ကာ ခွင့်တောင်းလျှောက်ထားနေသဖြင့် ဘုရားရှင်က ခွင့်ပြုတော်မူလိုက်ရပါတော့သည်။ ထိုနေ့မကုန်မီပင် သူပြန်ရောက်လာပြီးနောက် တရားအားထုတ်နေစဉ် ကာမဂုဏ်လိုက်စားရန် အကြံအစည်၊ သူတစ်ပါးတို့ကို မတော်မတရားပြစ်မှားရန် အကြံအစည်နှင့် သူတစ်ပါးကိုနှိပ်စက်ညှဉ်းပန်းရန် အတွေးအကြံတို့ သူ့စိတ်ထဲမှာ ဖြစ်ပေါ်လာကြောင်းကို ဘုရားရှင်အား လျှောက်ထားတင်ပြလာသည်။ ထို့ကြောင့်ပင် ဘုရားရှင်က သူ၏ မဖွယ်မရာသော အတွေးအကြံတို့ကို ပယ်ပျောက်စွန့်ပစ်ရန် ဒေသနာတစ်ရပ်ကို မိန့်ကြားတော်မူပါချေ၏။

He requested the Buddha again and again and the Buddha allowed him. Before end of the day he came back and said the Buddha that while he was meditating the thought to indulge in sensual pleasures, the thought to wrong the others and the thought to ill treat the others appeared in his mind. So the Buddha gave a sermon to him to abandom his improper thoughts.

ကောသလတိုင်းအတွင်း၌ ဒေသစာရီကြွချီတော်မူစဉ်က အရှင်နာဂသမာလသည် ဘုရားရှင်၏ အလုပ်အကျွေးဖြစ်ပါသည်။ လမ်းခုလပ်တွင် လမ်းဆုံလမ်းခွတစ်ခုသို့ အရောက်၌ လက်ျာဘက်လမ်းအတိုင်း ဘုရားရှင်နှင့်အတူ လိုက်ခဲ့ရန် ဘုရားရှင်က သုံးကြိမ်တိုင်တိုင်ခေါ်တော်မူပါသော်လည်း အရှင်နာဂသမာလသည် ဘုရားရှင်၏ သပိတ်နှင့်နှစ်ထပ်သင်္ကန်းကြီးတို့ကို မြေပေါ်၌ ချထားခဲ့ပြီး လက်ဝဲဘက်လမ်းကိုလိုက်သွားပါချေသည်။ သူ ဘုရားရှင်ထံပြန်ရောက်လာသောအခါ သူ့တစ်ကိုယ်လုံး ညိုမဲပွန်းပဲ့သော ဒဏ်ရာများနှင့်ပြည့်နေကာ သပိတ်လည်းကွဲ၊ သင်္ကန်းလည်း အစိတ်စိတ်အမွှာမွှာစုတ်ပြဲနေတော့သည်။ အကြောင်းကတော့ သူသည်သူ ခိုးသားဓားပြဂိုဏ်းတစ်ခုနှင့် တွေ့ခဲ့ရပါသည်တဲ့။

While journeying in Kosala, Ven.Nagasamala was the Buddha's personal attendant. When they reach a branch line on mid way Nagasamala went along left way putting down the Buddha's alms bowl and double-robe on the ground, although the Buddha told him to go along the right way together with him, three times. When he came back to the Buddha his body was covered with black and blue bruises, his alms-bowl was broken and his robe was torn into fragments, because he met with a group of robbers.

**(to be continue)**

# ခန္ဓာအရှိ ဉာဏ်နဲ့ကြည့် သတိ

## ကေတုမတီ မြဟသ်ာ (လုပ်သားများကောလိပ်)



ယောဂီတို့ "ဘယ်သူမပြု မိမိမှု" ဟူသော ရှေးပညာရှိများ မိန့်ကြားထားခဲ့သော စကားပုံရှိပါသည်။ ယောဂီတို့သည် နေ့စဉ်နံနက်မိုးလင်းသည့် အချိန်မှစ၍ ညအိပ်ရာဝင်သည့်အချိန်သို့တိုင် မိမိရဲ့ ကာယကံမှုတည်းဟူသော ကိုယ်ဖြင့်ပြုလုပ်သော အမူအယာများ၊ ဝစီကံမှုတည်းဟူသော နှုတ်ဖြင့် ပြောဆိုမှုများ၊ မနောကံမှုတည်း ဟူသော စိတ်ဖြင့် ကြံစည်မှုများကို စက္ကန့်မလပ်ပြုမူ ပြောဆိုကြံစည် လုပ်ကိုင်နေပါသည်။ ဤသို့ပြောဆို လုပ်ကိုင်မှုများ ထဲတွင် လိုချင်မှုလောဘ၊ အမျက်ထွက်ခြင်း၊ မကျေနပ်ခြင်း ဒေါသ၊ မောဟတည်းဟူသော တွေဝေမှုများ ထဲထဲဝင်ဝင်ပါဝင်နေပေသည်။ ထို အရာများသည်ပင်လျှင် မိမိ၏ "ကံ"များဖြစ်ပါသည်။

ထိုကာယကံကိုယ်ဖြင့် ပြုမူလုပ်ဆောင်မှု၊ ဝစီကံ နှုတ်ဖြင့်ပြောဆိုမှု၊ မနောကံ စိတ်ဖြင့်ကြံစည် လုပ်ကိုင်မှုများ ပြုလုပ်တိုင်းပြုလုပ်တိုင်းပင် မျက်စိနှင့် အဆင်း၊ နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့မျိုးစုံ၊ လျှာနှင့်အစားအစာမျိုးစုံ၊ ကိုယ်နှင့်အထိအတွေ့ မျိုးစုံတို့သည် ထိတွေ့ပြီးပြုလုပ်ကြရစမြဲဖြစ်ပါသည်။

ယင်းအမှုတို့ကို ပြုမူလုပ်ကိုင်ပြောဆို ကြံစည်တွေးတောတိုင်း မျက်စိနှင့်မြင်ရသောအဆင်းများ၊ နားနှင့်ကြားရသောအသံများနှင့် မနော တွေးတော ကြံစည်စိတ်များသည် ထိုနေ့တစ်နေ့လုံး အတွက် မိမိလုပ်ဆောင်မှုများကို အဆင်းမျိုးစုံတို့က မြင်အားကောင်းကောင်း၊ အသံမျိုးစုံတို့က ကြား အားကောင်းကောင်း၊ မနောကြံစည်စိတ်များက တွေးအားကောင်းကောင်းတို့သည်ကား မိမိအား လွှမ်းမိုးချုပ်ကိုင်ဦးဆောင်၍နေပေသည်တကား။

**သို့ဖြစ်၍မျက်စိ၏မြင်ခြင်း၊ ကြည့်ခြင်း သည် အထူးအရေးကြီးလှပါသည်။ နား၏ ကြားခြင်းသည်လည်းကောင်း၊ မနောစိတ်၏ ကြံစည်စိတ်များသည် "သတိ" နှင့် ဆင်ခြင်ရန် အထူးအရေးကြီးလှပါသည်။ ယင်းအသိစိတ် များသည် ကုသိုလ်လည်း ဖြစ်နိုင်၏။ အကုသိုလ်လည်း ဖြစ်နိုင်၏။ "သတိ" နှင့် ဆင်ခြင်ရှုမှတ်လျှင် "ဘာဝနာ" လည်း ဖြစ်နိုင် ပါသည်။**

ဝိညာဉ်စိတ်သည် လူသတ္တဝါတို့၏ ကိုယ်တွင် နဂိုက ဘယ်မှာမှ ရှိနှင့်နေသည်မဟုတ်ပါ။ အကြောင်းတရားကိုအစွဲပြုပြီး အကျိုးတရား ဖြစ် ပေါ်လာခြင်း။ တနည်းအားဖြင့် အာရုံနှင့်ဒွါရ တိုက်ဆိုင်၍သာ ဝိညာဉ်စိတ်ဖြစ်လာရခြင်း ဖြစ် ပါသည်။ "အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု" အတ္တနော -မိမိ၏၊ သဘာဝံ -သဘောကို၊ ဓာရေတိ- ဆောင်တတ်၏။ ဣတိ တသ္မာ= ထို့ကြောင့်၊ ဓာတု- ဓာတ်သဘောမည်၏။ ဓမ္မသဘောမည်၏ဟု ဆိုပေသည်။

ထို့ကြောင့် ယောဂီသည် မိမိ၏ပတ်ဝန်း ကျင်တွင်ရှိသော မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့ မှု၊ စဉ်းစားသိမြင်မှု အစရှိသော မိမိတွေ့ရသော အာရုံများအလိုက် စိတ်ကလေးများဖြစ်လိုက်၊ ပျက် လိုက်၊ ပေါ်လိုက်၊ ပျောက်လိုက်၊ မပြတ်ဖြစ်-ပျက်၍ နေကြသည့်အတွက် ယောဂီတို့သည် ယင်းဝေဒနာ ခံစားရမှုများအလိုက် ဖြစ်ပေါ်လာကြသည်မှာ-

- စိတ်ကြည်လင်တည်ငြိမ်တတ်၏၊ စိတ် နောက်ကျုတတ်၏။

-လိုချင်စိတ်ဖြစ်တတ်၏၊ ဒေါသ စိတ် ဖြစ်ကာ စိတ်ဆိုးတတ်၏။

- အမှတ်တမဲ့လည်းဖြစ်တတ်၏၊ သနား ကြင်နာ၏။

- ပေးကမ်းချင်စိတ်လည်း ဖြစ်တတ်၏၊ ကြိုးစားတတ်ကြ၏။

ဤသို့လျှင်

-လောဘစိတ် (လိုချင်မှု၊ ဆင်းရဲခြင်း၏ အကြောင်းတရား)

ဒေါသစိတ် (စိတ်ဆိုးမှု၊ ဖျက်ဆီးမှု၊ ပြစ် မှားမှုတရား)

မောဟစိတ် (အမှတ်တမဲ့ဖြစ်မှု၊ အမှန် တရားကို မသိမှု)

ကရုဏာစိတ် (သနားကြင်နာခြင်း၊ တွေဝေမှု)

သဒ္ဓါစိတ် (ကံ၊ ကံ၏အကျိုးကို ယုံကြည်မှု)

ဝီရိယစိတ် (ကြိုးစားအားထုတ်ခြင်း) အစရှိသောစိတ်များသည် လူသတ္တဝါတို့၌ စက္ကန့် မလပ်ဖြစ်၍-ပျက်ပျက်နေကြပါသည်။ **ယင်းဖြစ်ပေါ် ရာ သိစိတ်များတွင် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်များသည် အထူးအရေးပါလှပေ သည်။ ယင်း(၃)ပါးသည်ပင်လျှင် ယောဂီတို့ အား ကောင်းရာသုဂတိသို့လည်းကောင်း၊ အပါယ်လေးပါးသို့လည်းကောင်း ရောက်ရှိရန် အဆုံးအဖြတ်ပေး လျက်ရှိကြောင်းကိုလည်း ယောဂီသည် "ခန္ဓာအရှိကို ဉာဏ်နဲ့ကြည့်၍" "သတိ" ရှိနေရန် လိုအပ်ပေသည်။**

ထို လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ အစ ရှိသော ကိလေသာ (၁၀) ပါးသည် နှစ်သက်စရာ အာရုံနှင့်တွေ့ဆုံသည့်အခါ ကိလေသာစိတ်များ ဖြစ်လာပြီး ကာယကံ၊ ဝစီကံ၊ မနောကံများ ပြုလုပ် လာပါတော့တယ်။ ယင်းကဲ့သို့သော "ကိလေသာ" စိတ်ရိုင်းများကို ဝိပဿနာ ကမ္မဋ္ဌာန်းဉာဏ်အမြင် တည်းဟူသော "သတိ" ဖြင့်သာ ထိန်းသိမ်းနိုင်မည် ဖြစ်ပါသည်။ ယောဂီတို့သည် အလောဘ-မလိုချင် မှု၊ အဒေါသ- မေတ္တာစိတ်၊ အမောဟ-ပညာဖြင့် စဉ်းစားနိုင်မှုတရားတို့ဖြစ်အောင် ကြိုးစားအားထုတ် ကျင့်သုံးရမည်ဖြစ်ပေသည်။

"သတိ" ကို အပ္ပမာဒ ခေါ်ပါသည်။ "သတိ" သည် "အာရုံ" ကို ဖော်ရပါသည်။ ပုံပေါ် လာတဲ့အခါ အာရုံနဲ့စိတ် တစ်သားတည်း ရှိနေ အောင် ကပ်ပေးရပါမည်၊ တရားအလုပ် လုပ်နေ စဉ်မှာ "အာရုံ" ပျောက်မသွားရအောင် ထိန်းပေး ရပါသည်။ ယောဂီသည် "အာရုံ" ယူနေစဉ်မှာ အလုပ်လုပ်နေစဉ်မှာ မဆိုင်တဲ့အာရုံများ ကြားဖြတ် ဝင်မလာရအောင် ကာကွယ်စောင့်ရှောက်ပေး ရမှာဖြစ်ပါသည်။ တရားအလုပ်လုပ်နေစဉ်မှာ "အာရုံ" ယူနေစဉ်မှာ ရှေ့အသိ နှင့် နောက်အသိ အသိချင်းဆက်စပ်ပေးရမှာ ဖြစ်ပါတယ်။ အစ၊ အလယ်၊ အဆုံးသိအောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်း ကို "သတိ" လို့ ခေါ်ပါသည်။

"သတိ" ၏ ဆန့်ကျင်ဘက်ကို ပမာဒ မေ့လျော့ခြင်းဟု ခေါ်ပါသည်။ "သတိ" သည် အောက်မေ့ခြင်း၊ အမှတ်ရခြင်း၊ တစ်စုံတစ်ခုသော "အာရုံ" ကို မမေ့ခြင်းပင်ဖြစ်သည်။ "သတိ" ကို ကုသိုလ်တရားနှင့် ပတ်သက်သော အမှတ်ရမှုများ သည် မဂ္ဂင်ရှစ်ပါးတွင် ပါဝင်သည့် သမ္မာသတိမဂ္ဂင် ပင်ဖြစ်သည်။ ယောဂီသည် ကိလေသာတို့ကို ပယ်ခွာလျက် အရိယာမဂ်စိတ်ဖြင့် နိဗ္ဗာန်ကို အာရုံ ပြုနိုင်သော မဂ္ဂင်လမ်းစဉ်သည်ကား- (လောကီ မဂ္ဂင်- ၅ ပါး)


၎င်းတို့မှာ

(၁) သမ္မာဒိဋ္ဌိတည်းဟူသော မှန်ကန်သော

စာမျက်နှာ ၃၁ သို့

# သူတော်ကောင်းတို့အလှူပေးနည်း (၅)

အရှင်သီလာစာရ(ပဲခူး)
မြို့ဦးတောရစာသင်တိုက်(ဖားကန့်)



**ပထမနတ်သားတစ်ဦး**

မပေးရက်လို ဝန်တို(နှမြော)မှုကြောင့်လည်းကောင်း၊ မေ့လျော့ပေါ့ဆသတိမရသောကြောင့်လည်းကောင်း (အကြင်သူတို့သည်) အလှူဒါနကို မပြုလုပ်မိကြကုန်။ စေတနာသုံးတန်၊ ကံ၊ ကံ၏အကျိုးနှင့် ဒါနအကျိုးကို လိုလားသိမြင် ပညာရှင်သည် အလှူဒါနကို လှူဒါန်းသင့်လှပေသည်။

**ဒုတိယနတ်သားတစ်ဦး**

တကယ်တော့ အလှူမပေးသူသည် နှမြောဝန်တို၍သော်လည်းကောင်း၊ ပစ္စည်းဥစ္စာတွေကုန်သွားလျှင် ဆင်းရဲမွဲတေမှာ ကြောက်သောကြောင့် လည်းကောင်းဖြစ်၏။ သူကြောက်သော (မရှိဆင်းရဲမွဲတေခြင်း) ဘေးသည် သူ့ထံသို့ရောက်လာတတ်ပေ၏။ နှမြောဝန်တိုသူသည် မွတ်သိပ်ဆာလောင်ခြင်း ဘေးဒုက္ခရောက်လာမှာကြောက်၏၊ ထိုဘေးသည် ယခုဘဝ၊ နောက်ဘဝတို့တွင်(ထိုသူထံ)ရောက်လာတတ်ပေသည်။ ထို့ကြောင့် နှမြောဝန်တိုမှုကိုပယ်ဖျောက်၍ တတ်စွမ်းသမျှအလှူဒါနပြုရာ၏။ သတ္တဝါတို့အတွက် ခုဘဝ၊နောက်ဘဝအတွက်အားကိုးရာအစစ်ကား ကောင်းမှုကုသိုလ်သာဖြစ်ပေသည်။

**တတိယနတ်သားတစ်ဦး**

အတူတကွခရီးသွားကြသူတို့သည် ခရီးသွားဖော်အချင်းချင်းအား အနည်းငယ်မျှသောရိက္ခာကို ခွဲဝေ၍ပေးကြသကဲ့သို့ ထို့အတူအစမထင် သံသရာခရီးနှင်နေကြသော ခရီးသွားဖော်အချင်းချင်း အနည်းငယ်မျှ ခွဲခြမ်းစိတ်ဖြာ၍အလှူဒါနပြု၏။ ထိုသူတို့ကို (အသက်ပင်ရှင်နေသော်လည်းပေးလှူခြင်းမရှိသည့်အတွက်) သူသေဟုခေါ်ဆိုအပ်သော ပုဂ္ဂိုလ် တို့အလယ်၌မသေသူများဟုတင်စား၍ခေါ်ဝေါ်အပ်ပါကုန်၏။ ဤသဘောသည် ရှေးထုံးစဉ်လာဓမ္မတာပင်ဖြစ်ပေတော့သည်။

**စတုတ္ထနတ်သားတစ်ဦး**

ပေးလှူနိုင်ခဲ့သောအလှူဝတ္ထုကို ပေးလှူနိုင်သူတို့၏ လှူဒါန်းမှုတို့ကိုလည်းကောင်း၊ ပြုလုပ်နိုင်ခဲ့သော ကောင်းမှုကုသိုလ်ကို ပြုလုပ်သူတို့၏ အလုပ်မျိုးကိုလည်းကောင်း သူတော်မဟုတ် ၊သူယုတ်မာတို့သည် (အတုလိုက်ပြီး) မပြုနိုင်ကြပေကုန်၊ သူတော်ကောင်းတို့၏တရားသို့ အစဉ်တစိုက်လိုက်နိုင်ခဲ့ကြလေကုန်၏။

ထို့ကြောင့်ပင်သူတော်ကောင်းနှင့် မသူတော်တို့သည် နောင်သွားရောက်ရမည့်ဂတိ(ဌာန)လည်းမတူနိုင်ကြပေ။ သူတော်ကောင်းတို့သည် လူ နတ် နိဗ္ဗာန် သုံးတန်သောဂတိ(ဌာန)သို့ရောက်ရှိကြသည်။ သူတော်ကောင်းမဟုတ်သူတို့သည် အပယ်လေးပါးသို့ရောက်ရှိကြသည်။

**ထပ်မံလျှောက်ထားကြခြင်း**

နတ်သားလေးဦးတို့သည် မိမိတို့အလိုဆန္ဒအတိုင်း ဘုရားရှင်ကို လျှောက်ထားပြီးနောက် "အရှင်ဘုရားယခုလျှောက်ထားကြသော နတ်သားလေးဦးတို့တွင် အဘယ်နတ်သား၏ လျှောက်ထားချက်သည် အမှန်ကန်ဆုံးပါနည်းဘုရား" ဟုထပ်မံ၍လျှောက်ထားကြလေ၏။ ထိုအခါ မြတ်စွာဘုရားက သင်တို့အားလုံး၏စကားများသည် သူ့နည်းသူ့ဟန်နှင့် မှန်ကြသည်ချည်းဖြစ်၏။ သို့သော်ပို၍ပြည့်စုံမှန်ကန်အောင်ငါဘုရားဟောပြမည်ဟု မိန့်တော်မူပြီးလျှင် အောက်ပါစကားကိုဆိုတော်မူလေ၏-

"အကြင်သူသည် သားမယားကိုကောင်းစွာလုပ်ကျွေး၏၊ အနည်းငယ်သာရှိသောမိမိ၏ ဥစ္စာပစ္စည်းကိုလည်း ဝေဖန်၍ခွဲခြားလှူဒါန်း၏။ ကောက်တလင်းတို့ကိုသုတ်သင်ခြင်း၊ ကောက်လှိုင်းရိုးတို့ကို ထုရိုက်နင်းနယ်ခြင်း စသည်ဖြင့်ရအပ်သော(သမုဋ္ဌက)အလှူကိုပေးလှူလျက် ကုသလကမ္မပထ တရားဆယ်ပါးကိုလေးစားစွာပြုလုပ်၏။ လူပေါင်းတစ်သိန်း၏(စုစုပေါင်း)ဆယ်ကုဋေ့တန်အလှူကြီးတို့ကိုပင်(သမုဋ္ဌက)အလှူပေးလှူသောသူ၏ အစိတ်တစ်ရာစိတ်၍ တစ်စိတ်သောအဖိုးကိုလည်း မမီနိုင်ကြကုန်"

မှတ်ချက်။ သမုဋ္ဌက အလှူဟူသည် တောင်သူလယ်သမားတို့၏ ကောက်စပါးတို့ကို နယ်ရန် တလင်းဝန်းကိုသုတ်သင်ခြင်း၊ ကောက်လှိုင်းကောက်ရိုးတို့ကို ထုရိုက်နင်းနယ်ခြင်း၊ ကောက်နယ်တလင်း၊ လယ်ယာကွင်း တို့၌တံပျက်လှဲခြင်း၊ ကောက်သင်းကောက်ခြင်း စသည်တို့ကြောင့်ရအပ်သောပစ္စည်း(လယ်ကူလီလုပ်ခြင်းစသည်)ဖြင့်ရအပ်သော ပစ္စည်းအလှူ လှူဒါန်းခြင်း၊ ထိုအလှူမျိုးကိုသမုဋ္ဌကအလှူဟုခေါ်သည်။

**အကြောင်းကိုမေးသောနတ်**

အထက်ပါအတိုင်းဘုရားရှင်က မိန့်တော်မူသောအခါ နတ်သားတစ်ယောက်သည် ဘုရားရှင်အားထပ်မံလျှောက်ထားပြန်လေ၏။

"မြတ်စွာဘုရား-အနည်းငယ်သာပေးလှူရသောသမုဋ္ဌကအလှူသည် အဘယ့်ကြောင့်အကျိုးပေးရာ၌ ပြန့်ပြောကြီးကျယ်ခြင်းသို့ ရောက်ပါသနည်း၊ သင့်သောအကြောင်းဖြင့်ပေးလှူအပ်သော အလှူ၏တန်ဖိုးကို အဘယ့်ကြောင့်မီပါသနည်း၊ လူပေါင်းတစ်သိန်း၏(စုစုပေါင်း)ဆယ်ကုဋေ့အလှူကြီးသည် အဘယ့်ကြောင့်သမုဋ္ဌကအလှူပေးသူ၏ အစိတ်တစ်ရာစိတ်၍ တစ်စိတ်ကိုမျှမမီပါသနည်းဘုရား"

## ဘုရားရှင်ဖြေကြားတော်မူပုံ

"နတ်သားအချို့သောပုဂ္ဂိုလ်တို့သည် မသင့်လျော်သောကိုယ်အလုပ်၊ နှုတ်အပြော၊ မနောအကြံ၌တည်ကုန်လျက်(သတ္တဝါတို့ကို)ဖြတ်တောက် ခုတ်စဉ်းမှု၊ သတ်ဖြတ်မှု၊ ဝမ်းနည်းပူဆွေးငိုကြွေးရမှုတို့ကိုဖြစ်စေကာ ပေးလှူကြကုန်၏၊ (သူတစ်ပါးတို့)မျက်ရည်ကြီးငယ်ကျကြရ၊ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ခံကြရသောထိုပေးလှူမှုမျိုးသည် တရားသောအားဖြင့် ပေးလှူရသောအလှူ၏ တန်ဖိုးကိုမမီနိုင်၊ ဤအကြောင်းကြောင့် တစ်ထောင်တစ်ထောင်ပေးလှူလေ့ရှိသော လူတစ်သိန်း၏ (စုစုပေါင်း)ဆယ်ကုဋေတန်အလှူကြီးသည် သမုဒ္ဓက အလှူပေးလှူသူ၏ အစိတ်တစ်ရာစိတ်၍ တစ်စိတ်ကိုမျှ မမီနိုင်ကြခြင်းဖြစ်ပေသည်"။

## အလှူပေးခြင်းနှင့်စစ်ထိုးခြင်း

ဒါနဥ္စ ယုဒ္ဓဉ္စ သမာနတာ- အလှူပေးခြင်းနှင့်စစ်တိုက်ရခြင်းသည် အတူတူပဲဟု ဘုရားအစရှိသော သူတော်ကောင်းတို့ မိန့်ဆိုတော်မူကြသည်၊ မှန်၏။ လောကစစ်မြေပြင်၌ တိုက်ပွဲဝင်နေကြသော သူရဲကောင်းတို့သည် တစ်ဖက်နှင့်တစ်ဖက် သူနိုင်ငါနိုင် အပြိုင်အဆိုင် တိုက်ပွဲဝင်ကြရသည်။ တစ်ခါတစ်ရံ ကိုယ့်ဘက်ကနိုင်တာရှိသလို၊တစ်ခါတစ်ရံ ရှုံးနိမ့်ကြရသည်။ ထိုနည်းမခြား အလားတူပင် အလှူပေးခြင်းဟူသည် ခန္ဓာစစ်မြေပြင်၌ လှူဒါန်းလိုသော ဒါနစေတနာနှင့် မပေးရက်လို့ သဝန်တိုသော မစ္ဆရိယစေတသိက်တို့ အပြိုင်အဆိုင်တိုက်ပွဲဝင်နေကြခြင်းဖြစ်သည်။ ဒါနစေတနာက အားကောင်းသောအခါယှဉ်ဖော်ယှဉ်ဖက်စိတ်စေတသိက်တို့ပါအားကောင်းပြီး အလှူပေးခြင်းကိစ္စအောင်မြင်သွားပေသည်။ ထိုအခါ မစ္ဆရိယစေတသိက်ဦးစီးသော (သမ္ပယုတ်)တရားများ ခန္ဓာစစ်မြေပြင်၌ မရှုမလှကျဆုံးကြရတော့သည်။ သံသရာနောင်ရေးမျှော်တွေးပြီး ဒါနစေတနာဦးစီးနိုင်မှ၊ အားကောင်းမှသာ အလှူပေးခြင်းကိစ္စ၊ အလှူပွဲကြီး အောင်မြင်အထမြောက်ပေလိမ့်မည်။

(ဆက်လက်ဖော်ပြပါမည်။)

---

စာမျက်နှာ ၂၉ မှ

တည်ကြည်ခြင်း။

(၂) သမ္မာသင်္ကပ္ပတည်းဟူသော မှန်ကန်သော အကြံအစည်။

(၃) သမ္မာဝါယမတည်းဟူသော မှန်ကန်သော အားထုတ်ခြင်း။

(၄) သမ္မာသတိတည်းဟူသော မှန်ကန်သော အောင့်မေ့အမှတ်ရခြင်း။

(၅) သမ္မာသမာဓိတည်းဟူသော မှန်ကန်သော တည်ကြည်ခြင်း။

စသော လောကီမဂ္ဂင် (၅) ပါး အလုပ်မဂ္ဂင်လမ်းစဉ်၏ လမ်းညွှန်မှုကိုခံယူပြီး တရားအလုပ်ကို အားထုတ်ကြိုးပမ်းရမည်ဖြစ်ပါသည်။

မြတ်စွာဘုရားက ယောဂီသူတော်စင်တို့အား ကိုယ်-နှုတ်-စိတ် တည်းဟူသော "ကံ" များ လုပ်ဆောင်ရာတွင် ကိလေသာနည်းပါးအောင်၊ အကျင့်သီလနှင့်ပြည့်စုံပြီး ငြိမ်းအေးသူဖြစ်အောင် ပိဋကတ်တော်လာ သုတ္တနိပါတ် "ပုရာဘေဒသုတ်" တော်တွင် မိန့်ကြားညွှန်ပြထားသည်မှာ-

"အကြင်ယောဂီသည် ကိုယ်ခန္ဓာမပျက်စီးမီ၊ တပ်မက်ခြင်းကင်း၏။ အတိတ်ကို မစွဲမှီဘဲ ပစ္စုပ္ပန်၌လည်း ရေတွက်အပ်သူမဟုတ်။ အနာဂတ်ကာလသို့လည်း ရှေ့ရှုခြင်းမပြုသူ"

"အကြင်ယောဂီသည် အမျက်ဒေါသကင်း၍ ထိတ်လန့်ခြင်းမရှိသူ၊ ကြွားဝါခြင်း၊ ပူပင်ခြင်းမရှိသူ၊ ဉာဏ်ဖြင့်ချင့်ချိန်၍ ပြောဆိုတတ်သူ၊ စိတ်ပျံ့လွင့်ခြင်းမရှိဘဲ နှုတ်စောင့်စည်းသူ"

"အကြင်ယောဂီသည် အနာဂတ်ကို တွယ်တာခြင်းမရှိ၊ အတိတ်ကိုပြန်၍လည်း မစိုးရိမ်၊ တွေ့ထိမှု၌လည်း နှစ်သက်ခြင်းမရှိ၊ မှားသောအယူလည်း မရှိသူ"

"အကြင်ယောဂီသည် ရာဂဒေါသကင်း၍ မျှော်လင့်တောင့်တခြင်း ဝန်တိုခြင်းကင်းသူ၊ ကုန်းချောစကား ပြောဆိုခြင်းမရှိသူ၊ သာယာနှစ်သက်ဖွယ် အာရုံတို့၌လည်း သာယာနှစ်သက်ခြင်းမရှိသူ၊ ထောင်လွှားခြင်းမရှိ နူးညံ့သိမ်မွေ့သူ၊ တရားကို ကိုယ်တိုင်အားထုတ်ပြီး ကိုယ်တိုင်သိမြင်သူ၊ တပ်မက်စွဲလန်းခြင်းကင်းသူ၊ လျစ်လျူခြင်း ဆင်ခြင်အောင့်မေ့ခြင်းနှင့် ပြည့်စုံသူ၊ တရားကို သိမြင်ပြီးဖြစ်၍ တဏှာဒိဋ္ဌိဟူသော မှီရာတို့မှကင်း၏။ ဘဝသစ်ဖြစ်ရန်အတွက်ဖြစ်စေ၊ ဘဝပြတ်စဲရန်အတွက် ဖြစ်စေ တပ်မက်မှုမရှိသူ" ဟူ၍ မြတ်စွာဘုရား ဟောကြားညွှန်ပြထားသည်ကို "ဉာဏ်နဲ့ကြည့်၍ "သတိ" နှင့် ဆင်ခြင်ရန်လို အပ်ပါသည်။

ထို့ကြောင့် ယောဂီသူတော်စင်တို့သည် "ခန္ဓာအရှိကို ဉာဏ်ဖြင့်ကြည့်၍ သတိဖြင့် ဆင်ခြင်သုံးသပ်ပြီးလျှင် လျစ်လျူခြင်းမရှိ ဆင်ခြင်အောင့်မေ့ခြင်းနှင့် ပြည့်စုံသူ၊ တရားကိုသိမြင်ပြီးဖြစ်သူ၊ တဏှာလောဘတို့၏ မှီရာကင်းသူ၊ ဘဝသစ်ဖြစ်ရန်အတွက် ဖြစ်စေ၊ ဘဝပြတ်စဲရန်အတွက်ဖြစ်စေ၊ တပ်မက်ခြင်းမရှိသူဖြစ်အောင် ကြိုးစားကျင့်ကြံအားထုတ်သင့်ပါသည်။ ထို့အပြင် မိမိတို့၏ "ကိုယ်-နှုတ်- စိတ်" ပြုလုပ်မှု၊ လုပ်ဆောင်မှုများ (တနည်း) "ကံ" များ လုပ်ဆောင်ရာတွင် "သတိ" သမ္ပဇဉ်ဉာဏ်ဖြင့်ယှဉ်ပြီး "ကိလေသာ" တည်းဟူသော "လောဘ-ဒေါသမောဟ စသည်များ" နည်းပါးအောင် မိမိကိုယ်ကို ကောင်းအောင်ကြိုးစားသူများဖြစ်ကြပါစေ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်း အောင် "ခန္ဓာအရှိကို ဉာဏ်နဲ့ကြည့်ပြီး "သတိ" ဆောင်၍ အောင်မြင်သူများဖြစ်ကြစေရန် ရေးသားလိုက်ရပါသည်။

"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"

မှီငြမ်းပြု
ပိဋကတ်တော်လာ၊ သုတ္တနိပါတ်
"ပုရာဘေဒသုတ်"

ကေတုမတီမြဟသ်ာ

---

## အတုခေတ်ဝယ် တဝဲလည်

ဆုတ်ကပ်ကမ္ဘာ ဤလူ့ရွာဝယ်
ခုခါကာလ တွေ့နေရ၏
သီလ၊ သမာ မြတ်ပညာနှင့်
သစ္စာရှိလှ ရိုးသားကြလည်း
ခနဉစ္စာ ဂုဏ်ရှိန်ဝါတို့
ကိုယ်မှာကင်းပ မရှိကြမူ
အိမ်ကမယား သမီးသားနှင့်
လူသားအများ မလေးစားကြ
လွဲမှားမှုတွေ ဖြစ်လို့နေပြီ
လူတွေလောက သဘာဝလား။

သီလကိုပယ် ခနတွယ်ကြ
ပစ်ပယ်အနှစ် အကာချစ်ကြ
အစစ်အမှန် လက်မခံကြ
ကြံဖန်အတု လိမ်ညာမှုတွေ
ယခုကမ္ဘာ ပေါလို့လာပြီ
သချာတွက်စစ် အတုခေတ်ဝယ်
နွံနစ်ဦးမှာ သံသရာထဲ
ရှည်ကြာနေမြဲ တဝဲဝဲလည်. . . . .
'ဟန်ဆောင်အတု၊ လိမ်ညာမှုနှင့်
ယခုချိန်ခါ ကောင်းစားပါလည်း
နောင်မှာမလွဲ၊ ကျငရဲတည့်. . '

မိုးသောက်ကြယ်(ဖားကန့်)



# ဘုရားထိုထို ညောင်ကုက္ကို လူပျိုဘုရား မရှိဖြားဆိုထား၍ မိန်းမယူရသည်

**ခင်သူဇာမြင့်**

ဖြူးမြို့ ဒက္ခိဏာရုံစာသင်တိုက်မှ ပထမကြီးတန်းအောင်ပြီးနောက် ဓမ္မာစရိယတန်း ဆက်မတက်ဘဲ ခင်တန်းကြီးရွာ၌ ကျောင်းစောင့်အဖြစ်ကျောင်းသွားထိုင်သော ဦးတေဇိန္ဒသည် သပြေတန်းသူ မခင်သန်းနှင့် ဆရာဒကာရင်းနှီးရာမှ သဒ္ဓါလွန်ပြီး တဏှာကျွန်ဖြစ်လာခဲ့သည်။

သို့အတွက် ဦးတေဇိန္ဒသည် မိမိဆရာရင်းဖြစ်သော ဒက္ခိဏာရုံဆရာတော်ထံ ပြန်လာပြီး ခင်တန်းကျောင်းသို့ မထိုင်လို၊ မစောင့်ရှောက်လိုတော့သောကြောင့် မန္တလေးတက်ပြီး ဓမ္မာစရိယတန်းကို ဆက်လက်သင်လိုကြောင်း ပရိယာယ်ဖြင့် လျှောက်ထားပြီး မန္တလေးသို့သွားရောက်ကာ မန္တလေးအရောက်တွင် မခင်သန်းနှင့် ချိန်းပြီး လူထွက်ကာ အိမ်ထောင်ပြုလေသည်။

အိမ်ထောင်ပြုပြီး၍ (၆)လကြာသောအခါ ဖြူးမြို့သို့ ခဏပြန်လာရင်း ဆရာတော်ကို ဝင်ရောက်ကန်တော့ကြသည်။ ဆရာတော်က မန္တလေးတက် ဓမ္မာစရိယတန်းဆက်ဖြေမယ့် မောင်တေဇိန္ဒ ယခုတော့ လူထွက်ဒကာမဖက်နေတော့သကိုးကွဲ့ဟု မိန့်ကြားပြီး ဘယ်လိုကနေ ဘယ်လိုစိတ်ကူးပေါက်ပြီး ဒကာမနှင့် ညားသွားရတာတုံးဟု ဆက်လက်မေးရာ ကိုတေဇိန္ဒတစ်ဖြစ်လဲ ကိုကြည်လင်က

'မှန်လှပါ ကာမဂုဏ်ဝဋ်အတွင်း ဇွတ်အတင်းလွတ်အောင် ရုန်းမယ်လို့ပြော-ပြောနေကြတော့ ဒီကာမဂုဏ်ဟာ ဒီလောက်ပြင်းထန်သလား ငါ့ကိုယ်တိုင် ဒီကာမဂုဏ်ကိုသိအောင် လက်တွေ့ခံစားပြီး သိပြီးမှ လက်တွေ့လွတ်အောင်လုပ်ပြမယ်ဆိုပြီး နံပါတ်တစ် အနေနှင့် ကာမဂုဏ်အတွင်း ဝင်ကြည့်ချင်လို့ ယခုမခင်သန်းနှင့် အိမ်ထောင်ပြုလိုက်တာပါဘုရား၊ နံပါတ်နှစ် ကာမဂုဏ်ဝဋ်အတွင်းကလွတ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားနေပါတယ်ဘုရား' ဟုလျှောက်ထားရာ ဆရာတော်က

'အင်း အင်း. . . တော်တော်အတွေးအခေါ်ကောင်းတဲ့ ငါ့တပည့်ကိုးကွဲ့' ဟု ရယ်ပြုံးပြောပြီး မင်းဟာက ဘုရားထိုထို ညောင်ကုက္ကိုလူပျိုဘုရား မရှိဖြားဆိုလို့ ဘုရားဆုပန် တပည့်တော်၊ ဘုရားဆုပန်ဖို့အတွက် ဒကာမ မသန်းမြကို ပါရမီဖြည့်ဖက်အဖြစ် ယူလိုက်ရပါတယ်ဘုရားလို့ ပြောတဲ့ သင်ပတ်ရွာက မောင်စိန်ခိုပြောသလို ဖြစ်နေသကိုးကွဲ့ဟု မိန့်ကြားသည်။

'သင်ပတ်ရွာက ဦးစိန်ခိုအကြောင်း အကျယ်ကလေး သိပါရစေဘုရား'

'အေး သင်ပတ်ရွာမှာ မောင်စိန်ခိုဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ သူက ငယ်ငယ်ကလေးထဲက ဘာသာတရားကို ကိုင်းရှိုင်းပြီးလေးစားလိုက်နာကျင့်ကြံအားထုတ်သတဲ့။ သူ့ကိုလဲ တစ်ရွာလုံးက သူတော်ကောင်းလို့ သတ်မှတ်ထားပြီး ချစ်ခင်မြတ်နိုးသတဲ့၊ သူကလဲ ဘုန်းကြီးကျောင်းမှာ သဒ္ဒါ၊ သင်္ဂြိုဟ်ကုန်အောင် သင်ဖူးတော့ ဟောရေးပြောရေးကလဲ ရသင့်သလောက်ရသတဲ့။

သူ့ကိုရပ်ရွာ၊ လူငယ်၊ လူလတ်၊ လူကြီးတွေက တစ်ဘက်ကလဲ ဖခင်မရှိ၊ မိခင်ကြီးကို ပြုစုလုပ်ကျွေး၊ တစ်ဘက်ကလဲ တရားဓမ္မလေ့ကျင့်နေလေတော့ သူတော်ကောင်းဘုရားလောင်းလေးလို့ သတ်မှတ်ထားကြသတဲ့။

တစ်နေ့တော့ အဲဒီသူတော်ကောင်းဘုရားလောင်းလေးက ဆယ်အိမ်မှူးသမီးလေး မသန်းမြကို ခိုးပြေးတော့ တစ်ရွာလုံး အံ့အားသင့်ကုန်ကြသတဲ့။

နောက်နှစ်ဘက်မိဘ ညှိနှိုင်းတိုင်ပင်ပြီး ပြန်အပ် ပြန်လက်ခံ မင်္ဂလာဆောင်ပေးကြသတဲ့ အဲဒီအခါမှာ ရပ်ရွာလူကြီးဖြစ်တဲ့ သူကြီးဦးချိုက

'နေစမ်းပါဦး မောင်စိန်ခို မင်းကိုတစ်ရွာလုံးကဘုရားလောင်း သူတော်ကောင်းလေးဆိုပြီး ကြည်ညိုလေးစားပြီး မိန်းမမယူတော့ဘဲ မိခင်အိုကြီးကို လုပ်ကျွေးပြီး မိခင်မရှိရင် ရဟန်းဝတ်တော့မှာပဲလို့ ထင်ထားကြတာ ယခုတော့ ဘယ်လို ကနေဘယ်လို သန်းမြနှင့် ခိုးသွားရတာလဲ' လို့မေးသတဲ့။


'အဘချို ကျွန်တော်က ပထမတော့ သတ္တဝါတွေကို ကယ်တင်ဖို့ အိမ်ထောင်မပြု ဘုရားဆုပန်ပြီး ဘုရားလောင်းကျင့်ဖို့နေတာပါပဲ၊ ပြီးခဲ့တဲ့ ဝါတွင်းတရားပွဲမှာ ရွာဦးကျောင်းဆရာတော်ရဲ့ တရားပွဲမှာ ဘုရားထိုထို ညောင်ကုက္ကို လူပျိုဘုရား မရှိဖြားလို့ဟောကြားလေတော့ ဘုရားမှန်သမျှ မိန်းမယူရမယ်၊ မိန်းမရပြီးမှ တောထွက်ရမယ်၊ ဒါဓမ္မတာပဲ၊ ဂေါတမဘုရားလည်း ယသော်ဓရာရပြီး သားရာဟုလာမွေးပြီးမှ တောထွက် ဒုက္ကရစရိယကျင့်ပြီး ဘုရားဖြစ်တယ်၊ ဘဝသံသရာခရီးတစ်လျှောက် ပါရမီဖြည့်ဖက် သုမိတ္တာကိုရှာခဲ့တယ်။ သုမိတ္တာဟာ ဘုရားရဲ့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်စဉ် ပါရမီဖြည့်ဖက် အနေနှင့် လိုက်ပါလာခဲ့တယ်။ ငါလဲဘဲ ဘုရားဆုပန်ရင် ငါပါရမီဖြည့်ဖက် သုမိတ္တာလို အမျိုးသမီးတစ်ယောက် ရှာယူသင့်တယ်၊ အိမ်ထောင်ဘက်ပါရမီဖြည့်ဖက် မိန်းမရှိမှ ဘုရားဆုပန်ရပြီး ဘုရားဖြစ်ရမယ်လို့ တွေးပြီး ပါရမီဖြည့်ဖက် မသန်းမြကို ချစ်ခင်မြတ်နိုးအောင် ပိုးပန်းယူပြီး ပါရမီဖြည့်ဖက်အဖြစ် ရွေးချယ်ကာ အိမ်ထောင်ပြုလိုက်ရတာပါဘုရား'လို့ လျှောက်ထားသတဲ့။ ယခုလဲ မောင်တေဇိန္ဒက ဘုရားဆုပန် ပါရမီဖြည့်ဖက်ရှာတာတော့ မဟုတ်ပါဘူး၊ ကာမဂုဏ်အစွမ်း နက်ဝန်းပုံကို လေ့လာချင်လို့ မခင်သန်းကိုယူတယ်လို့ ဆိုရမှာပေါ့ကွယ် မဟုတ်ဘူးလား' ဟု မိန့်ကြားရာ အနားရှိ ကိုရင်ကျောင်းသားနှင့် ကိုကြည်လင်၊ မခင်သန်းတို့ လင်မယားတို့မှာ သဘောကျပြီး တသောသော ရယ်မောကြလေတော့သည်။

ခင်သူဇာမြင့်

၁၃၁၅ ခုနှစ်၊ ရန်ကုန်မြို့၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(**Y.M.B.A**)အသင်းကြီးမှ ကြီးမှူးကျင်းပသော

ဗုဒ္ဓဘာသာသင်ခန်းစာဖွင့်ပွဲကြီးအတွက် မြို့မ အမျိုးသမီးကျောင်းတွင်

# ဆရာတော် "အရှင်ဇနကာဘိဝံသ" ဟောကြား ဆုံးမသြဝါဒပေးတော်မူသော တရားတော်



(ယခင်အပတ်မှအဆက်)

## သတ္တိဟူသည် အရှိန်

တယ်စဉ်းစားစရာကောင်းတယ်။ စေတနာဆိုတဲ့ ကံဟာချုပ်တယ်၊ တစ်ခြားနာမ်တရားတွေချုပ်သလို သူလည်းချုပ်တာပါပဲ။ ဒီပြင်စိတ်ချုပ်သွားသလို၊ သူလည်းချုပ်လိုက်တာပဲ။ ချုပ်လိုက်ပေမယ့်လို့၊ သတ္တိကျန်နေသေးတယ်။ ပြီးပြီးပျောက်ပျောက် တစ်ခါတည်း ပျောက်သွားတာမဟုတ်ဘူး။ သတ္တိကျန်နေသေးတယ်။

သတ္တိက အကောင်အထည် မဟုတ်ဘူးနော်။ သတ္တိက သတ္တိပဲ၊ သတ္တိဟာ အရာဝတ္ထုတစ်ခုမဟုတ်ဘူး။ အဲဒီတော့ အမျိုးမျိုး ဒီတရားတော်တွေကို အခြေခံပြီး စဉ်းစားရတယ်။ လူကြီးတွေ ကွယ်လွန်သွားတော့ တစ်ချို့လူကြီးတွေက ကွယ်လွန်သာသွားပါတယ်။ သားသမီးတွေကို ဘာမှအမွေအနှစ်မထားနိုင်ခဲ့ဘူး။ အမွေအနှစ်တင်မဟုတ်ဘူး။ အရှိန်အဝါလည်း ပေးမထားခဲ့နိုင်ဘူး။ ဘာဖြစ်လို့လဲ? ညံ့လို့ ညံ့လို့။

တစ်ချို့လူကြီးတွေက ကွယ်လွန်သွားတယ်၊ ဆိုပါတော့။ အမွေကိုတော့ ထားပါတော့၊ အမွေဆိုတာ အကောင်အထည်ထင်ရှားလို့။ ဥပမာထဲက ဖယ်လိုက်ပါ။ အရှိန်အဝါပေးထားခဲ့တယ်။ သူကအခု၊ သားကလည်း မညံ့ဘူးဟေ့။ သူတို့က သူ့အဖေက ဘယ်လောက်ဘယ်လို အဆင့်အတန်းကဘဲ၊ မညံ့ဘူးဟေ့၊ သူ့သားကလည်း၊ သူတို့က မျိုးနဲ့ ရိုးနဲ့လာတာ၊ ဟော. . . အရှိန်ပါလာတယ်။ ဘာပေးတုန်း။ အရှိန်ဟာ အဲ့ဒီလူရဲ့ အရှိန်ဟာ အမွေအနှစ်လို မဟုတ်သေးဘူး။ အရှိန်ဆိုတာ အရှိန်ပဲ။ သတ္တိဆိုတာ သတ္တိပဲ။ ဟော သူ့အဖေ အရှိန်နဲ့လေ။ ရောင်းလို့, ဝယ်လို့, ပေါင်းလို့သင်းလို့, ဆက်ဆံလို့။ ဒီအရှိန်အတွက်, အရှိန်အတွက်၊ အရှိန်ဆိုတာ ပြောစမ်းပါ။ အရှိန်ဆိုတာ ဘယ်လို အကောင်အထည် ပုံစံမျိုးမှမရှိပါဘူး။ အရှိန်ဆိုတာ မရှိဘူးလား၊ ရှိတယ်။ အားလုံးနားလည်တယ်။ အခုဟာက အဖေ့အရှိန်နဲ့ပဲ၊ အလုပ်လုပ်နေရတာ။ အရင်းအနှီးတော့ မရှိပါဘူး။ အဖေ့အရှိန်နဲ့ အလုပ်လုပ်နေတာ ဖြစ်ပါတယ်။

အဲဒီအဖေဟာ ဘယ့်နှယ့်အဖေလည်းဆိုတော့၊ ခုနကလို သူလူ့လောကမှာနေတဲ့အခါမှာ တုန်းကိုက သူက သူများလို ပေါ့ပေါ့ဆဆသမားမဟုတ်ဘူး။ ဟိုကိစ္စမှာလည်း သူကကူလိုက် ညီလိုက်၊ အပေါင်းအသင်းမှာလည်း သူကတော်လိုက်၊ အရောင်းအဝယ်မှာလည်း သူကတော်လိုက်ဆိုတော့၊ သူ့မှာလူရော ပစ္စည်းတွေရော ပျောက်သွားတာတောင်မှ အရှိန်ကျန်နေခဲ့ပြီးတော့ သားသမီးအပေါ်မှာ ပေးနိုင်ခဲ့တယ်။ ဒီတော့ကာ ဘုန်းကြီးတို့ရဲ့ ကံတရားဟာ ဒီပြင်စေတနာတွေလို ချုပ်ပေမယ့်လို့ သတ္တိတော့ကျန်ရစ်တယ်။ အရှိန်ကျန်နေခဲ့တယ်။ အဲ့ဒီသတ္တိ၊ အဲ့ဒီသတ္တိကို တရားတော်က ဘာခေါ်သလဲဆိုတော့ ကမ္မပစ္စည်းလို့ခေါ်တယ်။ သိပ်ကို ဘုန်းကြီးက သဘောကျနေတယ်လေ။ ပရိသတ်က ဘုန်းကြီးနားလည်တာရဲ့ နီးနီးပေ့ါ၊ နားလည်စေချင်တယ်။ အဲဒီကမ္မည်းပစ္စည်းပဲ၊ (၂၄) ပစ္စည်းပဋ္ဌာန်းဆိုတာ ဘုရားတရားတော်ထဲမှာ အချုပ်ဖြစ်သွားပြီနော်။ အဲ့ဒီပဋ္ဌာန်းတော်ထဲမှာ ကမ္မပစ္စည်း၊ ကမ္မသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ဆိုတဲ့ ဥစ္စာဟာ အဲ့ဒီအရှိန်သတ္တိက ကျေးဇူးပြုတာပါဘဲ။

### သတ္တိထက်လေ၊ အကျိုးပေးသန်လေ

အဲ့ဒီအရှိန်သတ္တိဟာ စေတနာတိုင်းမှာရှိသလားဆိုတော့ အခုနက ဘုန်းကြီးပြောပြီးပြီ မဟုတ်လား။ တစ်ချို့ မိဘတွေဆုံးသွားတော့ ဘာမှ မကျန်ရစ်ဘူး၊ အမွေကိုပြောတာမဟုတ်ဘူး။ အရှိန်သတ္တိ မကျန်ရစ်ဘူး။ အချို့အဖေတွေ အမေတွေ ဆုံးသွားတော့ အရှိန်သတ္တိကလေးတွေအပေါ်မှာလေ၊ တကတည်း ကြီးကျယ်လိုက်တာ သူတို့ အရှိန်က ဘယ်လောက်ကွာသွားလဲ၊ စေတနာတွေ တစ်ချို့ စေတနာတွေ အိပ်ပျော်တဲ့အခါမှာဖြစ်ဖြစ်ဖြစ်တဲ့ ပေ့ါပေ့ါဆဆစေတနာတွေချုပ်သွားတယ်။ ဘာသတ္တိမှ ကောင်းကောင်းမကျန်ရစ်ဘူး။ တစ်ချို့က ကောင်းကောင်းမဟုတ်ဘူး။ ဆိုးဆိုးလည်း မကျန်ရစ်ဘူး၊ ဘာမှမကျန်ရစ်ဘူး၊ တစ်ချို့စေတနာတွေဟာ အင်မတန်ညံ့တယ်။

တစ်ချို့စေတနာတွေကတော့ ထက်ထက်သန်သန်နဲ့ ရှိလိုက်တာလေ။ သတ္တိကို ကောင်းကောင်းချည်း ကျန်ရစ်တယ်။ မဂ္ဂစေတနာတွေများကြတော့ အခုမဂ်ထက်ပြီးတော့ ပိုပြီးတော့ အကျိုးပေးတယ်။ သတ္တိကောင်းလွန်းလို့။ အခု မဂ်စိတ်ဝင်နေလို့ရှိရင် မဂ်ဇော၊ မဂ်စေတနာဆိုရင် အခုဆက်ပြီးတော့ ဘာမှမလာနဲ့ ပိုပြီးအကျိုးပေးတယ်။ ဘာလို့တုန်း သတ္တိက သိပ်ကောင်းတာ။

အဲဒါကြောင့်၊ **သန္တာနေ-** သတ္တဝါတို့ သန္တာန်၌၊ **ဇတံကမ္မံနာမ-** ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးဖန် ကံဟုခေါ်ရိုး စေတနာမျိုးသည်၊ **နိရုဇ္ဈမာနံ-** ကံအားလျော်စွာ ချုပ်ပျောက်၍ သွားရသည်ရှိသော်, ရုပ်၊ နာမ်ထုံးစံ အားလျော်စွာချုပ်ပျောက်၍ သွားရသည်ရှိသော်၊ **သဗ္ဗသော-** ကြွင်းမဲ့ဥသုံ အရှိန်အဟုန် လုံးစုံချက်ချင်း မချန်ချွင်းဘဲ၊ **နနိရုဇ္ဈတိ-** ပြီးပြီးပျောက်ပျောက်အနေရောက်အောင် ချုပ်ပျောက်ပျက်စီး၍ အချည်းနှီးမဖြစ်ချေ။ **သမယမှိ-** အကြောင်းသင့်၍ အခွင့်သင့်ရာ အချိန်အခါ၌၊ **ဝိပစ္စိတုံ-** ဆိုင်ရာအကျိုးကို ပေးခြင်းငှာ၊ **သဝိသေသံ-** မိမိတွက်သာ မပျက်သာအောင် ထက်စွာကျစ်လစ် သတ္တိအနှစ်ကို၊ **နိဓေတွာပိ-** မကင်းအမှန်အရင်းခံဖို့ သွင်းနှံမြှုပ်ထားပြီး၍သာလျှင်၊ **နိရုဇ္ဈတိ-** ဥပါဒ်၊ ဌီ၊ ဘင် အစဉ်စေ့ရောက် ချုပ်ပျောက်ပျက်စီး ရလေသတည်းတဲ့။

### ကံအမျိုးမျိုး

တယ်ကောင်းတယ်။ ညွှန်းထားလိုက်တဲ့ တရားတော်ကလည်း တကယ်လေးနက်တဲ့ ပါဠိတော်ကို ကမ္မပစ္စည်း ပါဠိတော်ကို အခြေတည်ပြီးတော့။ စဉ်းစားတဲ့လူတွေ ဝေဖန်တဲ့သူတွေ ဝေဖန်ခံနိုင်အောင်လို့ ရှေးပညာရှိတွေ အထပ်ထပ်ဖွင့်ပြီးတော့ သွားခဲ့ကြတယ်။ ဒီတော့ ဒီအချိန်ထိ ကံကို နားလည်ပြီနော်။ အဲ့ဒီ ကံဆိုတဲ့ကံဟာ တော်တော်လေး မြတ်စွာဘုရားက ဝေဖန်တော်မူထားတာရှိ

ပါတယ်။ အင်္ဂုတ္တိုရ်မှာ တိကနိပါတ်မှာ။ သင်္ဂြိုဟ်လို့ သင်္ဂြိုဟ်သင်တဲ့ ဒုကာမျှားက၊ ဒုကာမမျှားက သင်္ဂြိုဟ်မှာလို့ဆိုနေတယ်။ မဟုတ်ဘူး၊ အင်္ဂုတ္တိုရ်က ယူရေးထားတာ။ ဘုန်းကြီး ကံ အမျိုးမျိုးထဲက နည်းနည်းကလေး အသုံးချရဖို့ ကံကိုပြောမယ်နော်။

**အကျိုးပေးရာ အချိန်လိုက်ကံ (၄)မျိုး**

**ဒိဋ္ဌဓမ္မဝေဒနိယကံ-** ဒီဘဝအကျိုးပေးတယ်။

ဒီဘဝအကျိုးပေးတဲ့ကံ၊ ဘယ်လိုကံမျိုးလဲ၊ သူကတဲ့ သိပ်မကျယ်အောင်ပေါ့လေ။ သူကပြောပြတယ်။ ကုသိုလ်နေရာမှာ ရဟန္တာတို့လို အနာဂါမ် ပုဂ္ဂိုလ်တို့လို ဒါနကုသိုလ်၊ ကိုယ့်စေတနာကလည်း ထက်သန်လွန်းလို့ ပစ္စည်းကလည်းဘဲ တရားသဖြင့်ရတဲ့ပစ္စည်းမို့လို့။ စိတ်ထက်ထက်သန်သန်နဲ့ ပြုလိုက်တယ်။ (၇) ရက် အတွင်းလောက် အကျိုးလာပေးတယ်။ အဲ့ဒီကို ဒိဋ္ဌဓမ္မဝေနိယကံလို့ ပြောတယ်။ တိုတိုကလေး ဝတ္ထုတစ်ပုဒ်ပြောမယ်။

တစ်ခါတုန်းက သူများလယ်ကို အငှားထွန်ရတဲ့ လယ်ထွန်သမားတစ်ယောက် မောင်ပုညတဲ့။ သူ မနက်စောစော လယ်ထွန်ဖို့ ထွက်လာတယ်။ အရှင်သာရိပုတ္တရာက ရဟန္တာသမာပတ်ကထပြီးတော့ ကနေ့ ဆွမ်းခံကြွမယ်လို့၊ လယ်တောအနီးအပါးမှာ ရောက်လာတယ်။ “ဟော. . ကိုယ်တော်မြတ် အစောကြီးပါလားဆိုပြီးတော့ မျက်နှာသစ်ရေ ကြည်ကြည်ကလေး ယူပြီးတော့ ကပ်လိုက်တယ်။ ရှင်သာရိပုတ္တရာက မျက်နှာသစ်လို့ ပလုပ်ပါကျင်းလို့ အဲဒီလိုနေပြီးတော့ အရှင်သာရိပုတ္တရာက အချိန်ကလေးစောင့်ပြီးတော့နေတယ်။ သူကလည်း လယ်ထွန်လျက်ပေါ့လေ။ အချိန်စောင့်တာက မောင်ပုညရဲ့ဇနီး၊ အစားအသောက် အပို့လာမယ် ဆိုပါတော့ ထမင်းပို့လာလိမ့်မယ်။

အဲ့ဒီဟာကို စောင့်ပြီးတော့ ဟိုကလာပြီလို့ဆိုတော့ အရှင်သာရိပုတ္တရာက ဆွမ်းခံကြွတယ်။ ဆွမ်းခံကြွတော့ အမျိုးသမီးက လယ်သူမက၊ အလိမ္မာဖြစ်နေတော့ “အို. . . ဟန်ကျလိုက်တာ” ဆိုပြီးတော့ ရှင်သာရိပုတ္တရာကို သူ့ယောကျ်ားဖို့ ယူလာတဲ့ ထမင်းကို လောင်းလှူလိုက်တယ်။ ရှင်သာရိပုတ္တရာကလည်း ဒီဟာကိုပဲမြင်လို့၊ အဲ့ဒီလို ချိန်ထားတာ။ လောင်းလှူပြီးတော့ ရှင်သာရိပုတ္တရာ ကြွသွားတယ်။ ဆွမ်းဘုဉ်းပေးမယ်ပေါ့။ နေရာရောက်တော့။

အခုန လယ်သူမ အမျိုးသမီးကလည်း ပြန်ပြီးထမင်း ကပျာကယာချက်ရှာတယ်။ ချက်တော့ နည်းနည်းနေမြင့်လို့ သွားပြီ။ နေမြင့်သွားတော့ အခုနယောကျ်ားကလည်း လယ်ထွန်လို့ အချိန်လေး နည်းနည်းကျော်တာနဲ့ ထွန်ရပ်ပြီးတော့ စောင့်မျှော်နေတယ်။ ထမင်းနည်းနည်းဆာပြီ၊ မလာဘူး၊ နည်းနည်းတော့ စိတ်ကလေးကွက်ချင်ကွက်မယ် ထင်ပါရဲ့၊ အမျိုးသမီးက ပျာယီးပျာယာနဲ့ မြန်မြန်ချက်ပြီးတော့ ပျာယီးပျာယာနဲ့ လာပြီးတော့၊ အမြော်အမြင်ရှိလိုက်တာ၊ ဘုန်းကြီးက ကြည်ညိုလွန်းလို့” ကိုပုညရေ ဒီနေ့တော့ စောစောက ကျူပ်ထမင်းပို့လာတာနော်၊ လမ်းမှာ အရှင်သာရိပုတ္တရာနဲ့တွေ့လို့၊ ကိုပုညဖို့ ထမင်းကို လောင်းလှူလိုက်ပြီးတော့မှ ပြန်ပြီးချက်နေရလို့ နည်းနည်းနေမြင့်တယ်နော်။ စိတ်များဆိုးမနေနဲ့။” ဒီဟာလေ- ဘုန်းကြီးက ဒီအမျိုးသမီးကို ကြည်ညိုလွန်းလို့ ဒီစကားသံလေး ကြည်ညိုလွန်းလို့၊ ဘယ်လောက် ဝမ်းသာသွားမလဲ။ “ဟာ ဟုတ်လား၊ ဒီနေ့လေ ငါက မျက်နှာသစ်ရေ ကပ်လိုက်တယ်။ အမလေး ငါ့ထမင်းကိုပဲလေ အရှင်မြတ်က ဘုဉ်းပေးတော်မူတယ်နော်၊ ဘုဉ်းပေးရတယ်နော်၊ ကောင်းလိုက်တာလေ” ဆိုပြီးတော့၊ ဝမ်းမြောက်ဝမ်းသာနဲ့ သူက ဒေါသတွေဘာတွေ ဘာမှမရှိဘူး။ ဝမ်းမြောက်ဝမ်းသာနဲ့ ထမင်းလေးဘာလေး စားပြီးတော့ နေတယ်။ အိပ်တာလည်း သူ့ဇနီးနားမှာပဲ အိပ်တယ်။ ဆိုပါတော့ နောက်အိပ်ရာက နိုးတော့ လယ်ထွန်တဲ့ ထွန်ခဲတွေဟာ အရောင်တောက်ပြီးတော့နေလို့၊ ဟိုထဲမှာ ဘာတွေ ပါလိမ့်လဲလို့ဆိုပြီး သူသွားကြည့်တော့ ရွှေတုံးတွေ ဖြစ်နေတယ်တဲ့ ထွန်ခဲတွေဟာ။ အဲ့ဒါ ခုခေတ်က တော့ မယုံဘူးပေါ့နော်။ ရွှေတုံးတွေ ဖြစ်နေတော့ ဒီရွှေတုံးတွေကို စုပေါင်းပြီးတော့ ရှင်ဘုရင့်ဆီဆက်တော့ ရှင်ဘုရင်က အိုဒီလောက်များတဲ့ ရွှေသူဌေး မရှိပါဘူးဆိုပြီး သူတို့ကို သူဌေးအရာမြောက်လိုက်တယ်။

မကောင်းတဲ့ဘက်က ဘုရားရှင်အလောင်းတော် “ခန္တိဝါဒီ” ရသေ့တုန်းက ကလာဗု မင်းက၊ တစ်ခါတလေ ဝတ္ထုအကြောင်းကရှည်မှာစိုးလို့ ချုံ့ချုံ့ပြောရတယ်။ ဝတ္ထုအကြောင်းက သိပ်ကောင်းတယ်။ “ကလာဗု” မင်းက ဥယျာဉ်ထဲမှာ မောင်းမမိဿံ အခြွေအရံတွေနဲ့ ပျော်ပျော်ပါးပါး သောက်စားပြီးတော့နေတယ်။ ဘုန်းကြီးတို့ ဘုရားရှင်အလောင်းတော်က ‘ရသေ့’ ဖြစ်ပြီးတော့ ဥယျာဉ်ထဲမှာပဲ နေတယ်။ ခဏခဏ၊ နောက်တော့ ရှင်ဘုရင်က သောက်စားမူးယစ်ပြီးတော့ မောင်းမငယ်တစ်ယောက်ရဲ့ ပေါင်ပေါ်မှာ ခေါင်းအုံးပြီး မိန်းနေတယ်၊ ရှင်ဘုရင်လည်း အိပ်ပျော်ရော ဒီပြင် မောင်းမတွေက ထသွားပြီး ဥယျာဉ်ထဲ ဟိုကြည့်ဒီကြည့်ကြည့်တော့ ‘ရသေ့’ မြင်တာနဲ့ ရသေ့နားသွား ဦးချပြီးတော့၊ “ရသေ့” က ဟောတဲ့ တရားတွေ နာနေကြတယ်။ ဒီက မောင်းမငယ်က မခံချင်ဘူး၊ သူ့မှာတော့ ဒီလိုနေရတယ်၊ သူတို့ကတော့ ဟိုမှာ လွတ်လွတ်လပ်လပ်နဲ့ ဆိုပြီးတော့ နည်းနည်းလှုပ်တော့ ဘုရင်က နိုးလာတယ်။

“ဟိုဟာတွေ ဘယ်သွားကုန်ကြလဲ” ဆိုတော့၊ သူက ကတုံးကတိုက်ပေါ့လေ၊ ဟောဟိုက ရသေ့နား ဘာရယ်ညာရယ်နဲ့လို့ သူကပြောတော့၊ ရှင်ဘုရင်က ရှူးရှူးရှားရှားနဲ့ ရသေ့နားသွားပြီး သင်က ဘာဝါဒရှိသလဲလို့မေးတော့၊ ငါကခန္တိဝါဒ ရှိတယ် ငါက သည်းခံတာပါပဲ။ သင်သည်းခံတာ ဘယ်မှာရှိလဲဆိုပြီး လက်ဖြတ်တယ်၊ နောက်ခြေဖြတ်။ ငါသည်းခံတာ ဒီခြေလက်မှာရှိတာ မဟုတ်ဘူး၊ ဟဒယနှလုံးသားမှာ ရှိတာ။ သူကလည်း မသေပါဘူး၊ မသေသေးပါဘူး၊ မသေသေးပါဘူး၊ နောက်ဖြတ်လို့ အားရတော့ တခါတည်း နင့်ခန္တီနဲ့ နင်နေရစ်ဆိုပြီး ရင်ဘတ်ခြေနဲ့ကန်ပြီး သူကသွားတယ်။ သွားလို့ တော်တော်လည်းရောက်ရော အလောင်းတော်ရဲ့ မျက်စိတစ်ဆုံးလည်းရောက်ရော မြေမျိုသွားတယ်။ ဒါ မကောင်းတဲ့ဘက်က ဒိဋ္ဌဓမ္မအကျိုးပေးတာ။ ဒီတော့ ဒါလေးတော်လိုက်ကြစို့။ ကံဆိုတဲ့ ဥစ္စာ ဒီဘဝလုပ် ဒီဘဝအကျိုးပေးတာ အင်မတန်မှ နည်းတယ်။

နောက်ကံတစ်မျိုးက **ဥပပဇ္ဇဝေဒနိယကံ။** ဒုတိယဘဝမှာ အကျိုးပေးတယ်။ ဆိုပါတော့။ ဘုန်းကြီးအကယ်၍ ဒီဘဝသေသွားလို့ ဒီနေ့ တရားဟောတဲ့ကံက အကျိုးပေးတယ်ဆိုရင် ဟိုဘဝမှာ ဥပပဇ္ဇဝေဒနိယ ကံပဲ။ အားလုံးတရားနာတဲ့ ကုသိုလ်စေတနာတွေဟာ ဟိုဘဝမှာ အကျိုးပေးမယ်ဆိုရင် ဥပပဇ္ဇဝေဒနိယကံ လို့ခေါ်တယ်။

တစ်ခါဟိုဘဝမှာ အကျိုးမပေးဘူး။ ပျောက်သွားသလား။ ပျောက်မသွားပါဘူး လိုက်တယ်။ အကျိုးမပေးရမချင်းလိုက်တယ်။ ဘယ်လောက်ထိအောင် လိုက်သတုန်းလို့ဆိုတော့။ နိဗ္ဗာန်မရမချင်း အကျိုးပေးဖို့ အခွင့်ကြုံတဲ့နေရာမှာ အကျိုးပေးဖို့ရလိုက်တယ်။ အဲ့ဒါကို **အပရာပရိယဝေဒနိယကံ** လို့ခေါ်တယ်။ (၃) မျိုးရှိပြီနော်။

လုံးလုံးကို ဘယ်နည်းနဲ့မှ အကျိုးမပေးတော့ဘူး။ ဒီဘဝမှာ အကျိုးပေးရမယ့်ကံကလည်း အကျိုးပေးခွင့်မရလို့ အလကားဖြစ်သွားတယ်။ ဒုတိယဘဝ အကျိုးပေးရမယ့်ကံကလည်း ဒီပြင်ကံတွေက အကျိုးပေးသွားလို့ သူမပေးလိုက်ရဘူး။ နောက်နောင် နိဗ္ဗာန်ရအောင် အကျိုးပေးဖို့ရန် ဆိုင်းငံ့နေတဲ့ကံတွေကလည်း သူက ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံသွားလို့ အကျိုးမပေးလိုက်ရတော့ဘူး။ အဲ့ဒီကံကို ဘာခေါ်သတုန်းဆိုတော့ **အဟောသိကံ။ အဟောသိကံ** ဆိုတာ၊ ပါဠိစကား။ နားလည်မှ လွယ်တယ်။ **အဟောသိကံ** ဆိုတော့ ကံကတော့ ဖြစ်ပြီးပြီ။ ကံရဲ့အကျိုးတော့ မဖြစ်တော့ဘူး။ အဲဒါမျိုးကို **အဟောသိကံ** လို့ခေါ်တယ်။ ဒါကြောင့် ဘုန်းကြီးတို့ ဗမာများကပေါ့လေ တစ်ခါတစ်ခါ ပြောကြတယ်။ နင် လုပ်တဲ့ဥစ္စာဟယ် အဟောသိကံ ဖြစ်လိုက်တာ နင်လုပ်မှုဖြင့် တစ်လွဲချည်းပဲ ဘာမှ အသုံးမကျဘူး။ အဟောသိကံချည်း ဖြစ်နေတာပဲ။ ဗမာတွေက တစ္စွန်းတစထပြီးသုံးနေတဲ့ ဥစ္စာဟာ ဒီ အဓိပ္ပာယ်ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

အရှင်ဇနကာဘိဝံသ

# ဓမ္မစာရေးဆရာကြီး မြတ်ဝေ (၇၇–နှစ်) သံဝေဂတရားဖြင့် ဝမ်းနည်းရခြင်း

ဓမ္မဝီရစာတည်းအဖွဲ့

ဓမ္မဝီရဂျာနယ်ပင်တိုင်ဆောင်းပါးရှင် ဓမ္မစာရေးဆရာကြီး ဦးမြတ်ဝေ(ရွှေပြည်သာ) ၇၇ နှစ်သည် ၂-၅-၂၀၀၉ ရက်နေ့က မမျှော်လင့်ဘဲ ရုတ်တရက်ကွယ်လွန်သွားသည့် သတင်းကို ကြားကြားချင်း အထူးတုန်လှုပ်ကြေကွဲဝမ်းနည်းမိကြရပါသည်။

ဆရာကြီး ဦးမြတ်ဝေသည် ယနေ့ခေတ်ကာလတွင် တိမ်မြုပ်ပျောက်ကွယ်လုမတတ်ရှိနေပြီဖြစ်သော ရှေးကာလတစ်ချိန်သောအခါက အလွန်တစ်ရာ အကျိုးတရှိထင်ရှားခဲ့သော ကန္နီဆရာတော်ဘုရားကြီး၏ နည်းဝိပဿနာကျင့်စဉ် ဓမ္မလမ်းကြောင်းကြီးကို နှိုက်နှိုက်ချွတ်ချွတ်ပြန်လည်ရှာဖွေ၍ ဤဓမ္မဝီရဂျာနယ်တွင် အပတ်စဉ်လပေါင်းမြောက်မြားစွာရေးသားတင်ပြခဲ့ရာမှ ဓမ္မစာပေလောက၌ ထင်ရှားသော ကလောင်ရှင်တစ်ဦးဖြစ်ခဲ့ပါသည်။

ဆရာကြီးဦးမြတ်ဝေသည် လွန်ခဲ့သော သုံးနှစ်တာနီးပါးကာလကစ၍ သိသင့်အပ်စွာ ဓမ္မသုတဆောင်းပါးများဖြင့် ဓမ္မဝီရဓမ္မမာမက တရားချစ်ခင်သူတော်စင်တို့အား အပတ်စဉ်မပျက် တစ်ဆက်တစ်စပ်တည်းရေးသား တင်ဆက်ပေးခဲ့သူ ကလောင်ရှင်ကြီးတစ်ဦးလည်းဖြစ်ပါသည်။

ဆရာကြီးဦးမြတ်ဝေ ကွယ်လွန်ခါနီး နောက်ဆုံးအချိန်တွင် ရတနာပုံ မန္တလေးမြို့တည်နန်းတည် နှစ် ၁၅၀ ပြည့်အထိမ်းအမှတ် အထူးဆောင်းပါးများဖြင့် မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် သာသနာပြုဘုရင်မင်းမြတ်ကြီးဖြစ်တော်မူသော မင်းတုန်းမင်းတရားကြီး၏ သာသနာပြုကုသိုလ်တော်သမိုင်းဖြစ်ရပ် အထုပ္ပာတ်များကို ပြန်လည်ထုတ်ဖော်ဆန်းသစ်ခြင်းဖြင့် မန္တလေးနှစ် ၁၅၀ ပြည့် အခမ်းအနားကြီး ဆင်ယင်ကျင်းပကြရေးအတွက် တပ်လှန့်နှိုးဆော်ရေးသားခဲ့ပါသည်။

တကယ်တော့ ဆရာကြီးဦးမြတ်ဝေသည် စာပေလောကမှ စာရေး ဆရာတစ်ဦးမဟုတ်ခဲ့ပါ။ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားတိုင်းမင်းကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွဲဖက်ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ခဲ့ပါသည်။ နိုင်ငံ့ တာဝန်ထမ်းဆောင်မှုလုပ်သက် ၄၂ နှစ် (လုပ်သက်ပြည့်) ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

ဆရာကြီးဦးမြတ်ဝေသည် စစ်ကိုင်းတိုင်း ကနီမြို့မှ ဦးရွှေထိုက်-ဒေါ်ပဲတို့၏ အကြီးဆုံးသား ကနီဇာတိဖြစ်ပါသည်။ အင်းစိန်မြို့ ဈေးကုန်း မာဃလမ်းနေ ဆရာမကြီး ဒေါ်သန်းနှစ်(အငြိမ်းစားမြို့နယ်ပညာရေးမှူး)၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဗိုလ်မှူးကြီး သန်းထိုက်(ငြိမ်း)-ဒေါ်ကြည်အေး၊ ဝင်ဒါမီယာနေ ဒေါက်တာပါမောက်(မျက်စိအထူးကု)-ဒေါ်ခင်ရီတို့၏ အစ်ကိုကြီးဖြစ်ပြီး၊ ရွှေပြည်သာမြို့၊ အမှတ်(၈)ရပ်ကွက်၊ သီရိပန်းခြံ၊ ကျန်စစ်သားလမ်းနေအိမ်တွင် ဇနီးသည် အငြိမ်းစားအထက်တန်းပြဆရာမကြီး-ဒေါ်လေးယဉ်၊ သမီး နှင့် သားမက်ဖြစ်သူ ဗိုလ်မှူးကိုကိုအောင်(ငြိမ်း)-ဒေါက်တာ သီသီစိုး(ဇီဝဆေးကုခန်း)တို့ ကျန်ရှိခဲ့ပါသည်။

ဆရာကြီးဦးမြတ်ဝေသည် အငြိမ်းစားဘဝဖြင့် လက်ရှိတာဝန်ထမ်း ဆောင်နေမှုများမှာ (က) လူမှုရေးလုပ်ငန်း-ရွှေပြည်သာမြို့နယ်၊ မေတ္တာရွှေပြည် နာရေးကူညီမှုအသင်းကို စတင်တည်ထောင်၍ ဥက္ကဋ္ဌအဖြစ် ထမ်းရွက် နေသည့်နည်းတူ၊ တစ်ဖက်မှလည်း (ခ)ဘာသာ သာသနာရေးလုပ်ငန်းအဖြစ် ရွှေပြည်သာပရိယတ္တိ စာသင်တိုက်ကြီး၌ ဦးဆောင်ပုဂ္ဂိုလ်တစ်ယောက်အဖြစ် သာသနာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး (ဂ) ဓမ္မစာပေလုပ်ငန်း အဖြစ် မြတ်ဝေ (ရွှေပြည်သာ) ကလောင်အမည်ဖြင့် ဘာသာသာသနာရေး ဓမ္မဆောင်းပါးများကို ရေးသားပြုစုလျက်ရှိပါသည်။

ဆရာကြီးဦးမြတ်ဝေသည် နောက်ဆုံးထွက်သက်အချိန်အထိ သာသနာတော်မြှင့်တင်ရေး ပဓာနလုပ်ဆောင်ချက်ကြီးအဖြစ် ယခုနှစ်တွင် နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းခံရသော ရွှေပြည်သာမြို့၊ ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဝိသိဋ္ဌဒွိပိဋကဓရ၊ ဒီဃနိကာယပါဠိပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစန္ဒန (ပိဋကတ်နှစ်ပုံခွဲဆောင်)၊ အစိုးရဓမ္မာစရိယ၊ ဝိနယဓရ၊ (ပိဋကတ်တစ်ပုံဆောင်) အရှင်ပညာဇောတ၊ အရှင်မြတ်တို့အား ဂုဏာဝိသိဋ္ဌပူဇာသဘင် ဆင်ယင်ပူဇော်ပွဲကို ထိုနေ့ (၂-၅-၂၀၀၉) နေ့က ဆင်ယင်ကျင်းပခဲ့ရာ ဆရာကြီးဦးမြတ်ဝေကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုလျက် ဓမ္မပူဇာဝန္ဒနာကထာများကို ဖတ်ကြားလျက် ပူဇော်ကျင်းပခဲ့ပါသည်။

ထိုနေ့ (၂-၅-၂၀၀၉) စနေနေ့ ည ၉ နာရီခွဲအချိန်ခန့်တွင် ဖော်ပြပါ ဂုဏာဝိသိဋ္ဌပူဇော်ပွဲမှ နေအိမ်သို့ပြန်လည်ရောက်ရှိလာပြီး ထိုနေ့က ကျင်းပခဲ့သော ပူဇော်ပွဲကြီးသည်ကား သိုက်မြိုက်သဖြင့် များစွာဝမ်းမြောက်အားရခဲ့ကြောင်းဖြင့် ဇနီးသည်အားပြောပြရင်း မိနစ်ပိုင်းအတွင်းပင် 'အသက်ရှင်ခြင်းသည် မမြဲ၊ သေဆုံးခြင်းသည်သာ မြဲ၏၊ Life is uncertain. Death is certain" ဆိုသည့်အနိစ္စဓမ္မ သဘောအတိုင်း ရုတ်တရက် မျှော်လင့်မထားကြသော သင်္ခါရဓမ္မသဇီဝသဘောမှ နိဇီဝသဘောသို့ ပြောင်းလျောကြွေကျခဲ့ ရရှာပြီဖြစ်ပါသည်။

**"သံဝေဂကထာ ဒွေးချိုးကဗျာ"**

*    တစ်နေကွယ်
     သေနယ်သို့ တစ်ခါကူး။   ။
*    မေ့လျော့ကာ
     သေဘူးထင်ပါနဲ့
     နေကွယ်တာ အချိန်များရင်ဖြင့်
     သေနယ်ရွာ တစ်ကြိမ်သွားပါလိမ့်
     တားမရဘူး. . . .။   ။

ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီး

ဆရာကြီး ဦးမြတ်ဝေ၏ ကျန်ရစ်သူမိသားစုတို့နှင့် နည်းတူထပ်တူထပ်မျှ သံဝေဂတရားဖြင့် ဝမ်းနည်းကြေကွဲခြင်းဖြစ်ရပါသည်။

ဆရာကြီး ဦးမြတ်ဝေ ကွယ်လွန်ခါနီး တစ်ရက်အလို ရေးသားပြီး ဓမ္မဝီရသို့ ပို့ခဲ့သော နောက်ဆုံးဆောင်းပါးနှစ်စောင်ကို ဆရာကြီးအတွက် အမှတ်တရအဖြစ် ဖော်ပြလိုက်ရပါသည်။


**ဓမ္မဝီရစာတည်းအဖွဲ့**

---

**စာမျက်နှာ ၂၅ မှ**

ကြိုရိယာပုတ်မပြောင်းဘဲ ထိုင်နိုင်ခဲ့ပါတယ်။ ဗုဒ္ဓရဲ့ ညွှန်ပြတော်မူတဲ့ ရုပ်နာမ်ရဲ့ ပရမတ်သဘောလက္ခဏာအမူအယာနဲ့ ခတ်သရုပ်တွေကို မိမိရဲ့ခန္ဓာမှာ အချိန်ကာလကြာရှည်စွာ ရှုမှတ်သိမြင်လာတာနဲ့အမျှ ရုပ်တရားရဲ့ ဖွဲ့စည်း တည်ဆောက်ထားတဲ့ ရူပက္ခန္ဓာခေါ် ကိုယ်ကောင်ကြီးကို အနုစိတ်မြင်တွေ့လာပါတယ်။ ဒီနေရာမှာ မိမိမြင်တွေ့ရတဲ့ နူးညံ့သိမ်မွေ့တဲ့ရုပ်အကြောင်းကို မပြောကြားခင် အများလက်ခံနိုင်အောင် သာဓကပြရမယ်ဆိုရင် သမာဓိအပိုင်းကို အကျယ်ဝုတ္တာဖွဲ့ဆိုရမှာဖြစ်ပါတယ်။

**နိုင်ခင်ရွှေ (ဒေါင်)**



## ဝမ်းနည်းကြေကွဲခြင်း

**ဦးမြတ်ဝေ(၇၇)နှစ်**

ရွှေပြည်သာမြို့နေ၊ ဒေါ်လေးယဉ် (အထက်တန်းပြ-ငြိမ်း)၏ ခင်ပွန်း၊ ဓမ္မဝီရဂျာနယ်တွင် ဘာသာရေးဆောင်းပါးများကို ပင်တိုင်ရေးသားလျက်ရှိသော စာရေးဆရာကြီးမြတ်ဝေ (ရွှေပြည်သာ)(ဥက္ကဋ္ဌ-မေတ္တာရွှေပြည်အသင်း)သည် ၂. ၅. ၂၀၀၉ တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း မှတ်တမ်းတင်ပါသည်။

**ဓမ္မဝီရဂျာနယ်မိသားစု**

**ဆရာကြီး(ဦးမြတ်ဝေ)၏ ကိုယ်ရေးအကျဉ်း**

၁။ အမည် ဦးမြတ်ဝေ

၂။ မိဘအမည် (ဦးရွှေထိုက်+ဒေါ်ပဲ)

၃။ မွေးသက္ကရာဇ် ၈. ၁၂. ၁၉၃၂

၄။ အမျိုးသားမှတ်ပုံတင် MGE. 116676

၅။ ပညာအရည်အချင်း I.A, HGP, LLB

၆။ အလုပ်အကိုင် တွဲဖက်ညွှန်ကြားရေးမှူး (ထွေ/အုပ်) တိုင်းမင်းကြီး(ငြိမ်း)

၇။ ဇာတိ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့။

၈။ နေရပ်လိပ်စာ အမှတ် ၂၁၉၊ ကျန်စစ်သားလမ်း၊ သီရိပန်းခြံ၊ (၈)ရပ်ကွက်၊ ရွှေပြည်သာ

၉။ **နိုင်ငံတာဝန်ထမ်းဆောင်ခြင်း**
ဝန်ထမ်းလုပ်သက် ၄၂ နှစ်(လုပ်သက်ပြည့်) ထမ်းဆောင်ခဲ့သည်။

၁၀။ **အမျိုးဘာသာသာသနာအတွက် တာဝန်ထမ်းဆောင်ခြင်း**

(က) လူမှုရေး= ဥက္ကဋ္ဌ ၊ မေတ္တာရွှေပြည်နာရေးကူညီမှုအသင်း၊ ရွှေပြည်သာမြို့။

(ခ) ဘာသာရေး= မြတ်ဝေ(ရွှေပြည်သာ) ကလောင်အမည်ဖြင့် ဘာသာရေးဆောင်းပါးများရေးသားခဲ့သည်။

# နိမိတ္တအာရုံဖြင့် အလောင်းတော်ကဿပကို ဖူးမြော်ခြင်း

**မောင်ဇင်ယော်**



၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့၊ ည ၁၂ နာရီ မိနစ် ၃၀၊ မုံရွာမြို့ ရွှေကျင်ကျောင်းတိုက်မှ ခရီးစတင်ထွက်ခဲ့သည်။ သလ္လာဝတီခေါ် မုံရွာမြို့၏ ညအအေးဓာတ်က တစ်မြို့လုံးကို လွှမ်းခြုံထားသည်။ အလောင်းတော်ကဿပဘုရားဖူး ခရီးသည်များ တင်ဆောင်ထားသည့် အီစုဇူး မှန်လုံကားကလေးသည် နံနက် ၃ နာရီခန့်တွင် ယင်းမာပင်မြို့နယ်၊ ကပိုင်ကျေးရွာသို့ရောက်သည်။

အလောင်းတော်ကဿပရောက်ရန် ၂ မိုင်သွားရဦးမည်ဟု သိရသည်။ ကပိုင်ရွာ အေးမေတ္တာစားသောက်ဆိုင်တွင် နာရီဝက်ခန့် နားနေပြီး ကျွန်တော်တို့ ဘုရားဖူးကားကလေး မိုးသောက်ယံကို ထိုးဖောက်ခရီးနှင်ပြန်ရာ ပွင့်ကြီး၊ ဂုံညှင်းပင်၊ ကျောက်မြောင်း၊ ချောင်းမကြီးမှသည် ဘုရားဝစသော ဒေသများကို ဖြတ်သန်းခဲ့ရသည်။

နံနက် ၅နာရီ ၄၅ မိနစ်ခန့်တွင် အလောင်းတော်ကဿပတောင်ခြေ ဘုရားဝစခန်းကားဂိတ်သို့ရောက်သည်။ ဤစခန်းမှ အလောင်းတော်ကဿပတောင်ပေါ်အရောက် ခြေကျင်သို့မဟုတ် ဆင်စီး၍တက်နိုင်သည်။ ဆင်တစ်စီး လူ ၄ ဦးစီးလျှင် တောင်ပေါ်ဘုရားခြေရင်းအထိ ကျပ် ၅၀၀၀ ပေးရသည်။ ကျွန်တော်အပါအဝင် လမ်းလျှောက်'အကျင့်' ရှိသူတို့ ခြေကျင်တက်ကြသည်။

စိန်ဝင်းနှင့် ရောင်းရင်းများ ဘုရားဖူးကား၏ ဧည့်လမ်းညွှန် ကိုထွန်းထွန်းက တောင်ပေါ်အတက် ဆောင်ရန် ရှောင်ရန်များနှင့် ရန်ကုန်မှ မုံရွာမှ အလောင်းတော် ကဿပအထိ ခရီးစဉ်တွင်သိသင့်သမျှ (ဘုရားသမိုင်း အကျဉ်းမှန်သမျှ) ရှင်းပြသည်။ ဘုရားဝစခန်းတွင် ကြိုတင်ရောက်နှင့်နေသော ရွှေကြေးစည်အဖွဲ့ကိုတွေ့ရသည်။ အပြန်ခရီးတွင် မုံရွာမှ ရန်ကုန်အရောက် 'ရွှေကြေးစည်' ဖြင့် မိမိတို့ အပြန်ခရီးနှင်ရမည်ဖြစ်သည်။

တောရိပ်တောင်ရိပ်ကြောင့် အအေးဓာတ်လွန်ကဲကဲလာသည်။ တောင်ကုန်းတစ်ခုပြီး တစ်ခုကိုကျော်နင်းသည်။ 'တောင်ခိုးဝေဝေ-မြူခြေဆိုင်းဆိုင်း' ကိုသွားသတိရလိုက်သေးသည်။ အလောင်းတော်ကဿပ စံကျောင်းတော်ကုန်းထိပ်ခြေရင်း၊ ဈေးဆိုင်တန်းသို့ ၆း၂၀ နာရီတွင်ရောက်သည်။ ကုန်းထိပ်ကို တက်လိုက်ပြီး စံကျောင်းတော်ထဲအဝင်တွင်ပင်၊ အလောင်းတော် ကဿပရုပ်ပွားတော်ကိုဖူးမြင်ရသည်။ စံကျောင်းအာရုံခံထဲတွင် ရွှေချ၊ ပန်းကပ်၊ ဝေယျာဝစ္စဒါန၊ ဆွမ်းကပ်သူများ ပရိကမ္မဘာဝနာပွားသူများဖြင့် စည်ကားနေသည်။

'ပိပ္ပလိလုလင်. . . ရဟန်းပြုလာခြင်းသည် ငါဘုရားသာသနာအတွက် အားကိုးထိုက်သူ၊ ငါဘုရားနှင့် အတူထား၍ချီးမြှောက်ထိုက်သူဖြစ်လတ္တံ့'။ မြတ်ဗုဒ္ဓက အရှင်မဟာကဿပ အလောင်းအလျာ ပိပ္ပလိလုလင်အပေါ် ကြိုတင်နိမိတ်မြွက်ဟခြင်းဖြစ်သည်။

'သတ္ထာမေ ဘန္တေ ဘဂဝါသာဝကောဟမသ္မိ' အရှင်ဘုရားသည် တပည့်တော်၏ ဆရာဖြစ်ပါသည်ဘုရားဟု ပြန်လျှောက်သည်။ ဗုဒ္ဓက 'ချစ်သား ကဿပ၊ သင်၏လေးစားပူဇော်မှုသည် ဤမြေပြင်ကိုပြုမိငြားအံ့၊ နှစ်သိန်းလေးသောင်းအထုရှိသော ကမ္ဘာမြေကြီးသည် မှုန့်မှုန့်ညက်ညက်

ပြိုပျက်သွားရာသည်။ ၃ ပါးသော သိက္ခာအားဖြင့် နိုင်းရာမမြင် ငါဘုရားသာလျှင် ခံယူနိုင်စွမ်းရှိလှ ပေ၏'

**'ကဿပ သင်သည် မြင့်မြတ်သော အမျိုးဇာတ်ကြောင့် မာနကြီးခဲ့သူဖြစ်သည်။ ထို့ကြောင့် အကြီးအလတ် အငယ်မဟူ သီတင်းသုံးဖော်တို့အပေါ် ပြင်းပြသော အရှက် အကြောက်ဖြင့် ကျင့်သုံးအပ်၏။ ငါဘုရား သာသနာတော်တွင် နေသော သင့်အား ငါဘုရားလောကုတ္တရာအမွေ ပေးခဲ့ပြီ...'**

အလျား ဆယ်တောင်ခန့် ပမာဏရှိ လက်ျာနံစောင်းဖြင့်၊ အနောက်မြောက်သို့ ဦးခေါင်းပြုသော လျောင်းစက်ပုံမဟုတ်၊ ပရိနိဗ္ဗာန်စံဝင်တော်မူပုံရည်မှန်း (ဥဒ္ဒိဿ)ထုလုပ်ထားသော အလောင်းတော် ကဿပအရှင်မြတ်ရှေ့မှောက် အဖူးအမြော် ရောက်ခဲ့ပါပြီ၊ ဘုရားရှင်လက်ထက် အရှင်ကဿပ အလောင်းအလျာအား နိမိတ္တဗျာဒိတ်ပေးတော်မူပုံကို ကြားယောင်မြင်ယောင်နေမိပါသည်။

စံကျောင်းတော် အနောက်မြောက်ဘက် အထက် စောင်းတန်းကုန်းမြင့်တော်ပေါ်တွင် မေတ္တာရေတွင်းရှိသည်။ သောက်သုံး၍ မကုန်နိုင်သော ရေတွင်းဖြစ်သည်။ မေတ္တာရေစင်ကို သောက်ရေသန့်ဗူးဖြင့် ခံယူ၍ဒါနပြုရန် ယူဆောင်ကြသည်။ ယခု အလောင်းတော်ကဿပရှိရာ မဟူတောင်ကို ရှေးက ဂိဇ္ဈကုဋ်တောင်ဟု သမုတ်သည်။ အနောက်တောင်ယွန်းယွန်းတွင် ဂန့်ဂေါမြို့ ရှိသည်။ ဂန့်ဂေါအောက်ဖက်သည် ပုံတောင် အထက်ဖက်သည် ပုံညာဖြစ်သည်။ မြောက်ယွန်းယွန်းတွင် မင်းကင်းမြို့ရှိသည်။ အနောက်တောင်တွင် ထီးလင်းမြို့။ အရှေ့ယွန်းယွန်းတွင် ချင်းတွင်းမြစ်၊ အနီးတွင်မူ ကနီမြို့ရှိသည်။ အရှေ့တောင်တွင်ကား ယင်းမာပင်မြို့နယ်ဖြစ်သည်။

မုံရွာတစ်ဖက်ကမ်းညောင်ပင်ကြီးရွာမှ ကဿပ စံကျောင်းတော်အထိ ၅၇ မိုင်ရှိသည်။ ယင်းမာပင်မြို့ကို ဖြတ်ပြီးသော် မကြာခင် ကပိုင်ရွာ (စံပြကျေးရွာ)သို့ရောက်မည်။ အညာကျေးလက် သဲလမ်းများ၊ ကျောက်မြောင်းမှ ချောင်းမကြီးကို အဖြတ်တွင် ချောင်းများ သဲချောင်းရေ စပ်စပ်ကို ဖြတ်ရသည်။ 'တောနှင့် တောင်စွယ်၊ ငှက်ကယ်လူလို သံချိုနှော၊ ပြောရှာကြတယ်' ဘုရားဖူးယာဉ်ပေါ် ထိုင်လိုက်ပါရင်းက ရှေးခေတ်တောဘွဲ့ စာသားအချို့ကို သတိရမိသည်။

အလောင်းတော်ကဿပသည် မဟူတောင်၊ ပုံတောင်ပုံညာတောင်တန်းတွင် ပါဝင်သည့် ဝေဘူလ(ဝေပုလ္လ)၊ ဝေဘာရ၊ သုနန္ဒရတောင်သုံးလုံးတို့၏ အကြားအလပ်၊ ပုထိုးလုံးချောင်းအတွင်းစီးဝင်သည့် ဘုရားချောင်း၌ တည်ရှိသည်။ (အချို့က စိတ်ကူးဖြင့် မဇ္ဈိမဒေသရှိ ရာဇဂြိုဟ်ကို ဝန်းပတ်နေသော ဝေပုလ္လ၊ ဝေဘာရ၊ ဂိဇ္ဈကုဋ်ဟုဆိုကြခြင်း ဖြစ်သည်။

မဟာမြိုင်တောရှိ မဟူတောင်အမြင့်မှာ ၂၂၇၆ ပေရှိသည်။ ထိုမှ ၁၂၉၃ ပေသို့ ဆင်းသက်သွားရသည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ ဒီဇင်ဘာလ ပွင့်လင်းရာသီမှ ဇန်နဝါရီ၊ ဖေဖော်ရီလ၊ မတ်လ၊ ဧပြီ သင်္ကြန်အထိ အလောင်းတော် ကဿပဖူးမြော်ရန် ရောက်လာကြသည်။

**သဘာဝလိုဏ်ဂူတော်ကြီး**

ဘုရားဖူးများ အလောင်းတော် ကဿပ အရှင်မြတ်အစစ်ရှိရာကို ရည်မြော်ရှိခိုးကြသည်။ စံကျောင်းတော်အရှေ့နားကပ်လျက်တွင် လိုဏ်ဂူသို့ အဆင်းလမ်းရှိသည်။ ကျောက်ထွင်းလှေကားထစ်များပြုလုပ်ထားသည်။ မတ်စောက်သဖြင့် လက်ရမ်းကိုင်ဆင်းရသည်။ အေးစိမ့်စိမ့်ကျောက်လှိုဏ်ဂူအရောက်သွားရသည်။ အပေါ်မော့ကြည့်လျှင် ကျောက်တောင်အဖုအထစ်များက ဝန်းရံနေသည်။ မြေပြင်ချောင်းတွင် ရေစီးစပ်စပ်ရှိသည်။ နှစ်အတန်ကြာက ခုတ်လှဲထားသည်ထင်ရသော ကျွန်းလုံးကြီးများ ရေစီးပြွန်ဝတွင် ကန့်လန့်လဲကျနေသည်။ အပေါ်ကျောက်တောင်မှ စိမ့်ရေများ မိုးရွာသလို တစိမ့်စိမ့်ထွက်ကျနေသည်။ လျှောက်လမ်းပေါ်မှ အမိုးမိုးပေးထားသည်။

ဖြတ်လမ်းတံတားကိုဖြတ်၍ ဘုရားဖူးများ ကျောက်လှိုဏ်ဂူသို့သွားကြသည်။ ကျောက်ဂူထိပ်ရွှေပိန်းချပူဇော်ရာ ကျောက်ချပ်ကြီးရှေ့တွင် တရားဘာဝနာပွားသူ၊ ဆီမီးပူဇော်သူ၊ ရွှေချသူ၊ ဆုတောင်းသူတို့ဖြင့် စည်ကားနေသည်။ ဤကျောက်ချပ်လိုဏ်ဂူအတွင်း အရှင်ကဿပရုပ်ပွား(အလောင်းတော်) အစစ်ရှိသည်ဟု ယုံကြည်ကြသည်။ ဂူဝအကျယ် ၁၅ ပေ၊ အမြင့်ပေ ၂၀ ခန့်ရှိသည်။ အပေါ်မော့ကြည့်လျှင် လှပသော ကျောက်ပန်း၊ ကျောက်စွယ်၊ ကျောက်နို့များကို တွေ့ရသည်။

စံကျောင်းတော် အနောက်နားကပ်လျက်တွင် အာရုံခံတန်ဆောင်းတစ်ခုအတွင်း၌ ကြေးစည်အလုံးပေါင်းများစွာ ဆွဲချိတ်ထားသည်။ (ရှေးရှေးက ကြေးစည်အလုံးပေါင်း ၈၀ ရှိသည်ဟုဆိုပါသည်) အလှူဒါနပြုပြီးခါ၌ အနုမောဒနာအလို့ငှာ ၎င်းကြေးစည်ကြီးများကို ဆွဲရမ်းလှုပ်၍ သာဓုခေါ်ကြသည်။ အနီးတွင် စေတီငယ်တစ်ဆူနှင့် ခေါင်းလောင်းကြီး ၃ လုံးရှိသည်။ ခေါင်းလောင်းတော်၏ ခေါင်းရင်းဖက် ရှေ့နားတွင် မတ်ရပ်ရုပ်ပွား(ရဟန်း)တစ်ဆူရှိသည်။ အနောက်မြောက်ယွန်းယွန်း ကုန်းထက်တွင် (ဖော်ပြပြီး) မေတ္တာရေတွင်းရှိသည်။ ဤမဟူတောင်တွင် ရှေးအခါက လုံးပတ် အတောင် ၂၀ ရှိသော ကျွန်းပင်မောင်နှမ ရှိခဲ့သည်ဟုဆိုပါသည်။

အလောင်းတော် ကဿပတည်ရာ ကုန်းမြေအောက်သို့ တောင်ဖက်မှ 'ချောင်းမကြီး' တောင်ကျချောင်းငုပ်လျှိုးစီးဝင်သည်ဟုဆိုပါသည်။ ၎င်းကုန်းမြေအောက် ရေဝင်ရာအဝကို အထက်ရေစပြစ်၊ ရေစီးထွက်ရာ မြောက်ဖက်အဝကို အောက်ရေစပြစ်ဟုခေါ်ပါသည်။ ၎င်း ငုပ်လျှိုးရေစီးချောင်း အရှည် ပေ ၁၅၀ မှ ပေ ၂၀၀ ရှည်ကြောင်းဆိုပါသည်။ ရှေးယခင် ဘုရားဖူးများ ဆွမ်းအလှူပွဲများကို ရေစပြစ်မှ မျှောချသည်။ အောက်ရေစပြစ်မှ ထွက်လာသော် ဆွမ်းမပါ၊ ခွက်ချည်းသက်သက်သာ ဖြစ်နေသည်ဟုဆိုပါသည်။ အတွေးအယူအမျိုးမျိုး ရှိသော်လည်း ရေစပြစ်နှစ်ခုအကြား ကျောက်သား ကျောက်စွယ်များဖြင့် ထိခိုက်ပွန်းရှမိလျှင် ဆွမ်းစသည်ရေထဲကျကာ မပါလာတော့သည်သာ ဖြစ်သည်ဟု သိပ္ပံနည်းကျ တွေးယူရပါသည်။

ယခုအခါ ရေစပြစ်ချောင်းကောနေပြီ ဖြစ်သည်။ စိမ့်ရေမျှလောက်သာရှိတော့သည်။ ၎င်းလှိုဏ်ဂူရေစပြစ် ချောင်းဝထိပ်၌ ကျွန်းသစ်တုံးများကလည်း ပိတ်ဆို့နေသည်။ ၁၉၂၀ ပြည့်နှစ်အထိ ၎င်းရေစပြစ်ပေါက်မှ ကျွန်းသစ်များ မျှောချခဲ့သည်။ ၁၉၃၈ ခုနှစ် ခရီးသည်တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်းတွင် ရေစပြစ်ချောင်းတစ်လျှောက် စွန့်စားသွားလာလိုသူများကို ရွှေကြိုးများက ပို့ဆောင်ပေးသည်ဟု သိရသည်။ ထိုစဉ်က မြေအောက် ရေစမြစ်ချောင်း အကျဉ်းဆုံးနေရာသည် ၁၀ ပေခန့်ရှိသည်။ ရေနက်သဖြင့် ကိုယ်ရပ်မမီပေ။ ကိုယ်ဖော့သွားရသည်ဆိုပါသည်။ ရှေးနှစ်ပေါင်း ၇၀ ခန့်မှ အလောင်းတော် ကဿပ၏ သဘာဝအံ့ဖွယ်တစ်ခုဖြစ်ပါသည်။ ယခုမရှိတော့ပြီ။


ရှေးက ယင်းအထက်ရေစပြစ်အဝင်ဝ အထက်နားတွင် ရှင်သူငယ်ပေါက်ခေါ် အပေါက်တစ်ပေါက်ရှိသည်။ ၎င်းအပေါက်ထဲသို့ အတောင် ၂၀ ခန့်ဝင်သွားလျှင် အတွင်းပိတ်ဆို့နေသည်။ ခရီးဆုံးဟုဆိုသည်။ ယင်းပိတ်မိလှိုဏ်ဂူထဲတွင် ကဿပအလောင်းတော် အစစ်ရှိသည်ဟုဆိုပါသည်။ ယင်းသို့လျှင် ယခုအခါ ကဿပစံကျောင်းရှေ့ဖက်နား ကျောက်လှေခါးမှ လှိုဏ်ဂူဝသို့ ခက်ခက်ခဲခဲသွားပြီး ပူဇော်နေကြခြင်းဖြစ်ပါသည်။

**ကဿပအလောင်းတော်ဟု ဆိုရာတွင် ဗုဒ္ဓခေတ် အရှင်မဟာကဿပကို ရည်စူးကြသလို အခြားကဿပဖြစ်နိုင်ဖွယ် တစ်ပါးပါးကို ရည်မှန်း ပူဇော်ကြသည်လည်းရှိပါသည်။ ကဿပ ဘုရားရှင်မှစ၍ ဥရုဝေဠကဿပ၊ နဒီကဿပ၊ ဂယာကဿပ၊ အရှင်မဟာကဿပ၊ စိတ္တကရဝိကကုမာရ ကဿပ၊ သာမညကုမာရကဿပ၊ သီဟိုဠ်ကဿပ၊ ကိခ္ခိပူရကဿပ၊ ပေါင်းလောင်း အရှင်ကဿပ (ပုဂံခေတ်)ဟူ၍ အမျိုးမျိုးရှိသည်။** သျှောင်တော်မပါသဖြင့် ရဟန်းကဿပတစ်ပါးပါး ဖြစ်နိုင်သည်ဆိုသည့် ကောက်ချက်လည်းရှိပါသည်။

(စာမျက်နှာ ၃၉ သို့)

# ဖယ်ရှားငြူစူ စိတ်ထားဖြူ

ဇော်နောင်



* ရှေးသရောအခါ ရာဇဂြိုဟ်မှာ
မာဂဓမင်း မင်းပြုခါ။
ဗုဒ္ဓမြတ်စွာ ထိုစဉ်က၊
ဆင်ဖြူတော်ဘဝ။

* မာဂဓမင်း သူ့ထံတွင်၊
သတ်မှတ်ခံရ မင်္ဂလာဆင်။
တစ်နေ့တွင် မြို့ကိုလှည့်၊
ထိုမင်္ဂလာဆင်တော်နဲ့။

* ထွက်ကြည့်ကြတဲ့ လူများစွာ၊
ချီးကျူးထောပနာ။
မင်္ဂလာဆင်တော်အား၊
'တင့်တယ်စွ တကား'။

* သည်စကားကို ထပ်ထပ်ဆို၊
မင်းကြီးနားထဲ ခါးသကို။
မကြားလို သည်စကား၊
ငြူစူစိတ်တွေပွား။

* မခံစားနိုင်တဲ့အဆုံးမှာ၊
မာဂဓမင်းစိတ်ယုတ်မာ။
မင်္ဂလာဆင်တော်အား၊
သတ်ဖို့ရန်ပင် သူစဉ်းစား။

* ဆင်ဦးစီးအားခေါ်ပြီးကာ၊
မာဂဓမင်း မိန့်သည်မှာ၊
မင်္ဂလာဆင်တော်က၊
တက်နိုင်သလား ဝေပုလ္လ။

* ဆင်ဦးစီးက လျှောက်ထားရာ
မှန်ပါ့ဘုရား တက်နိုင်ပါ။
သည်အခါ အမိန့်ချ၊
တက်လော့ ဝေပုလ္လ။

* မာဂဓမင်း ထိုအခါ၊
မှူးမတ်အပေါင်း ခြံရံကာ၊
ကိုယ်တိုင်လိုက်ပါ တောင်ထိပ်ဖျား၊
အကြံယုတ်နဲ့ တက်ခဲ့တကား။

* ဆင်ဦးစီးအား ထိုအခါ၊
မာဂဓမင်း ခိုင်းသည်မှာ။
မင်္ဂလာဆင်တော်အား
ရပ်စေတောင်ကမ်းပါး။

* ဆက်လက်မိန့်ကြား အပ်သည်မှာ၊
ခြေသုံးချောင်းနဲ့ ရပ်ခိုင်းရာ။
ဆင်ဆရာက အချက်ပြ
ခြေထောက်တစ်ချောင်းကြွ။

* ခြေနှစ်ချောင်းနဲ့ ရပ်ပြပါ
တစ်ဖန် ထပ်၍ ခိုင်းစေကာ။
ဆင်ဆရာအချက်ပြ၊
ခြေထောက်နှစ်ချောင်းကြွ။

* သည်ကတစ်ဆင့် ထပ်တက်ကာ၊
ခြေတစ်ချောင်းနဲ့ ရပ်ပြပါ။
ဆင်ဆရာအချက်ပြ
ခြေထောက်သုံးချောင်းကြွ။

* ထိုမှတစ်ဆင့်တက်ပြီးလာ၊
ခြေလေးချောင်းစလုံး မြှောက်ခိုင်းရာ။
ဆင်ဆရာခမျာ သူ့ဆင်အား
နားနားကပ်၍ သူပြောကြား။

* မတရားခိုင်းတဲ့ သည်ဘုရင်
သင့်ကိုသတ်ဖို့ တမင်ဉာဏ်ဆင်။
သင်စွမ်းပါလျှင် ကောင်းကင်ထက်၊
ကျွန်ုပ်ကိုပါ တင်ဆောင်လျက်
ဗာရာဏသီ ခရီးဆက်။

* ရုတ်ချည်းချက်ချင်း အံ့ဖွယ်ရာ၊
ဘုန်းကံကြီးတဲ့ ဆင်မင်္ဂလာ။
ကောင်းကင်မိုးထက် တည်လေပါ။

* သူ့ဆရာပါ ခေါ်၍သွား၊
ကျောက်ကုန်းထက်တွင်ထား။

* နောက်ဆုံးစကား ဆင်ဆရာ၊
ဘုရင်ယုတ်ကို သူစိတ်နာ။
မှတ်ထားစမ်းပါ ဘုရင်မိုက်၊
သည်ဆင်သင်နှင့်မထိုက်။

* တိုက်ရိုက်မနားပျံခဲ့ပြီ၊
ဗာရာဏသီ ထိုတိုင်းပြည်။
ကောင်းကင်မှာ တည်ရပ်တကား၊
ပြည်သူတို့မြင်သွား။

* လှုပ်လှုပ်ရှားရှား ချောက်ချားကာ၊
အုတ်အုတ်ကျက်ကျက်ဖြစ်လေရာ။
ဗာရာပြည့်ရှင် ထွက်လာကြည့်၊
မိဋ္ဌာန်စကားဆိုလေ၏။

* အကယ်တည့်ပင် ဝင်းဆင်၊
ကျွန်ုပ်အဖို့ ရောက်ခဲ့လျှင်။
မြေပြင်ကို ခုချက်ချင်း၊
ကောင်းကင်ပေါ်မှဆင်း။

* မင်းကြီးစကားကြားသောအခါ၊
တင့်တယ်ရုပ်ဆင်း ကြန်လက္ခဏာ။
ဆင်လိမ္မာ မြေသို့ဆင်း၊
ဗာရာမင်းထံ ခဝပ်စင်း။

* ဆင်မင်းကျောထက် ဆင်ဆရာ၊
သူလည်းဆင်မှ ဆင်းသက်ကာ။
ဗာရာမင်းထံ ဦးညွှတ်တွား၊
ပျပ်ဝပ်သူခစား။

* ဗာရာမင်းကား သည်ဖြစ်အင်၊
အကြောင်းစုံကို သူသိချင်။
ဆင်ဆရာက ပွင့်ပွင့်လင်း
ဖြစ်ပျက်ဇာတ်စုံခင်း။

* ဗာရာမင်းကြီး ဘုန်းသမ္ဘာရှင်၊
သူနဲ့ ထိုက်၍ရသည်ပင်။
မင်္ဂလာဆင် ရောက်လေက၊
ဘုန်းမိုးသွန်းဖြိုး ဖြိုင်ဖြိုင်ကျ။

* ဇမ္ဗူဒီပ ကျွန်းတစ်ခွင်၊
ရှိရှိသမျှ မင်းအပေါင်းလျှင်။
ဗာရာပြည့်ရှင်မင်းထံသို့၊
မာန်ချဝတ်တွား မြဲအောက်ကြို့၊
လက်ဆောင်ပဏ္ဏာဆက်သွင်းပို့။

* ဤသို့ဖြစ်လာရသည်မှာ၊
မင်္ဂလာဆင်ရဲ့ ကျေးဇူးမဟာ။

မမေ့ပါ သူမြောက်စား၊
ဆင်ဆရာနဲ့ ဆင်သမား။

ဇော်နောင်

**အတိတ်၏ ပုံရိပ်**

အခါတစ်ပါး ဗုဒ္ဓရှင်တော်ဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ ခိုက်မှာ ယခုဒုမ္မေဇာတ်ကို ဟောကြားတော်မူခဲ့ပါသည်။ ဒေဝဒတ်ကိုအကြောင်းပြု၍ ဟောကြားခဲ့ခြင်းဖြစ်သည်။ တစ်ခုသော တရားသဘင်မှာ ရဟန်းတို့သည် ဒေဝဒတ်၏အကြောင်းကို ပြောဆိုနေကြသည်၊ ဒေဝဒတ်သည် ဘုရားလုပ်သမျှ၊ ဘုရားဟောသမျှ မည်သည့်ကိစ္စမှအကောင်းမမြင်၊ အဆိုးမြင်ဝါဒဖြင့်သာ ကြည့်တတ်သော ပုဂ္ဂိုလ်ဖြစ်သည်။

မြတ်စွာဘုရားရှင်၏ ကောင်းသော လာခြင်း၊ အသွယ်သွယ်သော ရောင်ခြည်တော်တို့ဖြင့် တင့်တယ်ခြင်း၊ ဘုရားမည်သည်မှာ သီလ၊ သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ်၊ ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံကုန်၏ဟူ၍ ဆိုအပ်သော ကျေးဇူးစကားကိုကြားရသော် သည်းမခံနိုင်တော့ချေ။ ငြူစူခြင်းကိုသာပြုတတ်၏။ ကျေးဇူးမဲ့ကြောင်းကို ပြောဆိုနေမိကြသည်။

ထိုစဉ် ရဟန်းတို့၏ တရားသဘင်သို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြွမြန်းလာပါသည်။ 'ရဟန်းတို့ မည်သည့်အကြောင်းကို ပြောဆိုဆွေးနွေးနေကြသနည်း' ဟု မေးတော်မူရာ ရဟန်းတို့က အရှင်ဘုရား ဒေဝဒတ်၏ ကျေးဇူးမသိတတ်မှု၊ ငြူစူစိတ်ပြင်းထန်မှုအကြောင်းကို ပြောဆိုဆွေးနွေးနေခြင်းဖြစ်ကြောင်းပြန်လည် လျှောက်ထားသည်။

ထိုအခါ မြတ်စွာဘုရားရှင်က ရဟန်းတို့အား 'ရဟန်းတို့ ဒေဝဒတ်သည် ယခုမှသာ ဤသို့ပြုသည်မဟုတ် ရှေးကလည်း ဤကဲ့သို့ ပြုခဲ့ဖူးလေပြီ' ဟူ၍ အတိတ်ကိုဆောင်သောအားဖြင့် ဤဇာတ်ကို ဟောကြားတော်မူခဲ့ပါသည်။

ဇာတ်ပေါင်းလျှင်
ဟိုအခါက မဂဓမင်းသည် ဒေဝဒတ်
ဟိုအခါက ဗာရာဏသီမင်းသည် ယခုရှင်သာရိပုတ္တရာ၊ ဟိုအခါက ဆင်ဆရာမှာ ယခုရှင်အာနန္ဒာ ဟိုအခါက မင်္ဂလာဆင်တော်မှာမူ ယခုဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးဖြစ်သတည်း။

ဇော်နောင်
ကျမ်းကိုး
ဒုမ္မေဇာတ်
ငါးရာ့ငါးဆယ်ဇာတ်နိပါတ်
(ညောင်ကန်ဆရာတော်)

(စာမျက်နှာ ၃၇ မှ)

**အများအယူကား ဗုဒ္ဓလက်ထက် အရှင်မဟာကဿပ သို့မဟုတ် ပေါင်းလောင်အရှင်ကဿပ ဖြစ်သည်။**

အရှင်မဟာကဿပသည် ရာဇဂြိုဟ်ပြည်ပတ် တောင်ငါးလုံးအနက် ဝေဘာရတောင်၊ စရည်းပင်ပေါက်ရာ လိုဏ်ဂူဝတွင်၊ ပဌမသံဂါယနာတင်သည်။ ထိုဝေဘာရတောင်၌ပင် ပရိနိဗ္ဗာန်ပြုသည်ဟု ကဿပသံယုတ် အဋ္ဌကထာတွင် ဖွင့်ဆိုထားသည်။ ရာဇဂြိုဟ်ပြည်ကြီးကား အချင်းတစ်ယူဇနာကျယ်သည်ဆိုသောကြောင့် ယခုအလောင်းတော်ကဿပတည်ရာမြေနှင့်စာလျှင် ကွာဟချက်ရှိသည်ဟုဆိုကြပြန်သည်။

**ဒုတိယအဆိုမှာ သက္ကရာဇ် ၅၃၆ ခုနှစ်**နန်းတက်ပုဂံပြည့်ရှင် နရပတိစည်သူမင်းလက်ထက်အကျော်ဒေးယျဖြစ်ခဲ့ဖူးသော ပေါင်းလောင် အရှင်ကဿပဖြစ်ပါသည်။ ပေါင်းလောင်အရှင်ကဿပသည် ထီးလင်းစီရင်စု ပေါင်းလောင်ရွာ ဇာတိဖြစ်သည်။ ပုဂံမြို့တောင်ဘက် တစ်တိုင်ကွာတောရ ကျောင်းတွင် သီတင်းသုံးသည်။ ဆရာတော်သည် သီဟိုဠ်သို့ကြွ၍ ဘုရားအနှံ့ဖူးကာပြန်လာသည်။ ဆရာတော်နှင့် အတူ ဓာတ်တော် ၃၇ ဆူ၊ မေးရိုးတော် တစ်ဆူပင့်ဆောင်လာသည်။ ဓာတ်တော်များ ဌာပနာ၍ အထက်အညာဒေသအနှံ့ ဘုရားတည်သည်။ ဘုရားတည်ရာ၌ သီတင်းသုံးသည်။ ယောနယ်ဖက်သို့လည်း သာသနာပြုကြွသည်။ တစ်ခါတွင် မြင်းမူတောကျောင်းမှ အမြင့်တောကျောင်း၊ ထိုမှဖြတ်လျှင် ယောနယ်သို့အသွား ယခုမဟူတောင်နှင့် ပုံတောင်ပုံညာဆုံရာနေရာတွင် ပရိနိဗ္ဗာန်ပြုသည်။ ကိုယ်စားတော် အလောင်းတော်ပုံသဏ္ဌာန်ထုလုပ်ကိုးကွယ်သည်။ ထိုမှ ယခုအထင်အရှားအလောင်းတော်ကဿပဖြစ်လာသည်။ ပျံ့နှံ့ကျော်စောလာသည်ဟုဆိုသည်။


**တတိယအဆိုမှာ မေဓာလင်္ကာရပရမသဒ္ဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ** ပြည်ဆရာ တော်ဘုရားကြီးအလိုတော်ဖြစ်သည်။ တောင်ကြားရွာသား အရှင်ကဿပရဟန်းတစ်ပါးရှိခဲ့ဖူးပါသည်။ သက္ကရာဇ် ၇၆၃ ခုနှစ် နန်းတက်သော ပဌမမင်း ခေါင်လက်ထက်တွင် တောင်ကြားရွာမှ ရဟန်းတော်အရှင်ကဿပသည် သီဟိုဠ်ကျွန်းတွင် ပရိယတ္တိစာပေသင်ယူတတ်မြောက်ပြီး မြန်မာပြည် သို့ ပြန်ကြွလာသည်။ မုံရွာတောင်ဘက်ချင်းတွင်း မြစ်အရှေ့ဖက်ကမ်းရှိ အမြင့်မြို့အနီး ရွှေလှေ အရပ် ၌ ကျောင်းတိုက်တာတည်ပြီး ရဟန်းသာမဏေတို့အား စာပေကျမ်းဂန်သင်ကြားပေးသည်။ ကြည်ညို လွန်း၍ သိန္ဓီစော်ဘွား၊ မင်္ဂလာစော်ဘွားစသည်တို့ ကိုးကွယ်ကြသည်။ လူသူများလာ၍ စက်ဆုတ်မှု ဖြစ်ကာ အနိမ့်အရပ်သို့ ပြောင်းရွှေ့သီတင်းသုံးသည်။ ရှေးနည်းတူ ဆည်းကပ်သူ ပရိသတ်များ လာပြန်ရာ မုံရွာအနောက်ဘက်ရှိ ကျောက်မျက် အရပ်သို့ ပြောင်းရွှေ့သီတင်းသုံးသည်။ ဆေးအကြောင်းတတ်ကျွမ်းလှသည် ကျော်စောပြန်သဖြင့် လူသူပရိသတ်များလာပြန်သည်။ ထိုကျောက်မျက်အရပ်မှ ခရီးအတော်ဝေးသော (ခရီးတစ်သောင်းငါးတိုင်ဟုဖော်ပြသည့်) တောင်ခြေရင်းကို ငသလောက်ခေါင်ပြောင်အရပ်သို့ ကြွရောက်သီတင်းသုံးသည်။ ထိုအရပ်သို့လည်း လူသူပရိသတ် အရောက်အပေါက်များလာသဖြင့် ဆူညံသံကင်းသော အရပ်ကို ရှာဖွေကြွချီပြန်သည်။ တောင် ၃၅ လုံးကိုကျော်လွှား၍ သွားရသော ယခု အလောင်းတော်ကဿပတောင်ကမ်းပါးယံအနီး၌ ဇေတစာကျင့်သီတင်းသုံးတော်မူသည်။ ရှေးဘုန်းကံ ပါရမီကြောင့် အကျော်အစောရှိပြီး ကိုးကွယ်သူ ပရိသတ်များလာပြန်သည်။ ရဟန္တာဟု သမုတ်၍ပင် ကိုးကွယ်လာသည်။ ထိုရဟန်းအရှင်ကဿပသည် ထိုနေရာ၌ပင် တစ်သက်တာလုံး သီတင်းသုံး၍ ပရိနိဗ္ဗာန်ပြုသည်ဟု အဆိုရှိသည်။ ပျံလွန်တော်မူသော နေရာ၌ အလောင်းတော် ပုံသဏ္ဌာန်အင်္ဂတေအုတ်ရိုးဖြင့် တည်ထားကိုးကွယ်သည်။ (မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၄ အလောင်းတော် ကဿပ)

ဗုဒ္ဓဝါဒစတင်ပြန့်ပွားရာ ပုဂံခေတ်မှသည် အင်းဝခေတ် အထိကောက်ကြောင်းယူမိသည်။ အရည်ဝါသီတောရပ်မှီ ရဟန်းများကြွရောက်ကြမည်သာဖြစ်သည်။ သရဏဂုံ ၃ ပါး၊ ဦးထိပ်ရွက်လျက်အလောင်းတော် ကဿပဘုရားဖူးအပြန်ခရီးကားချောမွေ့ပါသည်။ ဓမ္မအတွေးများ ပြန့်ပွားပါစေဟုဆန္ဒပြုရပါသည်။ ဘုရားဖူး သူတော်စင်တို့၏ အဇ္ဈတ္တ၌ တည်ရာအမှန်၊ အသွင်သဏ္ဌာန်ကို ဝေဖန် ပိုင်းယူ ချင့်တွက်ယူ၍ တူညီညွတ်တွားဦး ခိုက်ကြပါ စို့ဟုပင် တိုက်တွန်းလိုက်ရပါသည်။

မောင်ဇင်ယော်

**ကျမ်းညွှန်း**

(၁) ၂၀ ရာစုမျက်မှောက် အလောင်းတော် ကဿပ
(၂) မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၄) 'အလောင်း တော်ကဿပ'
(၃) ခရီးသွားမှတ်စု



ဓမ္မဝီရသည် ဗုဒ္ဓ၏ ထေရဝါဒဓမ္မ တရားစစ် တရားမှန် ထွန်းကားရန်ဖြစ်သည်

ဓမ္မဝီရဂျာနယ်

DhammaVira Journal

ဓမ္မဝီရ
ရသအမှန်၊ တရားမှန်သော
အားခွန်ပြည့်ဝ၊ နှလုံးလှ၍
ဘဝအနေ၊ အလှဝေလျက်
အနေလည်းတတ်
အသေမြတ်အောင်
မစွတ်ယောက်ပုံ၊ ကူညီအုံး
ဖော်နေ့ဝင်

International Religious network media NEWS

Dhamma Dew

# Buddhist Principle For Human Dignity

## လူ့ဂုဏ်သိက္ခာဆိုင်ရာ ဗုဒ္ဓဝါဒဓမ္မအခြေခံကျင့်ဝတ်များ

**By Ven.Dr.K.Sri Dhammananda, Nayake Maha Thera. JSM., Ph.D., D.Litt.**
**TRANSLATED Into Myanmar Language**
**by Dhamma Vira Thandar, ITBM University, Yangon.**

ဓမ္မဝီရ-သန္တာ ပြန်ဆိုတင်ပြသည်



(Continue From last week)

Almost all other living beings are slowly becoming extinct because of the selfish desire of human beings arising from minds which are not trained properly.

ဤကမ္ဘာလောကကြီး၌ မှီတင်းနေထိုင်ကြကုန်သော အခြားသော သက်ရှိသတ္တဝါအားလုံးလိုလိုတို့သည်လည်း တစ်ဖြည်းဖြည်း တစ်စတစ်စဖြင့် ဆက်လက်ရှင်သန်နေထိုင်နိုင်ခြင်းမရှိတော့သည့် အခြေအနေဆိုးကြီးသို့ ဆိုက်ရောက်သွားပေလိမ့်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတစ်ဦးတစ်ယောက်၏ ဆင်ခြင်ထိန်းချုပ်ခြင်းငှာ မစွမ်းနိုင်တော့သော တစ်ကိုယ်ကောင်းဆန် ကိုယ်ကျိုးစီးပွားတစ်ခုတည်းအတွက် လောဘရမက်ငန်းငန်းတက်မှုကြောင့် ကမ္ဘာလောကကြီးတစ်ရပ်လုံး ဆိတ်သုဉ်းခမ်းခြောက်သွားဖွယ်ဖြစ်ချေသည်။

They pollute water and air and destory the environment saying that they are developing it, while in fact they are bent on destruction. We must admist that other living beings do not destroy anything to the extent that human beings do.

ရေနှင့်လေထုညစ်ညမ်းစေမှုဖြင့် လူ့ဘောင်လူ့လောက လူ့ပတ်ဝန်းကျင်တစ်ဝန်းလုံးကို လုံးဝသုံးစွဲ၍ မရနိုင်တော့လောက်အောင် မရိုးမဖြောင့်သော သဘောထားများဖြင့် လူသားတို့ကသာ ဖျက်ဆီးပစ်ခဲ့ကြခြင်းဖြစ်လေသည်။ ဤကမ္ဘာလောကကြီးအတွင်းရှိ အခြားတစ်ပါးသော သက်ရှိသတ္တဝါများအနေဖြင့် လူ့ဘောင် လူ့လောက လူ့ပတ်ဝန်းကျင်ရှိ အရာခပ်သိမ်းတို့ကို ဖျက်ဆီးပစ်ကြရာ၌ လုံးဝမပါမဝင်ကြခြင်းအားဖြင့် လောကဖြစ်စဉ်သမိုင်းကို ကြီးကျယ်စေခဲ့ကြသည်ဟု ကျွန်ုပ်တို့ လူသားများက အမှန်အတိုင်းဝန်ခံထုတ်ဖော်တင်ပြနိုင်ကြရပေမည်။

THREE NATURES IN HUMAN LIFE

As human beings, we have three characteristics or natures, namely animal nature, human nature and divine nature. We do not have to wait for rebirth in a heaven or hell to experience. this. Animals have limited power of reasoning but by using our intelligence. humans can subdue or control our animal nature and by doing so, we cultivate our human nature and even discover the divine nature in us.

**လူတို့၏ ဘဝဖြစ်တည်မှုသဘာဝတရားသုံးပါး**

လူတို့၏ ဘဝဖြစ်တည်မှုအတွက်လိုအပ်သော ဝိသေသလက္ခဏာသုံးပါး သို့မဟုတ် သဘာဝတရားသုံးပါးရှိလေသည်။ ယင်းဝိသေသလက္ခဏာသဘာဝတရားသုံးပါးတို့မှာ တိရစ္ဆာန (တိရစ္ဆာန်)သဘာဝ၊ မနုဿ(လူ့)သဘာဝနှင့် ဒေဝလောက (နတ်) သဘာဝတို့ဖြစ်လေသည်။

ကျွန်ုပ်တို့ လူသားများအဖို့အရာ မဂ္ဂဘုံ၊ သို့မဟုတ် နိရိယ(ငရဲ)ဘုံတို့၌ ကျင်လည်မွေးဖွားဖြစ်တည်ရမည့်အရေးကို မျှော်မှန်းတမ်းတ၍ နေကြရမည်မဟုတ်ပေ။

တိရစ္ဆာန်တို့၏ ဘဝများတွင် အကန့်အသတ်နှင့် ရှိသည့်စိတ်ကူးနှင့် ထင်မြင်ချက်များသာရှိကြလေသည်။ သို့သော် လူသားတို့၏ သင်ယူနားလည်တွေးတောနိုင်စွမ်းရှိသည့် ဉာဏ်ရည်ဉာဏ်သွေးကိုအသုံးပြု၍ တိရစ္ဆာန်များအား နားလည်လုပ်ဆောင်နိုင်အောင် သင်ပြပေးနိုင်ကြလေသည်။

ကျွန်ုပ်တို့လူသားအပေါင်းတို့သည် တိရစ္ဆာန်တို့အပေါ်၌ ၎င်းတို့၏ ပင်ကိုသဘာဝအမူအကျင့်ဓလေ့စရိုက်များကို အနိုင်ကျင့်ချိုးနှိမ်ထားခြင်း သို့မဟုတ် ထိန်းချုပ်ထားခြင်းဖြင့် လွှမ်းမိုးချုပ်ခြယ်၍ ထားရှိကြသကဲ့သို့ ကျွန်ုပ်တို့တွင် ရှိနေကြသည့် တိရစ္ဆာန်(ဗီဇ) စိတ်သဘာဝများကိုလည်း ချိုးနှိမ်ဖြောက်ဖျက်ကြလျက် ကျွန်ုပ်တို့၏ လူ့သဘာဝစိတ်နှင့် နတ်ဒေဝတာတို့၏ သဘာဝစိတ်များဖွံ့ဖြိုးတိုးတက်ဖြစ်ပေါ်နေစေရန် ပြုစုပျိုးထောင်ကြရမည် အမှန်ဖြစ်သည်။

● စာမျက်နှာ ၂၄ သို့